မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၂၈)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ ကြာသပတေးနေ့။

နေ့ ည မကွာ မင်္ဂလာ

- ကလေးအရွယ် လိမ္မာနှင့်ပါမှ၊ ကြီးရင့်က လိမ္မာမည်
- မလိမ္မာ ပြည်ထောင်စုကြလျှင်၊ ကောင်းမှု မတည်
- ကလေးတို့နေပြည်၊ တည်စေဖို့ စိတ်စော။
- နံနက်မင်္ဂလာနှင့်၊ နေ့မကွာ ညဥ့်ပါသုံးလို့ရယ်၊ ပြုံးကြစေသော။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးခေါင်းဆောင်များအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် မစ္စတာဝမ်ဘာဒမ် ဦးဆောင်သည့် စီးပွားရေးခေါင်းဆောင်များအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဗိုလ်ချုပ်ဂုဏ်ရည်၊ ဦးညွှတ်သည်

ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀)ပြည့် ဂုဏ်ပြုကဗျာ
စာမျက်နှာ-၂

အထင်ကရသူရဲကောင်း

ဗိုလ်ချုပ်အောင်ဆန်း နှစ် (၁၀၀)ပြည့် မွေးနေ့ဂုဏ်ပြုဆောင်းပါး
စာမျက်နှာ-၆

ရှေးဟောင်းကားများဖြင့် ကားချစ်သူများ လာရောက်ကြမည့် The Road to Mandalay ခရီးစဉ် စတင်တာထွက်လာ

ရန်ကုန် ဖေဖော်ဝါရီ ၄

သတင်း-ခင်ရတနာ ➤ ဓာတ်ပုံ-မေဦးမိုး

ရှေးဟောင်းမော်တော်ယာဉ်များအဖွဲ့၏ ပထမဆုံးသော မြန်မာနိုင်ငံအတွေ့အကြုံအဖြစ် The Road to Mandalay အစီအစဉ်ကို ဖေဖော်ဝါရီ ၂ရက်က စတင်ခဲ့ပြီး စင်ကာပူနိုင်ငံမှ စတင်ကာ မလေးရှား၊ ထိုင်းနိုင်ငံတို့ကိုဖြတ်သန်းမောင်းနှင်ခဲ့ကြောင်း၊မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီ ၂၅ ရက်အထိ ထင်ရှားသောနေရာများသို့ သွားရောက်မည်ဖြစ်ကြောင်း Endurance Rally Association က သတင်းထုတ်ပြန်သည်။

အဖွဲ့ဝင် ၇၀ ခန့် ပါဝင်ပြီး ၁၉၀၇ ခုနှစ်ထုတ် မော်တော်ယာဉ်အပါအဝင် ရှေးဟောင်းမော်တော်ယာဉ်များမောင်းနှင်စီးနင်းလာကြသည့် The Road to Mandalay ခရီးလမ်းအကွာအဝေးမှာ ၁၀၇၅ ကီလိုမီတာရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂ ရက်တွင် စင်ကာပူနိုင်ငံမှ စတင်တာလွှတ်ခဲ့ပြီး ဗြိတိန်၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ရှေးဟောင်း မော်တော်ယာဉ်အဖွဲ့ဝင်များက မောင်းနှင်လာကြမည်ဖြစ်သည်။

မြဝတီနယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဖြတ်ကျော် *စာမျက်နှာ ၇ ကော်လံ ၁* ❁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အမျိုးသမီးများအား ကာကွယ်ရေးအလေးထား

မြန်မာနိုင်ငံသည် အမျိုးသမီးများအခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသောနိုင်ငံများတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ဥပဒေအရအကာအကွယ်ပေးနိုင်ရေးအတွက် အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို ရေးဆွဲနေပြီဖြစ်ကြောင်း ကြားသိရပါသည်။

အမျိုးသမီးများအပေါ် ကာယိန္ဒြေနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု မပြုနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေတို့တွင် ပြစ်မှုအမျိုးအစားအလိုက် အကာအကွယ်ပေးထားပါသည်။ အနိမ့်ဆုံးပြစ်မှုဖြစ်သည့် အမျိုးသမီး ကာယိန္ဒြေကိုစော်ကားရန် ရည်ရွယ်သောစကား၊ ကိုယ်အမူအရာတို့ဖြင့် ကျူးလွန်ပါက ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်နိုင်ပြီး အမြင့်ဆုံးပြစ်မှုများဖြစ်သည့် မုဒိမ်းမှု၊ အတင်းအဓမ္မထိမ်းမြားပေးစားရန် သွေးဆောင်ခိုးယူမှု၊ ၁၈ နှစ်အောက် မိန်းကလေးငယ်များအား ပြည့်တန်ဆာအဖြစ် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ဝယ်ယူခြင်း၊ လက်ခံခြင်း ပြုလုပ်မှုတို့အပြင် လူကုန်ကူးမှုကို ကျူးလွန်ပါက ထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ ပါဝင်သည့် ကော်မတီသုံးရပ်ဖွဲ့စည်းပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းကို ရေးဆွဲလျက်ရှိရာ အခန်း ၁၁ အထိ ရေးဆွဲဆောင်ရွက်ပြီးကြောင်း သိရပါသည်။

ဤဥပဒေပေါ်ထွန်းလာခြင်းဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရာတွင် ထိရောက်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ ဥပဒေအရ ထိရောက်စွာဆောင်ရွက်ခြင်းသည် ထိရောက်သောကာကွယ်တားဆီးမှုလည်း ဖြစ်ပါသည်။ ဥပဒေအရထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ခြင်းမရှိချေက တရားဥပဒေစိုးမိုးမှုအားနည်းကာ အမှုအခင်းများတိုးပွားလာနိုင်ပါသည်။ အထူးသဖြင့် မုဒိမ်းမှု၊ လူကုန်ကူးမှုများကို ထိရောက်သောပြစ်ဒဏ်များချမှတ်ခြင်းဖြင့် အမှုအခင်းများ လျော့ပါးလာမည်ဖြစ်ပါသည်။ သို့ပါ၍ အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရာတွင် ပြစ်မှုဆိုင်ရာဥပဒေအရသော်လည်းကောင်း၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေအရသော်လည်းကောင်း တားဆီးနိုင်ရေး အလေးထား ဖော်ဆောင်သင့်ပေကြောင်း။ ။

ပြည်တွင်းသတင်း

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေး ဦးတည်ချက်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
၂။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင်တည်ဆောက်ရေး။
၄။ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အတူတကွပူးပေါင်းနေထိုင်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

ခေါင်းဆောင်မှု

တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုဟာ လူတစ်ဦးတည်းက ခေါင်းဆောင်မှုမျိုးမဟုတ်ဘဲနှင့် အဖွဲ့နှင့် ခေါင်းဆောင်မှုမျိုး ဖြစ်ရမယ်။ အဖွဲ့ရဲ့ဆန္ဒမဟုတ်ဘဲ ငါ့ဆန္ဒ၊ ငါ့သဘောလုပ်တဲ့ ခေါင်းဆောင်မှုမျိုး မဟုတ်ဘဲ၊ အဖွဲ့ရဲ့ဆန္ဒယူပြီး အဖွဲ့ရဲ့ အုပ်ချုပ်ရေးအောက်မှာရှိတဲ့ ခေါင်းဆောင်မှုမျိုးဖြစ်ရမယ်။ (၁၉၄၅ ခုနှစ်၊ ဩဂုတ်လ စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ဗိုလ်ချုပ်ဂုဏ်ရည်၊ ဦးညွှတ်သည်

* တိုင်းပြည်အတွက်၊ မဖက်ကိုယ်ကျိုး
ရိုးသားတည်ကြည်၊ ယုံကြည်မြဲမြဲ
သန္နိဋ္ဌာန်ဖြင့်၊ နိုင်ငံအတွက်
သွေးအသက်ကို၊ ပေးဆက်ဝံ့စား
ဇာနည်ဘွားတည့်၊ ကျားဆိုမှ ကျား
ရှာမှရှားသည်၊ လေးစားထိုက်သူ
သူလိုလူကား၊ ဇမ္ဗူကျော်ဝှမ်း
ဗိုလ်ချုပ်အောင်ဆန်းတည်း ။

* ချစ်ကြည်ငြိမ်းချမ်း၊ သူမျှော်မှန်းခဲ့
ဖြစ်တည်စိမ်းလန်း၊ သူကြိုးပမ်းခဲ့
တိုင်းဝှမ်းမြန်ပြည်၊ သာဖို့ပေ ။

* စံပြုထိုက်သူ၊ သူလိုလူတည့်
ပြည်သူချစ်ပန်း၊ ဗိုလ်ချုပ်အောင်ဆန်း
သက်တမ်း၊ ရာပြည့်တိုင်ခဲ့ပြီ
တ -လွမ်း၊ မမေ့နိုင်ခဲ့ပြီ
ရည်မှန်း ဦးညွှတ်ဂုဏ်ပြုသည်။ ။

(ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ နှစ်(၁၀၀) ပြည့်ကို ဂုဏ်ပြုလျက်)

ချမ်းမြဆောင်း(ကလေ)

ပြည်ထောင်စုဖွား တိုင်းရင်းသား လက်တွဲညီညီ ရှေ့သို့ချီ

ရေးမြို့နယ် ကဗျာဝကျေးရွာအနီး အပန်းဖြေစခန်းတစ်ခုဖွင့်လှစ်မည်

ရေး ဖေဖော်ဝါရီ ၄

မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ကဗျာဝကျေးရွာအနီးမှ တောင်ဘက်မကျည်းချောင်းဝအထိ ရှစ်မိုင်ရှည်သော ကမ်းခြေတစ်လျှောက်တွင် အပန်းဖြေစခန်းတစ်ခုကို အမေရိကန်ဒေါ်လာ ၁၂ သန်း ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် Aurum Company Limited ကုမ္ပဏီက မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးနေသည်ဟုတာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါအပန်းဖြေစခန်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ယမန်နှစ်ဧပြီလမှစ၍ မွန်ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဇူလိုင်လတွင် ရှေ့ပြေးကွင်းဆင်းကြည့်ရှုပြီး လေ့လာတွေ့ရှိမှုများကို ပြည်နယ်အဆင့် သက်ဆိုင်ရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ပထမအဆင့်အနေနှင့် ဒေါ်လာ ၁၂ သန်း လျာထားကာ အခြေအနေပေါ်မူတည်၍ တိုးချဲ့ဆောင်ရွက်သွားမည်ဟု လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

ယင်းကဗျာဝကမ်းခြေသည် ရေးမြို့နယ်တွင် သာယာလှပသော ကမ်းခြေတစ်ခုဖြစ်ပြီး ရေးမြို့နှင့် မဝေးကွာသော်လည်း ယခင်က လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် သွားရောက်အပန်းဖြေသူနည်းပါးခဲ့ခြင်းဖြစ်သည်။

ယခုအခါ ရေးမြို့နှင့်ကဗျာဝတံတားတည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့်အတွက် အဆိုပါကုမ္ပဏီက ကမ်းခြေတစ်လျှောက်တွင်အဆင့်မြင့် အခန်း ၁၂၀ ပါဝင်သည့် ဘန်ဂလိုများ၊ ဟိုတယ်၊ ရုံးခန်း၊ ယာဉ်ရပ်နားစခန်း၊ ဝန်ထမ်းအိမ်ရာ၊ နားနေဆောင်၊ အရိပ်ရပင်များ၊ နှစ်ရှည်စားသုံးသီးနှံပင်များ၊ ရေကူးကန်၊ ကလေးကစားကွင်းများ၊ အများပြည်သူတို့ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန်အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ပါဝင်စားသည့် အပန်းဖြေကမ်းခြေတစ်ခု မွန်ပြည်နယ်၌ မကြာမီအချိန်တွင် ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း သိရသည်။ (၁၀၈)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၅၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၄၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၅၀၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၆၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၈၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၃၅၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၂၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၄၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၅၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၆-၁၀၃၀
ဥရောပ	တစ်ယူရို	၁၁၈၀-၁၁၉၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၅-၇၈၀
ထိုင်း	တစ်ဘတ်	၂၉.၆-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၅-၃၃၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၅၀၀-၁၈၀၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၅၈၀၀-၁၆၂၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၀၆
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၆၀-၃၃၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၇၅၀-၂၇၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၅၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၈၀-၆၀၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၅၀၀-၂၇၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၂၀၀-၅၅၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

မီဒီယာများအနေဖြင့် မိမိကျင့်ဝတ်၊ တရားရုံးကျင့်ထုံးများနှင့်အညီ တရားရုံးအသီးသီးသို့ သတင်းရယူဆောင်ရွက်နိုင်ပြီ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ အဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် **"ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး"** သည် အခြေခံကျသော တရားစီရင်ရေးမူတစ်ရပ်ဖြစ်ပါကြောင်း၊ ယင်းအခြေခံမူသည် တရားစီရင်ရာတွင် ဘက်လိုက်မှု ကင်းရှင်းစေရန်မရှိမဖြစ်လိုအပ်ချက်ဖြစ်သကဲ့သို့ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမှ ဝင်ရောက်ခြယ်လှယ်ခြင်း၊ ဩဇာလွှမ်းမိုးခြင်း မရှိစေရန်ဖြစ်ကြောင်း၊ အဆိုပါ လွတ်လပ်မှုကိုကျင့်သုံးရာတွင် တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များသည် လွတ်လပ်စွာ ဆောင်ရွက်ကြောင်း တာဝန်ခံနိုင်ရမည့်အပြင် ထိုသို့ဆောင်ရွက်သည်ကို အများသိမြင်စေရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သို့အတွက် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည်သူနှင့်မီဒီယာများအား ပိုမိုပွင့်လင်းမြင်သာစွာ သိမြင်စေရန်နှင့် သိရှိလိုသည်များကို ဖြေကြားနိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်တရား လွှတ်တော်များတွင် သတင်းပြန်ကြားရေးအရာရှိများနှင့် တရားရုံးအသီးသီးတို့တွင် တရားရုံးသတင်းပြန်ကြားရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်၍ သတင်းပြန်ကြားရေးကိစ္စများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့ပါ၍ မီဒီယာများအနေဖြင့် မိမိကျင့်ဝတ်၊ တရားရုံးကျင့်ထုံးများနှင့်အညီ သတ်မှတ်ထားသောနည်းလမ်းဖြင့် တရားရုံးအသီးသီးသို့လာရောက် သတင်းရယူခြင်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ပြည်သူများ၏ သတင်းအချက်အလက်ရယူခွင့် (Access to Information) နှင့် တရားရုံး၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိအောင် ပွင့်လင်းမြင်သာမှု (Transparency) ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏တရားမျှတမှု လက်လှမ်းမီရေး (Access to Justice) နှင့် လူထု၏အသိအမြင် မြှင့်တင်ရေး (Promote Public Awareness) သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေး မဟာဗျူဟာ စီမံကိန်းအစီအစဉ်တွင် ပါဝင်ပါကြောင်းပြောကြားသည်။

ထို့ပြင် မှုခင်းများစစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ ပြစ်မှုဆိုင်ရာ အမှုပေါင်း ၁၅၀၇ မှုလက်ခံရရှိပြီး ၁၂၀၉ မှုစစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၉၈ မှုကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၂၈၈၈ မှု လက်ခံရရှိပြီး ၂၀၃၉ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၈၄၉ မှု ကျန်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များမှာ ပြစ်မှုဆိုင်ရာအမှုပေါင်း ၉၁၇၆ မှုလက်ခံရရှိပြီး ၆၄၀၅ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၇၇၁ မှုကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၆၁၂၀ မှု လက်ခံရရှိပြီး ၃၇၄၃မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၃၇၇ မှုကျန်ရှိကြောင်း၊ ခရိုင်တရားရုံးများမှာ ပြစ်မှုဆိုင်ရာအမှုပေါင်း ၁၇၆၁၃ မှု လက်ခံရရှိပြီး ၁၃၆၆၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၃၉၅၀ မှုကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၂၀၀၅၂ မှု လက်ခံရရှိပြီး ၁၀၉၃၄ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၉၁၁၈ မှုကျန်ရှိကြောင်း၊ မြို့နယ်တရားရုံးများမှာ ပြစ်မှုဆိုင်ရာ အမှုပေါင်း ၄၉၃၉၀၀ မှု လက်ခံရရှိပြီး ၄၆၁၃၂၇ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၃၂၅၇၃ မှု ကျန်ရှိကြောင်း၊ တရားမအမှုပေါင်း ၃၉၂၁၃ မှုလက်ခံရရှိပြီး ၂၃၁၂၂ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၁၆၀၉၁ မှုကျန်ရှိကြောင်း၊ ကလေးသူငယ်တရားရုံးများမှာ ကလေးသူငယ် ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၀၈ မှု လက်ခံရရှိပြီး ၂၈၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၅ မှုကျန်ရှိကြောင်း၊ စည်ပင်သာယာတရားရုံးများမှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၈၅၅၄၄ မှု လက်ခံရရှိပြီး ၈၄၇၆၂ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၇၈၂ မှုကျန်ရှိကြောင်း၊ မော်တော်ယာဉ်တရားရုံးများမှာ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၅၅၄၅၉ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ အထက်တရားရုံးအဆင့်ဆင့်က ပြင်ဆင်တည့်မတ်ပေးခဲ့ရသည့် အမှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့်ပြစ်မှုနှင့် တရားမအမှုပေါင်း ၂၆၁၅ မှုအနက် ၃၉၄ မှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်တည့်မတ်ပေးခဲ့ရကြောင်း၊ အလားတူ ခရိုင်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များ အပေါ် လျှောက်ထားလာသည့် ပြစ်မှုနှင့် တရားမအမှုပေါင်း ၇၉၆၆ မှုအနက် ၁၈၁၁ မှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များက ပြင်ဆင်တည့်မတ်ပေးခဲ့ရပြီး မြို့နယ်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် ပြစ်မှုနှင့် တရားမအမှုပေါင်း ၁၀၃၄၃ မှုအနက် ၃၂၇၄ မှုကို ခရိုင်တရားရုံးများက ပြင်ဆင်တည့်မတ်ပေးခဲ့ရကြောင်း၊ ဒါကြောင့် အမှုများကို စစ်ဆေးစီရင်ရသော တရားရုံးများအနေနှင့် အမှန်တရားကိုအစွမ်းကုန်ထုတ်ဖော်၍ ထိုအမှန်တရားအပေါ်တွင် အခြေပြုကာ ဆုံးဖြတ်စီရင်ရန် အရေးကြီးကြောင်းဖြင့် မှာကြားသည်။

ယင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများတက်ရောက်ကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်နိုင်ငံ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသံအမတ်ကြီး H.E.Ms. Ana Maria Ramirez အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်နှင့် ရွေးကောက်ပွဲများ ကျင်းပခဲ့မှုအခြေအနေ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးမှုစနစ် ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ၂၀၁၃ ခုနှစ်မှစ၍ မဟာဗျူဟာစီမံကိန်းရေးဆွဲဆောင်ရွက်နေမှု၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုဆောင်ရွက်နေမှု၊ Voter Education လုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ နိုင်ငံတကာ လေ့လာ စောင့်ကြည့်ရေးအဖွဲ့များနှင့် မြန်မာနိုင်ငံဆိုင်ရာ သံရုံးအကြီးအကဲများအား ဖိတ်ခေါ်သွားမည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနား သံအမတ်ကြီးက အာဂျင်တီးနားနိုင်ငံ၏ရွေးကောက်ပွဲစနစ်နှင့် ရွေးကောက်ပွဲကျင်းပမှုလုပ်ငန်းစဉ် မဲပေးမှုစနစ်တို့အား ပြန်လည်ဆွေးနွေးပြီး နှစ်နိုင်ငံရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကိုနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ
လူ့မိတ်ဆွေ

၆၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့
တိုင်းရင်းသားရိုးရာပဒေသာကပွဲ ဖိတ်ကြားလွှာ

၆၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် တိုင်းရင်းသား ရိုးရာပဒေသာကပွဲနှင့် အတူ ရိုးရာအစားအစာနှင့် အဝတ်အထည် ဈေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရန်ကုန်ရောက် ရှမ်းပြည်နယ်သူ နယ်သားများ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ အားလုံး ကြွရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၇-၂-၂၀၁၅ ရက်၊ စနေနေ့
ကျင်းပမည့်အချိန် - ညနေ ၅ း ၃၀ နာရီ
ကျင်းပမည့် နေရာ - ပြည်သူ့ရင်ပြင် မြက်ခင်းပြင်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

ညနေ ၃း၃၀ အချိန်မှစတင်၍ အစားအစာနှင့် အဝတ်အထည်များအား ဈေးရောင်းချပေးပါမည်။

ပွဲကျင်းပရေး ကော်မတီ (ရန်ကုန်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန e-Government လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် အောက်ဖော်ပြပါ Softwareများအတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Microsoft SQL Server Standard Edition
(ခ) Windows Server 2012 R2 64 Bit
(ဂ) Windows Pro 8.1 64 Bit
(ဃ) Sonic WALL Email Security
(င) Mike Basin
(စ) Mike Flood

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သစ်တောဦးစီးဌာန၊ ရုံးအမှတ် ၃၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၀၁ တွင် ၅-၂-၂၀၁၄ရက်မှစ၍ လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပေးသွင်းမှုကို ၁၃-၂-၂၀၁၄ရက် ၄း၀၀နာရီတွင် ပိတ်ပါမည်။

သစ်တောဦးစီးဌာန

အမည်ပြောင်း

ဦးသန်းအောင်၏သား မောင်စိုးနန္ဒအောင် ၅/မရန(နိုင်)၁၇၉၄၉၃အား မောင်ခန့်ဇော်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ခန့်ဇော်အောင်**

နိုင်ငံတကာသတင်း

တိုင်ပေတွင် လေယာဉ်ပျက်ကျ၊ ၂၅ ဦးသေဆုံး

တရုတ်(တိုင်ပေ) ဖေဖော်ဝါရီ ၄

ထရန်စ်အေးရှား လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် တံတားတစ်စင်းနှင့် တိုက်မိပြီး တိုင်ပေမြို့အနီးရှိ မြစ်အတွင်းသို့ ပျက်ကျသွားပြီးနောက် ၂၅ ဦးထက်မနည်း သေဆုံးခဲ့သည်။

ပြည်တွင်းလေကြောင်း ပြေးဆွဲသည့် လေယာဉ်ပေါ်တွင် ခရီးသည် ၅၈ ဦး လိုက်ပါလာပြီး လူအများအပြားမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါလေယာဉ် ကီးလန်မြစ်ထဲသို့ နစ်မြုပ်သွားသည့် ရုပ်သံဖိုင်ကို CNA သတင်းဌာနက ထုတ်လွှင့်ခဲ့သည်။

လေယာဉ်အတွင်း ပိတ်မိနေသူများကို ကယ်တင်ရန် ကယ်ဆယ်ရေးအဖွဲ့များက ကြိုးပမ်းလျက်ရှိသည်။ အေတီအာ ၇၂ လေယာဉ်သည် တိုင်ပေရှိ ဆောင်းရှန်လေဆိပ်မှ ထွက်ခွာလာပြီး ကင်မန်းကျွန်းစုများဆီသို့ ဦးတည်ပျံသန်းလာခဲ့ကြောင်း CNA သတင်းဌာနက ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်သည် မြစ်ထဲသို့ပျက်မကျမီ တက္ကစီတစ်စီးနှင့် တံတားတစ်စင်းကို တိုက်မိခဲ့ကြောင်း ရုပ်သံဖိုင်တွင် ဖော်ပြထားသည်။ ခရီးသည် ၁၅ ဦး ကယ်တင်နိုင်ခဲ့ပြီး ၁၈ ဦးမှာ ပျောက်ဆုံးနေကြောင်း တိုင်ပေအရာရှိများက ပြောကြားခဲ့သည်။

လေယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ၅၈ ဦးထဲမှ ၅၃ ဦးမှာ ခရီးသည်များဖြစ်ကြပြီး ကျန်ငါးဦးမှာ လေယာဉ်ဝန်ထမ်းများဖြစ်သည်ဟု ယူဆရသည်။ ခရီးသည် ၃၁ ဦးမှာ တရုတ်ပြည် အလယ်ပိုင်းမှ ခရီးသွားများဖြစ်ကြသည်။

(ဘီဘီစီ)

၂၀၁၄ ခုနှစ်အတွင်း တရုတ်မြို့ကြီး ၇၄ မြို့ အနက် ရှစ်မြို့သာလျှင် လေထုအရည်အသွေးပြည့်မီမှုရှိ

ပေကျင်း ဖေဖော်ဝါရီ ၄

တရုတ်နိုင်ငံမြို့ကြီး ၇၄ မြို့အနက် ရှစ်မြို့သာလျှင် ၂၀၁၄ ခုနှစ်အတွင်း အစိုးရ၏ အခြေခံလေထုအရည်အသွေး စံသတ်မှတ်ချက်နှင့် ပြည့်မီမှုရှိကြောင်း ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက ပြောကြားသည်။

ဟေဘေးပြည်နယ် အရှေ့မြောက်ပိုင်း မြို့တော် ပေကျင်းကို ဝန်းရံထားသည်။ ပြည်နယ်ရှိမြို့ကြီးများသည် လေထုအညစ်ညမ်းဆုံးဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောသည်။

ပေကျင်းနှင့် ရှန်ဟိုင်းမြို့ကြီးနှစ်မြို့စလုံးသည် အဓိက လေထုညစ်ညမ်းမှုတိုင်းတာရာတွင် စံအဆင့်မမီကြောင်း တွေ့ရသည်။ တရုတ်နိုင်ငံသည် လေထုညစ်ညမ်းမှုလျှော့ချရန် ကြိုးစားနေသည့် နိုင်ငံဖြစ်သော်လည်း ၎င်း၏ စွမ်းအင်လိုအပ်ချက်အတွက် ကျောက်မီးသွေးကိုသာ အဓိကအမှီပြုနေရသည်။

အစိုးရက ပြီးခဲ့သည့် နှစ်အတွင်း ဟေဘေးပြည်နယ်ရှိ ကျောက်မီးသွေးလောင်စာသုံး စက်ရုံ ၈၀၀၀ ကျော်ကို ပိတ်သိမ်းခဲ့သည်။

တရုတ်နိုင်ငံရှိ နေရာအများအပြားတွင် နိုင်ငံ၏ စီးပွားရေးကျဆင်းမှုနှင့်အတူ စက်ရုံများပိတ်ပင်ရန် တောင်းဆိုမှုနှင့် အစိုးရမှာ ရုန်းကန်ကြိုးစားနေရသည်။ ၂၀၁၄ ရလဒ်အပေါ် အခြေခံလျက် ယခုနှစ်တွင် လေထုညစ်ညမ်းမှုလျှော့ချရေး အစီအမံများ ပိုမိုလုပ်ဆောင်ကြရန် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

(ဘီဘီစီ)

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး ဆောင်ရွက်

ဖနောင်ပင် ဖေဖော်ဝါရီ ၄

ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟန်နှင့် မြောက်ကိုရီးယား နိုင်ငံခြားရေး ဒုဝန်ကြီး ရီကီဆွန်းတို့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရန် ဗုဒ္ဓဟူးနေ့က ဆွေးနွေးခဲ့ကြောင်း ကမ္ဘောဒီးယားပြောခွင့်ရပုဂ္ဂိုလ်က ဆိုသည်။

နှစ်နိုင်ငံ အမြင်ချင်းဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် ကမ္ဘောဒီးယားနိုင်ငံခြားရေးဌာနမှရှိုင်ကူအောင်က အစည်းအဝေးအပြီးတွင် ပြောခဲ့ကြောင်း သတင်းများတွင် ဖော်ပြကြသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်လာသော်လည်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်မူ ပမာဏနည်းပါးသေးကြောင်း ပြောခွင့်ရ ပုဂ္ဂိုလ်ကပြောသည်။လက်ရှိ နှစ်နိုင်ငံ ကုန်သွယ်မှုတန်ဖိုးမှာ ကန်ဒေါ်လာ ၁ ဒသမ ၅ သန်းနီးပါး ရှိကြောင်းဆိုသည်။ အစည်းအဝေးတွင် ကိုရီးယားကျွန်းဆွယ်အရေးကို ဆွေးနွေးခဲ့သည်။ ရီကီဆွန်းအနေနှင့် ကမ္ဘောဒီးယားအပါအဝင် အရှေ့တောင်အာရှ နိုင်ငံခုနစ်နိုင်ငံကို အလည်အပတ်ခရီးသွားရောက်မည်ဖြစ်သည်။

(ဆင်ဟွာ)

နယူးယောက်တွင် ရထားနှင့် ကားတိုက်မိ၍ ခုနစ်ဦးသေဆုံး

နယူးယောက် ဖေဖော်ဝါရီ ၄

နယူးယောက်မြို့တော် မြောက်ဘက်ရှိ ရထားနှင့်ကားလမ်းဆုံ တစ်နေရာတွင် ပုံမှန်ခရီးဝေး အလုပ်ဆင်းသူများအား တင်ဆောင်လာသည့် ရထားတစ်စင်းသည် မော်တော်ယာဉ်တစ်စီးနှင့်တိုက်မိခဲ့သဖြင့် လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

ခရီးသည် ဦးရေ၈၀၀ခန့် စီးနင်းလိုက်ပါလာသော အဆိုပါရထားသည် အင်္ဂါနေ့ညနေပိုင်းက နယူးယောက်မြို့တော်မှ မိုင် ၂၀အကွာ ဗယ်ဟာလာအနီးတွင် ချာရိုကီးဂျစ်ကားတစ်စီးကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ဂျစ်ကားတွင် လိုက်ပါလာသော ယာဉ်မောင်းအမျိုးသမီးတစ်ဦးနှင့် ရထားပေါ်ရှိ ခရီးသည်ခြောက်ဦး သေဆုံးခဲ့သည်ဟု မြို့တော် အုပ်ချုပ်ရေးမှူး အင်ဒရူးကျူအိုမိုက ပြောသည်။ ရထားသည် နယူးယောက်မြို့တော် ဂရန်း ဘူတာကြီးမှ မြို့တော်အရှေ့တောင်ဘက် ဝါးစစ် သို့ ဦးတည် ထွက်ခွာလာခဲ့ရာတွင် ရထားရှေ့တွဲနှင့် ဂျစ်ကားတို့ တိုက်မိပြီးကားနှင့် ရှေ့ဆုံးရှိရထားတွဲ တို့ မီးစွဲလောင်ခဲ့သည်။

မော်တော်ယာဉ် ရထားသံလမ်းပေါ် ရုတ်တရက်ထိုးရပ်သွားရသည့် အကြောင်းရင်းကို မသိ ရှိရသေးပေ။

(ဘီဘီစီ)

တရုတ်အခြေစိုက် ဟွာဝေးမှ ၂၀၁၄ ခုနှစ်အတွင်း ဖုန်းအလုံးရေ ၁၃၈ သန်း ရောင်းချခဲ့ကြောင်း ကြေညာ

ရှန်ဟိုင်း ဖေဖော်ဝါရီ ၄

တရုတ်နိုင်ငံအခြေစိုက် ဟွာဝေးနည်းပညာကုမ္ပဏီမှ ၂၀၁၄ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စုစုပေါင်း ဝင်ငွေ ၃၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ရာ တစ်နှစ်တာ ကာလတစ်လျှောက် ဖုန်းအလုံးပေါင်း ၁၃၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၄ ရက်က သတင်းထုတ်ပြန်ထားသည်။

“mid to high end နည်းဗျူဟာကြောင့် ဈေးကွက်ဝေစုတွေ ပိုမိုရရှိလာပြီး ၂၀၁၄ ခုနှစ်အတွင်းမှာ Interbrandရဲ့ ကမ္ဘာ့အကောင်းဆုံး အမှတ်တံဆိပ် (၁၀၀) စာရင်းမှာဖော်ပြခြင်းခံရတဲ့ ပထမဆုံး တရုတ်ကုန်ပစ္စည်း အမှတ်တံဆိပ်ဖြစ်လာခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ထုတ်ကုန် တင်ပို့မှုကို အလုံးပေါင်း သန်း ၁၀၀ တင်ပို့မယ်လို့ မျှော်မှန်းထားတယ်” ဟု Huawei Consumer BG ၏ အမှုဆောင်အရာရှိချုပ် ရစ်ချတ်ယူက ပြောကြားသည်။

IPSOS မှ ကောက်ယူထားသော ၃၂ နိုင်ငံစစ်တမ်းများအရ ဟွာဝေးအား လူသိများမှုမှာ ၂၀၁၃ ခုနှစ်တွင် ၅၂ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၆၅ ရာခိုင်နှုန်းရှိလာပြီး စမတ်ဖုန်းတင်ပို့မှုမှာ ၂၀၁၄ ခုနှစ်အတွင်း ၁၈ ရာခိုင်နှုန်း တိုးလာသည်။

ပီဆဲဗင်း စမတ်ဖုန်းမှာ မိတ်ဆက်ပြီး ခြောက်လအကြာတွင် သုံးစွဲသူ လေးသန်းရှိပြီး E-commerce အပါအဝင် စုစုပေါင်းဝင်ငွေသည်လည်း ယခင်နှစ်က စုစုပေါင်းဝင်ငွေ၏ ၄၁ ရာခိုင်နှုန်းမြင့်တက်ကာ၂၀၁၅ ခုနှစ်သည် Huawei Consumer BG မှ အင်တာနက်မှ အခွင့်အလမ်းများကိုအသုံးချကာ ဈေးကွက်ဖြန့်ကြက်မည်ဖြစ်ကြောင်း ဟွာဝေးက ကြေညာခဲ့သည်။

(ဆင်ဟွာ)

အမျိုးသမီးဂျိဟတ်ဝါဒီတစ်ဦးအပါအဝင် စစ်သွေးကြွနှစ်ဦးအား အကြမ်းဖက်တိုက်ခိုက်မှုဖြင့် ဂျော်ဒန်တွင် သေဒဏ်ချမှတ်

ဂျော်ဒန် ဖေဖော်ဝါရီ ၄

ဂျော်ဒန်က အမျိုးသမီး ဂျိဟတ်ဝါဒီတစ်ဦး အပါအဝင် စစ်သွေးကြွနှစ်ဦးကို ကွက်မျက်လိုက်သည်။ အိုင်အက်စ်စစ်သွေးကြွများက ဂျော်ဒန်လေယာဉ်မှူး တစ်ဦးကို သတ်ဖြတ်ခဲ့မှု၏ နောက်ဆက်တွဲဖြစ်သည်။

အဆိုပါ အမျိုးသမီးအပါအဝင် အီရတ်အမျိုးသားနှစ်ဦးဖြစ်သည့် ဆာဂျိဒါအယ်လ်ရီရှာဝီနှင့် အယ်လ်ခိုင်ဒါအဖွဲ့ဝင် ဇီရပ်ကာဘိုလီတို့အား ကြိုးပေးသတ်ဖြတ်လိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အိုင်အက်စ်တို့က ဂျော်ဒန်လေယာဉ်မှူး အယ်ကာဆက်ဘက်အား မီးရှို့သတ်ဖြတ်သည့် ဗီဒီယိုထွက်ပေါ်ခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ၎င်းတို့အား ကွက်မျက်ခဲ့ခြင်းဖြစ်သည်။

၎င်းလေယာဉ်မှူးသည် ဒီဇင်ဘာလက ဆီးရီးယားနိုင်ငံအပေါ် အိုင်အက်စ်ဆန့်ကျင်သည့် စစ်ဆင်ရေးဆင်နွှဲစဉ် လေယာဉ်ပျက်ကျပြီး ဖမ်းဆီးခံရခြင်းဖြစ်သည်။

ဂျော်ဒန်က ကာဆက်ဘက်လွတ်မြောက်ရေးအတွက် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ အဆိုပါ ဂျိဟတ်ဝါဒီအမျိုးသမီးသည် ၂၀၀၅ ခုနှစ်က ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တော်၌ လူပေါင်း ၆၀ သေဆုံးသည့် အသေခံတိုက်ခိုက်မှုတွင်လည်း အပြစ်ရှိခဲ့သူဖြစ်သည်။ ကာဘိုလီကို ၂၀၀၈ ခုနှစ်က ဂျော်ဒန်အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ခဲ့မှုဖြင့် ကြိုးပေးခဲ့သည်ဟု ဆိုသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

ဒီမိုကရေစီခေတ်တွင် လူတိုင်းသည် ဥပဒေနှင့်အညီ ပြုမူနေထိုင်ဆောင်ရွက်ရမည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာ-စင်ကာပူ သံတမန်ဆက်ဆံရေး နှစ်(၅၀)ပြည့်မြောက်သောကာလဖြစ်သကဲ့သို့ စင်ကာပူနိုင်ငံလွတ်လပ်ရေး နှစ် (၅၀)ပြည့် ရွှေရတုကာလတွင် တွေ့ဆုံရသဖြင့် စင်ကာပူနိုင်ငံအတွက် ဆုမွန်ကောင်းပို့သပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းမှုကာလမှာ သက်တမ်းနုနယ်သေးပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတို့တွင် ပူးပေါင်းပါဝင်၍ ကြိုးပမ်းလုပ်ဆောင်နေပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်အား လက်ခံတွေ့ဆုံရာတွင် ဆွေးနွေးပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချူဝှာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လက်ရှိလျှောက်လှမ်းလျက်ရှိသော ဒီမိုကရေစီလမ်းကြောင်းသည် ပြည်သူက ရွေးချယ်ထားခြင်းဖြစ်၍ ခိုင်မြဲစေရန် တပ်မတော်အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ နိုင်ငံတော်သမ္မတ၏ လုပ်ဆောင်ချက်များ အောင်မြင်စေရန်လည်း ထောက်ခံပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတွက် အလွှာအသီးသီးမှ ကိုယ်စားလှယ်များပါဝင်ရေးဆွဲထားခြင်းဖြစ်သောကြောင့် ပြင်ဆင်ရန်လိုအပ်ပါက ဥပဒေနှင့်အညီ လုပ်ဆောင်ရန်လိုကြောင်း၊ ဒီမိုကရေစီခေတ်တွင် လူတိုင်းသည် ဥပဒေနှင့်အညီ ပြုမူနေထိုင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တပ်မတော်၏ စီးပွားရေးလုပ်ငန်းများသည် တပ်မတော်သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများ၏ သက်သာချောင်ချိရေး၊ လူမှုရေးလုပ်ငန်းများအတွက် အဓိကလုပ်ဆောင်နေခြင်းဖြစ်သလို တစ်ဖက်မှလည်း အမြတ်ရရှိရေးထက် တိုင်းပြည်၏ကုန်ထုတ်လုပ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုရန် စဉ်းစားလုပ်ဆောင်နေခြင်းဖြစ်ပြီး သင့်လျော်သည့်အချိန်တွင် အများပိုင်စီးပွားရေး လုပ်ငန်းများအဖြစ် ဆောင်ရွက်သွားရန်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

မစ္စတာ ဂိုချောက်တောင်က မြန်မာနိုင်ငံဒီမိုကရေစီ လျှောက်လှမ်းမှုတွင် တပ်မတော်အနေဖြင့် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေမှု၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့တွင် တပ်မတော်၏ မရှိမဖြစ်အရေးပါမှုတို့အား သိရှိနားလည်ပါကြောင်း၊ ပြည်သူများအနေဖြင့် ဒီမိုကရေစီအတွေ့အကြုံနည်းပါးပြီး စမ်းသပ်ကာလဖြစ်နေခြင်းကြောင့် လွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ်များ ရှိနေခြင်းသည် မြန်မာနိုင်ငံရေး အခြေအနေကို တည်ငြိမ်စေပါကြောင်း၊ ရေရှည်ကာလ နိုင်ငံတည်ငြိမ်အေးချမ်းမှုများ ရရှိလာပါက လျှော့ချသွားသင့်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် သယံဇာတအပေါ် အမှီပြုနေရခြင်းထက် ကုန်ထုတ်လုပ်ငန်း၊ ခရီးသွား လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ထူထောင်ရေးလုပ်ငန်းများ များစွာလုပ်ဆောင်နေရသည့်အတွက် နိုင်ငံတော်ဘတ်ဂျက်သည် အရေးကြီးသဖြင့် လိုအပ်ချက်ပြည့်စုံစွာ မရနိုင်ကြောင်း၊ မိမိရည်မှန်းချက်လုပ်ငန်းတာဝန်များကိုထိရောက်စွာ လုပ်ဆောင်ရန် လိုအပ်သည်ကိုလည်း စာနာပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး အထူးကောင်းမွန်လျက်ရှိပြီး ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ကြသည်။

မစ္စတာ ဂိုချောက်တောင်သည် စင်ကာပူဝန်ကြီးချုပ်တာဝန်ကို ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာမှ ၂၀၀၄ ခုနှစ် ဩဂုတ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ဝန်ကြီးချုပ် လီရှန်လုံး ဦးဆောင်သည့် အစိုးရအဖွဲ့ တက်ရောက်ချိန်မှစ၍ အစိုးရအဖွဲ့ ဝါရင့်ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးဘွဲ့အပ်နှင်းခံရပြီး စင်ကာပူငွေကြေးအာဏာပိုင်များအဖွဲ့၏ ဝါရင့်အကြံပေးအဖြစ် တာဝန်ပေးခြင်းခံရသည်။

လက်ရှိအာဏာရ ပီအေပီပါတီတွင်လည်း ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်တစ်ဦးအဖြစ်မှ အထွေထွေအတွင်းရေးမှူးချုပ်အထိ ရာထူးအဆင့်ဆင့်ကို တာဝန်ယူဆောင်ရွက်နေကြောင်း သိရှိရပြီး စင်ကာပူနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ခဲ့သည့် ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သိရှိရသည်။

(မြဝတီ)

---

(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးပေါင်းစုံအနက်မှ မွန်တိုင်းရင်းသား၊ မွန်လူမျိုးတို့၏ (၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားနှင့်မွန်ရိုးရာ ယဉ်ကျေးမှုပဒေသာကပွဲကို ယနေ့ ညနေ ၅ နာရီခွဲက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်တွင် တတိယအကြိမ်မြောက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က အမှာစကားပြောကြားပြီး၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပေးပို့သောသဝဏ်လွှာကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နိုင်လှမောင်က ဖတ်ကြားခဲ့သည်။ မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဖေတင်က မွန်အမျိုးသားနေ့ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ပေးပို့သော သဝဏ်လွှာကို မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မိကွန်ချစ်ချစ်က ဖတ်ကြားပေးခဲ့သည်။

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)နာယက နိုင်မောင်တိုးက ရန်ကုန်မွန်စာပေနှင့် ယဉ်ကျေးမှုရေးရာ လှုပ်ရှားဆောင်ရွက်နေမှုများအား တင်ပြခဲ့သည်။

အမျိုးသားရေးစိတ်ဓာတ်နိုးကြားသော မွန်လူမျိုးများစုစည်းကာ ၁၉၄၆ ခုနှစ်က လူထုအစည်းအဝေးတစ်ရပ်ကျင်းပပြီး အဆိုပါအစည်းအဝေးမှ သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ်၊ အေဒီ ၉၇၃၊ တပို့တွဲလပြည့်ကျော် (၁)ရက် တနင်္လာနေ့တွင် မွန်ဘုရင်သမလ၊ ဝိမလ ညီနောင်နှစ်ပါးတို့သည် သိကြားမင်း၏အကူအညီဖြင့် ဟံသာဝတီပဲခူးမြို့ကို စတင်တည်ထောင်သည့်နေ့ကို မှတ်ယူပြီး နှစ်စဉ် တပို့တွဲလပြည့်ကျော် (၁)ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ရန်ဆုံးဖြတ်ခဲ့ပြီး ထိုအချိန်မှစ၍ မွန်အမျိုးသားနေ့ အခမ်းအနားကို မွန်တို့နေထိုင်ရာ ဒေသအသီးသီး၌ ကျင်းပလာခဲ့ကြောင်း သိရသည်။

မွန်အမျိုးသားနေ့ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ မွန်အမျိုးသားအလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော မွန်အာဇာနည်ခေါင်းဆောင်များအား အလေးပြုခြင်းတို့အပြင် မွန်တိုင်းရင်းသားရိုးရာ အကအလှများ၊ မွန်ပြည်နယ်မှ နာမည်ကျော်နိုင်ငံတော်ရွှေတံဆိပ်ဆုရှင် ဆာန်ညိဆာန် မွန်ဇာတ်ပွဲဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘီးလင်းမြို့နယ်၌ စာကြည့်တိုက်ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ဘီးလင်း ဖေဖော်ဝါရီ ၄

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းစီဖြင့် သထုံခရိုင် ဘီးလင်းမြို့နယ် ယွန်းဒလင်းကုန်းကျေးရွာနှင့် ဇွဲကလာကျေးရွာတို့တွင် စာကြည့်တိုက်ဆောက်လုပ်နေမှုကို ဘီးလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က ဖေဖော်ဝါရီ ၂ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပြီး စာကြည့်တိုက်ကို သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် ပီပြင်စွာဆောက်လုပ်ရေးတို့ကို သက်ဆိုင်ရာကော်မတီများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း အစည်းအဝေးဖိတ်ကြားခြင်း

[illegible] Hospital Management Asia (HMA) 2015 [illegible] (Pre-conference Workshop) [illegible]

[illegible]

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် မွေးနေ့ဂုဏ်ပြုဆောင်းပါး

အထင်ကရသူရဲကောင်း

အညတရ

ပထမမြန်မာနိုင်ငံတော်ကို ပုဂံခေတ်တွင် အနော်ရထာမင်းကြီးက စုစည်းတည်ထောင်ခဲ့သည်။ ဒုတိယမြန်မာနိုင်ငံတော်ကို တောင်ငူခေတ်တွင် ဘုရင့်နောင်မင်းတရားကြီးက စုစည်းတည်ထောင်ခဲ့သည်။ တတိယမြန်မာနိုင်ငံတော်ကို ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရားကြီးက စုစည်းတည်ထောင်ခဲ့သည်။ အလောင်းမင်းတရားကြီး စုစည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံတော်ကို ကုန်းဘောင်ခေတ်နောက်ဆုံးမင်းဆက် သီပေါမင်းလက်ထက် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့တွင် နယ်ချဲ့တို့က အပြီးအပိုင်သိမ်းပိုက်ခဲ့ရာ နှစ်ပေါင်း(၁၀၀)ကျော် ကြာမြင့်ခဲ့ပေသည်။ မြန်မာတို့သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ချိန်တွင် မျိုးချစ်စိတ်ဓာတ်ထက်သန်သော မြန်မာမျိုးချစ်များက ရရာလက်နက်စွဲကိုင်ပြီး ပြန်လည်တွန်းလှန်ခဲ့သော်လည်း အားမတန်သဖြင့် မာန်လျှော့ခဲ့ရသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကာလတွင် မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စုစည်း၍ ကျူးကျော်သူနယ်ချဲ့တို့အား တိုက်ထုတ်ကာ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းစွမ်းဆောင်ခဲ့သော လွတ်လပ်ရေး ဗိသုကာဟုခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းအား စတုတ္ထမြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စုစည်းတည်ထောင်ခဲ့သူဟု တင်စားခေါ်ဆိုကြပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် တောင်တန်းဒေသ ပင်လုံမြို့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာဖော်ညွှန်းပြသနိုင်ခဲ့သော ပင်လုံစာချုပ်ကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး ရှမ်း၊ ချင်း၊ ကချင်အစရှိသည့် တိုင်းရင်းသားခေါင်းဆောင်များပါဝင်လျက် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ကရင်၊ ကရင်နီ(ကယား) တိုင်းရင်းသားကိုယ်စားလှယ်များက လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ထိုပင်လုံစာချုပ်သည် မြန်မာနိုင်ငံလွတ်လပ်ရေး၏ တိုင်းရင်းသားသွေးစည်းညီညွတ်ရေး မော်ကွန်းမှတ်တိုင်ဖြစ်ခဲ့သည်။ ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် ကမ္ပည်းမော်ကွန်း တင်စေခဲ့သည်။

မြန်မာနိုင်ငံသမိုင်းတွင် ပြည်ထောင်စုနေ့အဖြစ် မော်ကွန်းတင်ခဲ့သည့် ထိုနေ့မတိုင်ခင်ကာလ ၃၂ နှစ်အကြာ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ လ ၁၃ ရက် (စနေနေ့) တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြည်ထောင်စုကမ္ပည်းမော်ကွန်းအား ဦးဆောင်ရေးထိုးမည့် ပုဂ္ဂိုလ်တစ်ဦးကို မြန်မာနိုင်ငံ မြေလတ်ဒေသ နတ်မောက်မြို့တွင် အဖရှေ့နေဦးဖာ၊ အမိဒေါ်စုတို့က မွေးဖွားသန့်စင်ပေးခဲ့သည်။ ထို့ကြောင့် မြန်မာ့သမိုင်းတွင်နှစ်စဉ်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ဟု အထင်အရှား ပေါ်ထွန်းလာခဲ့သည်။

ထိုနေရာတွင် အဆိုပါ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံကလေးများနေ့ဟု သတ်မှတ်ထားသည်မှာ လွန်စွာလျော်ကန်သင့်မြတ်လှပါပေသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသမိုင်းအား အထင်အရှား ရေးထိုးနိုင်မည့် မြန်မာမျိုးချစ်ကလေးငယ်တစ်ဦးအား ထိုနေ့တွင် နတ်မောက်မြို့၌ မွေးဖွားခဲ့သဖြင့် မြန်မာတို့အနေဖြင့် ကလေးများနေ့ကို ဂုဏ်ယူဝင့်ကြွားဖွယ် အသိအမှတ်ပြု ကြမည်ဖြစ်သည်။

နတ်မောက်မြို့တွင် မွေးဖွားခဲ့သော မောင်အောင်ဆန်းမှာ သူ့ကျွန်မခံလိုသူ မင်းကြီးရွှေလရောင်ဘွဲ့ခံ မြန်မာ့တော်လှန်ရေးခေါင်းဆောင် ဗိုလ်မင်းရောင်၏ မြေးဖြစ်သည်။ ဘမျိုးဘိုးတူ နယ်ချဲ့ကိုရဲရဲဝံ့ဝံ့ တွန်းလှန်မည့် ကလေးငယ်မောင်အောင်ဆန်းသည် ငယ်စဉ်ကတည်းက မဟုတ်မခံ မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူဖြစ်သည်။ မောင်အောင်ဆန်း၏ဇာတာအမည်မှာ စနေသားဖြစ်၍ ထိန်လင်းဟု မှည့်ခေါ်ထားသော်လည်း အစ်ကိုဖြစ်သူကို အောင်သန်းဟု အမည်ပေးထားသဖြင့် ညီငယ်ဖြစ်သူ ထိန်လင်းကိုလည်း အောင်ဆန်းဟုသာ မှည့်ခေါ်လိုက်ကြသည်။

မောင်အောင်ဆန်း အသက်ခုနစ်နှစ်အရွယ်သို့ရောက်သော် ၁၉၂၂ ခုနှစ်တွင် နတ်မောက်မြို့ ဆရာတော် ဦးသောဘိတဘုန်းတော်ကြီးကျောင်းတွင် စတင်ပညာသင်ကြားခဲ့ရသည်။ အောင်ဆန်း၏ ငယ်စဉ်ပညာသင်ကြားရာ၌ အတန်းတိုင်းတွင် ပထမရသည်။ ကျောင်းတွင် ပြုံးရွှင်ရယ်မောနောက်ပြောင်ခြင်းမရှိ၊ အမြဲတမ်း ရှုသိုးသိုးနှင့်နေတတ်ပြီး မုသားစကားမပြော၊ ကျောင်းသားချင်းလည်း ရန်ဖြစ်လေ့မရှိ။ သို့နှင့် ၁၉၂၈ ခုနှစ်တွင် ဦးသောဘိတကျောင်းမှ ဆဋ္ဌမတန်းအောင်မြင်လေသည်။ သတ္တမတန်းတက်ရမည့် ၁၃ နှစ်သားအရွယ်တွင် ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းတွင် ပြောင်းရွှေ့ပညာသင်ကြားခွင့်ပြုရန် မိဘများအား ပူဆာလေသည်။ ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းတွင် အစ်ကိုကြီး ဦးဘဝင်းမှာ ကျောင်းဆရာဖြစ်နေသည်။ မိဘများအနေဖြင့် မြို့ရွာခြား၍ သားငယ်အား ပို့မထားလိုချေ။ သားငယ် အောင်ဆန်း အသက်မှာ ၁၃ နှစ်သာ ရှိသဖြင့် ငယ်သေးလှသည်။ ထို့ကြောင့် သားငယ်၏ ကျန်းမာရေးမှအစ မိဘများက ပူပန်မိသဖြင့် နတ်မောက်တွင်ပင် ပညာသင်ကြားရန် အဖဦးဖာက ပြောသည်။ မိခင်ဒေါ်စုက နားချသည်။ ခေါင်းမာတတ်သော အောင်ဆန်းမှာ မိဘများဖြောင်းဖြသည်ကို လက်မခံ၊ ရေနံချောင်း အမျိုးသားကျောင်းမနေရလျှင် ထမင်းမစားတော့ဟု ဆိုလာလေသည်။ ထိုအခါ မိဘများမှာ သားငယ်အား အလျှော့ပေး၍ ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ရန် ခွင့်ပြုရတော့သည်။

ရေနံချောင်း အမျိုးသားကျောင်းတွင်လည်း မောင်အောင်ဆန်း၏ ပညာရည်မှတ်တမ်းမှာ ထိပ်တန်းတွင်ပင်ရှိသည်။ ၁၉၃၂ ခုနှစ်တွင် ထိုကျောင်းမှပင် ဆယ်တန်းအောင်လေသည်။ မောင်အောင်ဆန်းသည် တောက်မည့်မီးခဲတရဲရဲဟုဆိုရမည်။ ဆယ်တန်းကို မြန်မာဘာသာနှင့် ပါဠိဘာသာ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ အောင်ဆန်း၏ ထက်မြက်သော ပညာစွမ်းသည် အနာဂတ်မြန်မာနိုင်ငံခရီးအတွက် လင်းလက်နေသည်။ ထိုနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားရသည်။ မောင်အောင်ဆန်း ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားချိန်သည် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးအတွက် အချိန်အခါကောင်းဖြစ်သည်။ ကျောင်းသားလူငယ်မျိုးချစ်များမှာ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားလွတ်မြောက်ရေး အားမာန်များ နိုးကြားစအချိန်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်တွင် အမျိုးသားရေးစိတ်ဓာတ်ထက်သန်သော ကျောင်းသားကြီးများနှင့်လည်း ဆုံတွေ့ပေါင်းဖက်ခဲ့ရသည်။ စီနီယာကျသော နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ရှိသူ ကျောင်းသားကြီးများနှင့် လက်တွဲခဲ့ရခြင်းသည်လည်း မောင်အောင်ဆန်းအတွက် တွန်းအားတစ်ရပ်ဖြစ်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် မောင်အောင်ဆန်း ဥပစာတန်းအောင်သည်။ အတတ၊ ရှုသိုးသိုးမျက်နှာပေါက်နှင့် စကားနည်းသော မောင်အောင်ဆန်းကို လူသိနည်းသည်။ ကျောင်းသားအများစုက လူ့ဂွစာ၊ ဘုသမားဟု ထင်မှတ်ကြသည်။ ကျောင်းသားအများစုက မည်သို့ပင် ထင်မှတ်ကြသည်ဖြစ်စေ မောင်အောင်ဆန်းမှာ တက္ကသိုလ်မှပေးအပ်သော စည်းရုံးရေးတာဝန်ကို ထမ်းဆောင်ခဲ့ရာမှ ကျောင်းသားထုနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ တက္ကသိုလ်တွင် အိုးဝေမဂ္ဂဇင်းတာဝန်ခံအယ်ဒီတာလုပ်သည်။ အယ်ဒီတာကိုအောင်ဆန်းက ညိုမြနှင့်ပေါင်းပြီး နယ်ချဲ့တို့ကိုသရော်သည့် ဆောင်းပါးတို့ကို အိုးဝေမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့သောကြောင့် ကိုအောင်ဆန်းကျောင်းထုတ်ခံရသည်။

တက္ကသိုလ်ကျောင်းသားဘဝကိုအောင်ဆန်းမှာ ခက်ခဲကြမ်းတမ်းလှသည်။ အဆောင်သို့ပင်မပြန်ဘဲ တက္ကသိုလ်တွင်ပင် ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်သည်။ အိပ်ပြန်လျှင်လည်း ခေါင်းအုံးမရှိ၊ ဖျာမရှိ၊ စောင်မရှိ၊ စာအုပ်သုံးလေးအုပ်ကို ခေါင်းအုံးပြီး ကွေးကွေး အိပ်တတ်သည်။ ကိုအောင်ဆန်းတစ်ယောက်ဖြစ်ကတတ်ဆန်း အိပ်တတ်ပုံကို ကရုဏာသက်၍ စောင်၊ ခေါင်းအုံး၊ ဖျာပေးလာလျှင်လည်း လက်မခံတတ်ချေ။ ကိုအောင်ဆန်းမှာ စကားအပိုမပြော၊ မကြွားမဝါ၊ ပြောသည့်အတိုင်း လုပ်ပြီး လုပ်သည့်အတိုင်းလည်း ပြောတတ်သည်။ ထိုသို့ တက္ကသိုလ်ကျောင်းသားဘဝကို ခက်ခဲကြမ်းတမ်းစွာဖြတ်ကျော်ရင်း ၁၉၃၇ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံ၊ ဥရောပရာဇဝင်၊ အင်္ဂလိပ်ဘာသာ စာပေတို့ဖြင့် ဘီအေစာမေးပွဲကို အောင်မြင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကာလတွင် မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စုစည်း၍ ကျူးကျော်သူနယ်ချဲ့တို့အား တိုက်ထုတ်ကာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိအောင် ကြိုးပမ်းစွမ်းဆောင်ခဲ့သော လွတ်လပ်ရေးဗိသုကာဟုခေါ်ဆိုထိုက်သောပုဂ္ဂိုလ်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ် ———

ထိုအချိန်တွင် တို့ဗမာအစည်းအရုံးကလည်း ကိုအောင်ဆန်းအား လွတ်လပ်ရေး တိုက်ပွဲဝင်ရန် နှိုးဆော်လျက်ရှိသည်။ ၁၉၃၈ ခုနှစ်တွင် ဥပဒေကျောင်းသား ကိုအောင်ဆန်းသည် တက္ကသိုလ်ကျောင်းပရိဝုဏ်ကို ကျောခိုင်းလိုက်သည်။ သူသည် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင်ရန် အပြောကျယ်သော နိုင်ငံရေးပင်လယ်ကို ခရီးနှင်တော့သည်။ ဤနေရာတွင် တို့ဗမာအစည်းအရုံး နာယကကြီး သခင်ကိုယ်တော်မှိုင်း၏ စည်းရုံးကြိုးပမ်းမှုကြောင့် ကျောင်းသားခေါင်းဆောင်ကိုအောင်ဆန်းမှ တို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်အောင်ဆန်းဖြစ်လာသည်။ ထိုနှစ်တွင်ပင် မြန်မာ့နိုင်ငံရေးသမိုင်း၌ အရေးအကြီးဆုံး လှုပ်ရှားမှုကြီး ဖြစ်လာသည်။ မြန်မာ့နိုင်ငံရေးလှိုင်းတံပိုးကြီးမှာ အုံ့မခန်းရှိတော့သည်။ ၁၉၃၉ ခုနှစ်တွင် သခင်အောင်ဆန်းအား မြန်မာ့လွတ်လပ်ရေးအတွက် ပြည်ပသို့ သွားရောက်၍ အကူအညီယူရန် စေလွှတ်ခြင်းခံရသည်။

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် မြန်မာ့လွတ်လပ်ရေးအတွက် ဟိုင်လီသင်္ဘောဖြင့် အမွိုင်မြို့(တရုတ်ပြည်)သို့စတင်ထွက်ခွာခဲ့သည်။ ၁၉၄၁ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ ထို့နောက် မတ်လ ၁၀ ရက်နေ့တွင် လူငယ်စစ်ပညာသင် (၃၀) ရဲဘော်သုံးကျိပ်ကို ပထမအသုတ်ခေါ်ယူလျက် ဂျပန်နိုင်ငံသို့ ပြန်သွားခဲ့သည်။ ထို့နောက် စစ်ပညာများသင်ကြားလျက် ရဲဘော်သုံးကျိပ်တို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လက်မောင်းသွေးဖောက်ကာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် သစ္စာဆိုခဲ့ကြသည်။ ထိုနေ့တွင် မြန်မာ့လွတ်လပ်ရေး တပ်မတော်ကြီးကို ဗန်ကောက်မြို့၌ သမိုင်းဝင်ဖွဲ့စည်းခဲ့သည်။

၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် သခင်အောင်ဆန်း (ဗိုလ်တေဇ) ခေါင်းဆောင်သော မြန်မာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် သုံးရောင်ခြယ်အလံတော်ကြီးကို လွှင့်ထူလျက် ရန်ကုန်မြို့ကို ချီတက်သိမ်းပိုက်ခဲ့သည်။ ထိုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် သူနာပြုဆရာမလေး မခင်ကြည်နှင့် ရန်ကုန်မြို့တွင် အိမ်ထောင်ပြုခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၇ ရက်နေ့တွင် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်၌ ဖက်ဆစ်တော်လှန်ရေး တိုင်းကြီး ၁၀ တိုင်းကို ခွဲဝေတာဝန်ပေးအပ်ကြသည်။ ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် မြန်မာ့ကာကွယ်ရေးတပ်မတော်၏ တော်လှန်ရေးတပ်ထွက်ပွဲကို ရွှေတိဂုံစေတီတော်အနီး မြေကွက်လပ်တွင် ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မြင်းစီးတက်ရောက်၍ တော်လှန်ရေးမိန့်ခွန်းကို တိုတိုပြတ်ပြတ် မိန့်ကြားခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာ့ကာကွယ်ရေးတပ်မတော်က ဖက်ဆစ်တို့အား မြန်မာပြည်တစ်ဝန်းလုံးတွင် တော်လှန်တိုက်ထုတ်နိုင်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး၏ အုတ်မြစ်ဖြစ်သော အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုရန် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာ့ကိုယ်စားလှယ်အဖွဲ့ လန်ဒန်မြို့သို့ ထွက်ခွာသည်။ ဇန်နဝါရီ ၂၇ ရက်နေ့တွင် မြန်မာ့သမိုင်းတွင်အရေးပါသော အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ထိုစာချုပ်တွင် ရွေးကောက်ပွဲကျင်းပရေး တိုင်းပြု ပြည်ပြု လွှတ်တော်ခေါ်ယူရေး၊ နယ်စပ်ဒေသတိုင်းရင်းသားများအရေး၊ မြန်မာ့လွတ်လပ်ရေး ကြေညာရေး စသောအရေးကြီးသည့်အချက်များ ပါဝင်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး တိုင်းရင်းသားခေါင်းဆောင်များ စုပေါင်းပါဝင် လက်မှတ်ရေးထိုးခဲ့သည့် သမိုင်းဝင်ပင်လုံစာချုပ်ကို မော်ကွန်းတင်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာပြဆိုနိုင်ခဲ့သည်။ ထို့နောက် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဗိုလ်ချုပ်အောင်ဆန်းက တင်သွင်း၍ ယင်းဥပဒေကို ညီညီညွတ်ညွတ် ထောက်ခံအတည်ပြုခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ပြည်သူလူထုအား ဗိုလ်ချုပ်အောင်ဆန်းက နောက်ဆုံးမိန့်ခွန်းပြောကြားခဲ့ပြီး ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား မသမာသူလူတစ်စု၏ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။

ယင်းတို့မှ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ လေးစားတန်ဖိုးမြတ်နိုးထားရာ အကြောင်းအရာ အကျဉ်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်စဉ်ကလေးဘဝမှ ကွယ်လွန်ချိန်အထိ ဗိုလ်ချုပ်ဖြတ်သန်းခဲ့သော ဘဝပုံရိပ်၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်ပုံများကို မကြာမီကျရောက်မည့် ဖေဖော်ဝါရီလ ၁၃ ရက်၊ ကလေးများနေ့၊ ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင် ယနေ့လူငယ်လူရွယ်များ အောက်မေ့သတိရစေလိုရင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းမှု၊ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်တွန်းလှန်ခဲ့မှု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ လွတ်လပ်ရေးတောင်းဆိုရာတွင် ထိပ်တိုက်ရင်ဆိုင်မှု နည်းလမ်းများကို ရှောင်ရှားပြီး အမျိုးသားနိုင်ငံရေးအင်အားစုများ ပါဝင်အောင် စေ့စပ်ညှိနှိုင်းအဖြေရှာပြီး လွတ်လပ်ရေးရရှိအောင် ဦးဆောင်ကြိုးပမ်းဆောင်ရွက်နိုင်မှုများကို သုံးသပ်သိရှိပြီး ''အောင်ဆန်းစိတ်ဓာတ်၊ အောင်ဆန်းသတ္တိ၊ အောင်ဆန်းဖွဲ့မာန်'' တို့ကို အတုယူအားကျ စံပြုစေလိုသော စေတနာများ တိုးပွားစေလိုသောကြောင့် ဖြစ်ပါသည်။

လွှတ်တော်ရေးရာ

ပြည်သူ့လွှတ်တော်အစည်းအဝေး

စက်မှုဇုန်များရှိ လုပ်ငန်းဆောင်ရွက်မှုမရှိသောမြေကွက်များ ပြန်လည်အပ်နှံနိုင်ရေးစစ်ဆေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **"စက်မှုဇုန်များ၊ နိုင်ငံတကာအဆင့်မီ စီစဉ်ဆောင်ရွက်ရန်နှင့် စက်မှုဇုန်မြေယာအငြင်းပွားမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က နိုင်ငံတော်အစိုးရအနေဖြင့် ပေါကြွယ်ဝသည့် သယံဇာတများနှင့် လူ့စွမ်းအားအရင်းအမြစ်များကို အသုံးချ၍ စက်မှုနိုင်ငံတော်အဖြစ် ထူထောင်ရန် ရည်မှန်း

ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ထားပြီးဖြစ်သဖြင့် စက်မှုဇုန်များတွင် စက်ရုံများတည်ထောင်၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ ဖွင့်ပေးခြင်း၊ မက်လုံးများပေး၍ ဆွဲဆောင်ခြင်း၊ စက်မှုလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများဖြင့် စနစ်တကျ ပံ့ပိုးကူညီပေးခြင်း၊ အကာအကွယ်ပေးခြင်းများကို ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတကာအဆင့်မီစက်မှုဇုန်များ ဖြစ်ပေါ်လာအောင် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြေပိုင်ဆိုင်လုပ်ပိုင်ခွင့်များအား ဥပဒေနှင့်အညီ အာမခံပေးနိုင်ရေး၊ မြေယာ ကျူးကျော်သူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နစ်နာမှုများကိုလည်း ကောင်းမွန်စွာ စိစစ်ဖြေရှင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် စက်မှုဇုန်အသီးသီးမှ စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်း၍ စက်မှုဇုန်များရှိ လုပ်ငန်းဆောင်ရွက်မှုမရှိသော မြေကွက်များအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံ

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏ **"သောက်သုံးရေရရှိရေးဖြစ်သော ရေစုကန်တူးဖော်ခြင်းနှင့် တမူးမြို့ ရေပေးဝေရေးလုပ်ငန်းများ၊ မြို့တွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက တမူးမြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်း (၄/၀)မိုင်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၁၆ ဒသမ ၂၀ သန်းဖြင့် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ တမူးမြို့ သောက်သုံးရေရရှိရေးအတွက် မြို့မသာသနာ့ရိပ်သာအနီး ရေကန်တူးဖော်ခြင်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြို့မသာသနာ့ရိပ်သာအနီး အများသုံးရေကန်ပြုပြင်ခြင်း (၁၀× ၁၁×၇)ပေအား ကျပ်သိန်း ၂၀ ဖြင့် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးညာဏ်ဆွေဝင်းက **"တည်ဆဲနိုင်ငံရေး ပင်စင်ဥပဒေနှင့်အညီ နိုင်ငံရေးပင်စင်ခံစားခွင့် ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက နိုင်ငံရေးပင်စင်ခံစားခွင့်နှင့် စပ်လျဉ်း၍ ၁၉၈၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄ ဖြင့် ရေးဆွဲပြဋ္ဌာန်းထားသော နိုင်ငံရေးပင်စင်ဥပဒေမှာ ယခုခေတ် အခြေအနေတွင် ကိုက်ညီခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် အသစ်ပြင်ဆင်ရေးဆွဲသင့်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

"ဝ"ဥစိုက်ပျိုးထုတ်လုပ်မှုကို ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူများအတွက် လူမှုဘဝမြှင့်တင်ရေးဆောင်ရွက်ပေးနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၄

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့်၏ **မြိတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် (၃)ထပ်စာသင်ဆောင်သစ် တစ်ဆောင်ဆောက်လုပ်ပေးရန်နှင့် အမိုး၊ အခင်း၊ ပြုပြင်ပေးရန် လိုအပ်လျက်ရှိသည့် နှစ်ထပ်စာသင်ဆောင်(သဇင်ဆောင်)ကိုပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေးအစီအစဉ်ကျောင်းအလိုက် တန်းစီဇယားအရ မြိတ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ RCC(၁)ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ် (၆၄ ဒသမ ၈၀)သန်းကို ခွဲဝေခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ အဆိုပါကျောင်းရှိ သဇင်ဆောင်ပြင်ဆင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် ရန်ပုံငွေ ခေါင်းစဉ်အောက်မှ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မှ ဦးဟာရိန်းဘွေ၏ **ရေ၊ မြေ ရာသီဥတုနှင့် ကိုက်ညီသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် "ဝ"ဥခေါ် ဖျံ့ဥကို စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်မှ စနစ်တကျ စီမံချက်ရေးဆွဲပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍** ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာများ၌ "ဝ"ဥစိုက်ပျိုးနိုင်ရေးအတွက် ထောက်ပံ့ငွေများ၊ အတိုးနှုန်းသက်သာသည့် ချေးငွေများဖြင့် စနစ်တကျဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒေသထွက် "ဝ"ဥများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့က အဝယ်ဒိုင်များ ဖွင့်လှစ်ပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်မှ စနစ်တကျ စီမံကိန်းများရေးဆွဲပြီး သင့်လျော်သည့် မြို့နယ်များ ရွေးချယ်သတ်မှတ်ကာ စနစ်တကျ လက်တွေ့အကောင်အထည်ဖော်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးဆလိုင်းခွဲယန်က "ဝ" ဥကို စနစ်တကျ သုတေသနပြုလုပ်ပြီး တိုးချဲ့စိုက်ပျိုးမည်ဆိုပါက နောင်တစ်နေ့တွင် တိုင်းပြည်ဝင်ငွေတိုးစေမည့် ထုတ်ကုန်သစ်တစ်ခုဖြစ်နိုင်ပါကြောင်း၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွှေ့ပြောင်းတောင်ယာစနစ် လျှော့ချနိုင်ရေးအတွက် ဘက်စုံဥယျာဉ်ခြံလုပ်ငန်းကို ဆောင်ရွက်ရန်သင့်လျော်ပါကြောင်း၊ ဘက်စုံဥယျာဉ်ခြံလုပ်ငန်းကို ဆောင်ရွက်မည်ဆိုလျှင် ရေရှည်လုပ်ကိုင်စားသောက်နိုင်သည့် "ဝ"ဥစိုက်ပျိုးရေးလုပ်ငန်းကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည့်ငွေကြေးအထောက်အပံ့နှင့် နည်းပညာများ ပံ့ပိုးပေးသင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်က"ဝ" ဥစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချရာတွင် စိုက်ပျိုးထုတ်လုပ်သူများ စုပေါင်း၍ အသင်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်လျှင် ပိုမိုအဆင်ပြေနိုင်ပါကြောင်း၊ လူမှုစီးပွားကူညီပံ့ပိုးမှု အစီအစဉ်နှင့်လည်း ကိုက်ညီပါကြောင်း၊ ထုတ်လုပ်ပို့ဆောင်သူ အသင်းအဖွဲ့များကိုလည်း ဖွဲ့စည်းထားရန် လိုအပ်ပါကြောင်းဖြင့် ထောက်ခံ ဆွေးနွေးသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က "ဝ" ဥတင်ပို့မှု အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းတို့မှ စုစုပေါင်းတန်ချိန် ၃၅၂၅ တန်၊ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၈၉ သန်းတင်ပို့ထားပြီးဖြစ်ပါကြောင်း၊ ဈေးကွက်အသင့်အတင့်ရှိပြီး ဈေးနှုန်းလည်း ကောင်းမွန်သည့် "ဝ" ဥစိုက်ပျိုးထုတ်လုပ်မှုကို ယခုထက်တွင်ကျယ်အောင် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူများအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိပြီး လူမှုဘဝမြှင့်တင်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်အတွက်လည်း ပြည်ပဝင်ငွေ တိုးတက်ရရှိလာမည်ဖြစ်သည့်အတွက် ထုတ်လုပ်သည့် ပမာဏအတိုင်း ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ပြည်တွင်းပြည်ပ ရောင်းဝယ်ဖောက်ကားသူများ၊ Supply Chain, Value Chain ပိုမိုမှန်ကန်လာစေရန် ရည်ရွယ်ချက်ဖြင့် "ဝ"ဥအစုအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ "ဝ"ဥ အထူးစိုက်ပျိုးထုတ်လုပ်သည့် ဒေသများတွင် "ဝ"ဥဇုန်များ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ အသင်းအဖွဲ့များကိုလည်း နှိုးဆော်ထားပြီးဖြစ်ပါကြောင်း၊ "ဝ"ဥနှင့် ပတ်သက်၍ အခြောက်ခံခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းစသည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား နည်းစနစ်ကျစွာ ဆောင်ရွက်ပေးနိုင်ပါက "ဝ"ဥ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ဈေးနှုန်းလည်း ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားကုန်သည် လုပ်ငန်းရှင်များ ဈေးကွက် သတင်းအချက်အလက် ရရှိရေး၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် အသိအမြင်များ တိုးပွားလာစေရေးအတွက် ကုန်သွယ်မှု သတင်းဌာန(Trade Centre)များကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ အကျိုးစီးပွား မြှင့်တင်ပေးနိုင်ရေးကို ရည်ရွယ်၍ လိုအပ်သည့် ဥပဒေကို ရေးဆွဲခဲ့ပြီး လိုအပ်သည့်နည်းဥပဒေများ မကြာမီကာလအတွင်း ရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းအဆိုနှင့် ပတ်သက်သည့် ထောက်ခံဆွေးနွေးချက်များ၊ ပြန်လည်ရှင်းလင်း ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က ထောက်ခံအတည်ပြုသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်က အခြေခံပညာအဆင့် အထက်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။ **(သတင်းစဉ်)**

❀ ရှေ့ဖုံးမှ

ဝင်ကျော်လာခဲ့ပြီး ဖေဖော်ဝါရီ ၂၀ ရက်တွင် မော်လမြိုင်မြို့မှတစ်ဆင့် နေပြည်တော်သို့လည်းကောင်း၊ ထိုမှ တောင်ကြီးအင်းလေးသို့ လည်းကောင်း၊ မန္တလေးသို့လည်းကောင်း သွားရောက်ကြမည်ဖြစ်ပြီး နောက်ဆုံး ဖေဖော်ဝါရီ ၂၅ ရက်တွင် ရန်ကုန်သို့ ရောက်ရှိပြီး မော်တော်ကားများကို သင်္ဘောများဖြင့် တင်ဆောင်ကာ မောင်းနှင်သူများက လေယာဉ်ခရီးဖြင့် နေရပ်သို့ပြန်ကြမည်ဖြစ်သည်။

"ပြီးပြည့်စုံတဲ့ လမ်းတွေတော့ မဟုတ်ပါဘူး။ သို့သော် မော်လမြိုင်ကနေ နေပြည်တော် မောင်းနှင်စဉ် တစ်လျှောက် အသစ်အဆန်းတွေကို မြင်တွေ့ရမယ်။ သဘာဝသယံဇာတတွေ၊ မြန်မာနိုင်ငံရဲ့ လူနေမှုစနစ်တွေကို အဓိကထားမြင်ရဖို့ မျှော်လင့်ရတယ်။ မြန်မာတို့ရဲ့ ထူးခြားတဲ့ ဓလေ့စရိုက်တွေ၊ ပျောက်ကွယ်လုနီးပါးလူမျိုးတွေနဲ့ ထူးဆန်းတဲ့ ရေပေါ်ကျေးရွာတွေကို ကြည့်ရှုဖို့ အတွက်တော့ အင်းလေးကိုသွားပါမယ်။ အဲဒီနောက်မှာတော့ ကိုလိုနီတွေ သိမ်းပိုက်ခြင်းမခံရမီ စိုးစံခဲ့ဖူးတဲ့ ခရီးစဉ်ရဲ့ အမည်မှည့်ခေါ်ထားတဲ့ မန္တလေးကိုရောက်ပါမယ်။ တည်ငြိမ်ရင့်ကျက်မှုနဲ့ သာယာတဲ့သဘာဝ၊ စိမ်းညို့နေတဲ့ တောင်တန်းနဲ့ ဧရာဝတီမြစ်ကြီး၊ မော်တော်ဆိုင်ကယ်တွေအကြားမှာ ကျွန်တော်တို့ ဖြတ်သန်းသွားပါမယ်။ အာဖရိကကို ရောက်တုန်းကလိုမျိုး ရွာသေးလေးတွေ ဆက်နေတဲ့ လမ်းမကြီးကနေ ပုဂံကို သွားဖို့စီစဉ်ထားပါသေးတယ်။ ပုဂံက အနုသုခုမတွေက ကျွန်တော်တို့ကိုလှေလာစရာတွေ ပေးပါလိမ့်မယ်။ နောက်ဆုံးတော့ ခရီးဆုံးမှတ်တိုင် ရန်ကုန်ကိုသွားပါမယ်။ ရန်ကုန်ကတော့ ကျွန်တော့်အမြင်ပြောရရင် ရှေ့ကဖြတ်သန်းလာခဲ့တဲ့ အနေအထားအားလုံးကို ဆန်းသစ်ထားတဲ့ modernize လုပ်ထားတဲ့နေရာတစ်ခုဖြစ်ပါလိမ့်မယ်။ ရန်ကုန်မှာ အနည်းငယ် လည်ပတ်ပြီးရင်တော့ ကျွန်တော်တို့ရဲ့ ရှေးဟောင်းကားတွေကို ပင်လယ်ကူးသင်္ဘောနဲ့ သယ်ယူမှာဖြစ်ပြီး လူတွေကတော့ လေယာဉ်နဲ့ နေရပ်ကိုပြန်ကြမယ်" ဟု Endurance Rally Association မှ အမှုဆောင်တစ်ဦးဖြစ်သူ Mr. Chu က ပြောကြားသည်။

အဆိုပါအဖွဲ့အစည်းသည် နိုင်ငံပေါင်း ၅၀ ကျော်တို့တွင် ရှေးဟောင်းမော်တော်ယာဉ်မောင်းနှင်သည့် ပွဲပေါင်း ၅၀ ကျော်ခန့် ကျင်းပခဲ့ပြီး ယခု The Road to Mandalay အစီအစဉ်ကို စတင်ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ ညစာစားပွဲအခမ်းအနား နေပြည်တော်၌ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

(၆၈)ကြိမ်မြောက် မွန်အမျိုးသားနေ့ ညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ The Hotel Royal ACE တွင် ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မွန်တိုင်းရင်းသားတိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဩဝါဒ မိန့်ခွန်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဩဝါဒ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၏ သဝဏ်လွှာကို မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းက ဖတ်ကြားသည်။

ထို့နောက် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ကူညီရေးနှင့်ကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း အမေရိကန်အကြီးတန်းဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ဆိုင်ရာ ဗျူရိုအကြီးတန်း ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Scot Marciel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အကြီးတန်း ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချဲလ်လည်း တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် နိုင်ငံတကာမှ အကဲခတ်လေ့လာသူများအား ဖိတ်ခေါ်သွားရန် စီစဉ်ထားမှုရှင်းလင်း



နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရိုမှ အကြီးတန်း ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Scot Marciel၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး H.E. Mr. Derek Mitchell နှင့် ဒုတိယအတွင်းဝန်၊ ဒုတိယကောင်စစ်ဝန် Mr. Jeffrey Warner တို့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ၂၀၁၃ ခုနှစ်မှစ၍ မဟာဗျူဟာစီမံကိန်း ရေးဆွဲဆောင်ရွက်နေမှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နည်းဥပဒေများ ပြင်ဆင်ရေးဆွဲရာတွင် နိုင်ငံရေးပါတီများ၊ CSO များသို့ ချပြ၍ အကြံပြုချက်များ ရယူဆောင်ရွက်ခဲ့မှု၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် Voter Education , Voter Training များကို စီစဉ်ဆောင်ရွက်နေမှု၊ နိုင်ငံတကာ Observer များအား ဖိတ်ခေါ်သွားရန် စီစဉ်ထားမှုတို့အား ရှင်းလင်းပြောကြားသည်။

အမေရိကန် ပြည်ထောင်စု ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးတို့က ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်ရေး ပူးပေါင်းဆောင်ရွက်မည့် အခြေအနေ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် ကူညီဆောင်ရွက်ပေးမှုများ၊ နိုင်ငံတကာ Observer များအား ဖိတ်ခေါ်မည့်အစီအစဉ်တို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကိုနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ဇော်လင်းထွန်းတို့၏ အပိုင်ဂိုးသွင်းခွင့်များ ပထမပိုင်းတွင် လွဲချော်ခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက ခြေအသာဖြင့် ဆက်လက်ဖိကစားနိုင်ခဲ့ပြီး သက်နိုင်၊ ဖိုဒေး၊ မက်ဆီမင်တို့ ထပ်မံလွဲချော်ခဲ့သည်။ ပွဲပြီးခါနီးတွင် ရန်ပိုင် အပိုင်ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။

အချိန်ပိုရှစ်မိနစ်တွင် ဝါရီယာအသင်းဂိုးရခဲ့ပြီး ဘက်အာမက်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မထင်မှတ်ဘဲ ဂိုးပေးခဲ့ရ၍ ရတနာပုံအသင်း တိုက်စစ်အားမြှင့်လာပြီး ၁၀၁ မိနစ်တွင် ရဲဝင်းအောင်က အဝေးကန်ချက်ဖြင့် ချေပဂိုး ပြန်လည်ရယူခဲ့သည်။ အချိန်ပိုတွင်လည်း သရေကျနေသောကြောင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ပယ်နယ်တီငါးလုံးစီ ကန်ရာတွင် ဝါရီယာအသင်းက ငါးလုံးစလုံးဂိုးဝင်သလို ရတနာပုံအသင်းကလည်း မက်ဆီမင်၊ ရန်ပိုင်၊ ဟက်ပီးနက်စ်၊ သီဟစည်သူ(ဂိုး)နှင့် ဖိုးဒေးတို့ ဂိုးဝင်ခဲ့သည်။ ခြောက်လုံးမြောက်ကန်ရာတွင် ဝါရီယာအသင်းမှ ဘင်အာမက်က ဂိုးဝင်ပြီး စည်သူအောင်၏ ကန်ချက်ကို ဂိုးသမားကာကွယ်ခဲ့၍ ဝါရီယာအသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိမည်

မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်ဆက်လက်လျော့နည်းနေမည်။

ပြည်တွင်းသတင်း

နိုင်ငံတော်ဘတ်ဂျက်တွင် ပညာရေးအသုံးစရိတ်ပါဝင်မှု နှစ်အလိုက်တိုးတက်မှု အခြေပြဇယား



ရည်ညွှန်းချက်

- ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၃၁၀၀၂၀. ၁၃၈ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၈၀၈၃၃၀၃. ၈၆၆၏ ၃. ၈၄ %
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၇၆၀၆၆၀. ၈၈၂ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၁၈၂၀၄၁၈. ၄၂၁၏ ၆. ၄၄%
- ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၈၉၂၈၇၅. ၀၇၀ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၄၉၁၀၆၈၁. ၃၄၀၏ ၅. ၉၉%
- ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၁၁၅၈၄၃၆. ၇၄၀ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၉၄၄၃၃၁၅. ၈၆၃၏ ၅. ၉၆%

(သတင်းစဉ်)

နိုင်ငံတော်ဘတ်ဂျက်တွင် ကျန်းမာရေးအသုံးစရိတ်ပါဝင်မှု နှစ်အလိုက် တိုးတက်မှုအခြေပြဇယား



ရည်ညွှန်းချက်

- ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်းပေါင်း ၈၆၅၈၁. ၂၁၂ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၈၀၈၃၃၀၃. ၈၆၆ ၏ ၁. ၀၇%
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်းပေါင်း ၃၈၁၆၀၂. ၈၀၂ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၁၈၂၀၄၁၈. ၄၂၁ ၏ ၃. ၂၃%
- ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၄၈၅၇၃၁. ၂၈၂ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၄၉၁၀၆၈၁. ၃၄၀ ၏ ၃. ၂၆ %
- ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း ၇၀၈၉၄၉. ၀၀၆ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၉၄၄၃၃၁၅ . ၈၆၃ ၏ ၃ . ၆၅%

(သတင်းစဉ်)

နိုင်ငံတော်ဘတ်ဂျက်တွင် ပညာရေးနှင့် ကျန်းမာရေး အသုံးစရိတ်ပါဝင်မှုနှစ်အလိုက် တိုးတက်မှုအခြေပြဇယား



ရည်ညွှန်းချက်

ပညာရေး ။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်ငွေကျပ်သန်းပေါင်း ၃၁၀၀၂၀. ၁၃၈ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၈၀၈၃၃၀၃. ၈၆၆ ၏ ၃. ၈၄ %
၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်ငွေကျပ်သန်းပေါင်း ၇၆၀၆၆၀. ၈၈၂ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၁၈၂၀၄၁၈. ၄၂၁ ၏ ၆. ၄၄ %
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်းပေါင်း ၈၉၂၈၇၅. ၀၇၀ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၄၉၁၀၆၈၁. ၃၄၀ ၏ ၅. ၉၉ %
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ငွေကျပ်သန်းပေါင်း ၁၁၅၈၄၃၆. ၇၄၀ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၉၄၄၃၃၁၅. ၈၆၃ ၏ ၅. ၉၆ %

ကျန်းမာရေး ။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်းပေါင်း ၈၆၅၈၁. ၂၁၂ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၈၀၈၃၃၀၃. ၈၆၆ ၏ ၁. ၀၇ %
၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်းပေါင်း ၃၈၁၆၀၂. ၈၀၂ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၁၈၂၀၄၁၈. ၄၂၁ ၏ ၃. ၂၃ %
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်းပေါင်း ၄၈၅၇၃၁. ၂၈၂ ရှိသဖြင့် နိုင်ငံတော်ဘတ်ဂျက် ၁၄၉၁၀၆၈၁ . ၃၄၀ ၏ ၃. ၂၆ %
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်းပေါင်း ၇၀၈၉၄၉. ၀၀၆ ရှိသဖြင့်နိုင်ငံတော်ဘတ်ဂျက် ၁၉၄၄၃၃၁၅. ၈၆၃ ၏ ၃. ၆၅%

(သတင်းစဉ်)

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း၊ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း၊ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အမှတ်(I-2) ဥပဒေကြမ်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အဖွင့်အမှာစကား ပြောကြားရာတွင် သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအနေဖြင့် အများပြည်သူအကျိုးအတွက် ဥပဒေကြမ်းလေးခုကို မှန်မှန်ကန်ကန်နှင့်အချိန်မီ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကော်မတီများမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ လူမှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့မှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယခု ညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေးသည့် ဥပဒေကြမ်းလေးခုနှင့် စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များနှင့် ပြည်သူများက အကြံပြုချက်များ ပေးပို့ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာ ဆောင်းပါး

အထင်/အမြင်နှင့် မှတ်ကျောက်

ကေကေ(မဟာဝိဇ္ဇာ)

၂၀၁၅ နှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရှိသောကြောင့် ၂၀၁၅ နှစ်သစ်ကို နိုင်ငံရေးနှင့်ဆက်နွယ်သူတို့က စိတ်ဝင်စားကြသည်။ တကယ်တော့ ၂၀၁၄ ကတည်းက ရွေးကောက်ပွဲအကြောင်းပြောနေကြခြင်းဖြစ်သည်။ ရွေးကောက်ပွဲအကြောင်းပြောတော့ ရွေးကောက်ပွဲကော်မရှင်အကြောင်းလည်းပါလာသည်။ အကောင်းတော့မဟုတ်ချေ။ အဆိုးမြင်ဝေဖန်မှုနှင့် သံသယစကားတွေဖြစ်၏။

အချို့ကိုကောက်နုတ်ဖော်ပြရလျှင် ၂၀၁၅ ရွေးကောက်ပွဲကို တရားမျှတစွာကျင်းပပေးဖို့ နိုင်ငံတကာခေါင်းဆောင်အချို့က သတိပေးသလိုလိုနှင့်ပြောသည်။ ပြည်တွင်းမှနိုင်ငံရေးပါတီနှင့်အသင်းအဖွဲ့များကလည်း ဤအချက်ကိုပင် အကြိမ်ကြိမ်ပြောကြသည်။ နိုင်ငံရေးပါတီခေါင်းဆောင်တစ်ယောက်က ၂၀၁၅ ရွေးကောက်ပွဲကို သတ်မှတ်ချိန်အတိုင်း ကျင်းပပေးရန်ပြောသည်။ ၂၀၁၄ ကြားဖြတ်ရွေးကောက်ပွဲကို လုပ်မည်ပြောပြီး မလုပ်ဖြစ်သောကြောင့် ဤစကားကိုပြောခြင်းဖြစ်သည်ဟု ယူဆရသည်။ ရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲတာဝန်ကိုသာ သတ်သတ်မှတ်မှတ်တာဝန်ပေးရန် လွှတ်တော်အမတ်တစ်ယောက်၏အသံကိုလည်းကြားလိုက်ရသည်။ တပ်မတော်သားတွေသည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၌ ဝင်ရောက်တာဝန်ထမ်းဆောင်လျက်ရှိသည်ကိုလည်း အမြင်မကြည်စွာဖြင့် မီဒီယာများတွင် ရေးသားကြသည်။ ၂၀၁၅ ရွေးကောက်ပွဲ၏တရားမျှတမှုကို မည်မျှအာမခံနိုင်မည်နည်းဟု ပြည်ပအသံလွှင့်ဌာနတစ်ခုက စာရေးသူကိုမေးဖူးသည်။ အဆိုးဆုံးကား . . . တရားမျှတသောရွေးကောက်ပွဲဖြစ်မည်ဟု မယုံကြည်၍ရွေးကောက်ပွဲကော်မရှင်တစ်ခုလုံး နုတ်ထွက်ပေးဖို့ ဆန္ဒပြတောင်းဆိုကြခြင်းဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲပြီးမှ ဖွဲ့စည်းလိုက်သောကော်မရှင်အသစ်ဖြစ်သည်။ ဒီမိုကရေစီအစိုးရက ခန့်အပ်လိုက်သောရွေးကောက်ပွဲကော်မရှင်အသစ်လက်ထက်တွင် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတစ်ကြိမ်သာကျင်းပပေးခဲ့ဖူးပြီး တစ်ကြိမ်ဆို ဆိုသလောက် မှတ်ကျောက်အတင်ခံပြီးဖြစ်လေသည်။

၁-၄-၂၀၁၂ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ကို ၂၉-၁၂-၂၀၁၁ ရက်တွင် ကြေညာခဲ့သည်။ ထိုအချိန်အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမပေါ်ပေါက်သေးပေ။ ရွေးကောက်ပွဲကော်မရှင်က လွှတ်တော်အသီးသီး၏မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်မည့် နောက်ဆုံးရက် ၃၁-၁-၂၀၁၂ မတိုင်မီ ၅-၁-၂၀၁၂ ရက်တွင် ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းဖြင့် ရွေးကောက်ပွဲဝင်ရန် အချိန်မီစေသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(င) ကို ပယ်ဖျက်နိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။ နည်းဥပဒေကိုလည်း လိုအပ်သလို ပြင်ဆင်ပေးခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်သည် ကြားဖြတ်ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ စနစ်တကျကျင်းပပေးခဲ့သည်။ လုံခြုံရေးအခြေအနေအရ ကျင်းပမပေးနိုင်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် သုံးခုမှလွဲ၍ လွှတ်တော်(၃)ရပ်၏ လစ်လပ်နေရာ ၄၅ နေရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၄၃ နေရာ အနိုင်ရရှိခဲ့သည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် လူပြောသူပြောများခဲ့သော ကြိုတင်မဲကို ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ ရွေးကောက်ပွဲကော်မရှင်က ဟာကွက်များကို ထိန်းချုပ်ပြင်ဆင်နိုင်ခဲ့သောကြောင့် လေသံပင်ထွက်မလာတော့ပေ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်းများက တစ်ခုထက်ပိုသော မဲဆန္ဒနယ်များတွင် အခြားပါတီများမှ ကိုယ်စားလှယ်လောင်းများထက် ကြိုတင်မဲအရေအတွက် ပိုမိုရရှိခဲ့ကြောင်းတွေ့ရသည်။ ကြိုတင်မဲသည် မဲဆန္ဒရှင်ကို အခွင့်အရေးမဆုံးရှုံးစေသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုလည်း အကျိုးရှိစေသည်။ ကြိုတင်မဲဆိုသည်မှာ စနစ်တကျ ဆောင်ရွက်လျှင် ကြောက်စရာမဟုတ်ကြောင်း သက်သေပြနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း ဤစနစ်အတိုင်း လုပ်ဆောင်မည်ဖြစ်သောကြောင့် ပူပင်စရာမလိုချေ။

ယင်းကြားဖြတ်ရွေးကောက်ပွဲ၌ မဲပေးနေစဉ် အတောအတွင်းမှာပင် မဲဆန္ဒနယ် အချို့၌ မဲလက်မှတ်များကို ဖယောင်းသုတ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တာဝန်ရှိသူတစ်ယောက်က ရွေးကောက်ပွဲကော်မရှင်သို့ တိုင်ကြားခြင်း၊ သတင်းဖြန့်ခြင်းပြုလုပ်၏။ တိုင်ကြားချက်အရ ထိုမဲဆန္ဒနယ်၏ရွေးကောက်ပွဲမှာ တရားမျှတမှုမရှိကြောင်း ကြေညာ၍ရလဒ်များကို ပယ်ဖျက်လိုက်လျှင် ရသည်။ သို့သော် ရွေးကောက်ပွဲကော်မရှင်သည် ကြားပါတီများပါဝင်သောအဖွဲ့များဖြင့်စစ်ဆေးစေပြီး တိုင်ကြားချက်မမှန်ကန်ကြောင်း သက်သေထူကာရလဒ်များကို လက်ခံအတည်ပြုပေးခဲ့သည်။ သို့ဖြင့် ဖယောင်းသုတ်သည်ဆိုသော မဲဆန္ဒနယ်အားလုံးတွင် အနိုင်ရခဲ့ကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ကိုယ်စားလှယ်လောင်းများသည် မနစ်နာတော့ချေ။ ဤသည်မှာ ရွေးကောက်ပွဲကော်မရှင်၏ တရားမျှတစွာ ဆောင်ရွက်ပေးမှုတစ်ခု ဖြစ်ပါသည်။

ထို့ပြင် သံတမန်များကို ရွေးကောက်ပွဲအား ကြည့်ရှုလေ့လာခွင့်ပြုခဲ့သည်။ ပြည်တွင်းအဖွဲ့အစည်းတစ်ခုက ၎င်းတို့အစီအစဉ်ဖြင့် စောင့်ကြည့်လေ့လာသည်ကိုလည်း ရွေးကောက်ပွဲကော်မရှင်က မပိတ်ပင်ခဲ့။ ၎င်းအဖွဲ့သည် စောင့်ကြည့်လေ့လာရေးအစီရင်ခံစာကို လွတ်လပ်စွာဖြန့်ဝေခဲ့ပါသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင်လည်း ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲထက် ပိုမိုကျယ်ပြန့်စွာ ပြည်တွင်းပြည်ပ စောင့်ကြည့်လေ့လာရေးအဖွဲ့များကို ဖိတ်ခေါ်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။ မိမိလုပ်ငန်းကို လာရောက်အကဲဖြတ်ရန်ဖိတ်ခေါ်ခြင်းမှာ ကိုယ့်လိပ်ပြာကို ကိုယ်လုံ၍ တရားမျှတမှုကို အာမခံနိုင်သောကြောင့်ဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်လက်ထက်တွင် ပထမဦးဆုံးကျင်းပခဲ့သော အဆိုပါ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို နိုင်ငံတကာ တရားမျှတသော ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း မမေ့လျော့သင့်ပေ။

ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင်လည်း အလားတူ တရားမျှတစွာကျင်းပပေးနိုင်ရန် ၂၀၁၈ ခုနှစ်အထိ အကျုံးဝင်သော မဟာဗျူဟာစီမံချက်တစ်ခုကို ရေးဆွဲကာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင် အကောင်အထည်ဖော်နေသည်။ ဤမဟာဗျူဟာစီမံချက်ကို ပွင့်လင်းမြင်သာစေလိုသောသဘောဖြင့် နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများထံ စေစီးစွာချပြဖြန့်ဝေထားကြောင်း သိရသည်။ ထို့ကြောင့် နိုင်ငံရေးပါတီများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်၏ ကြိုတင်ပြင်ဆင်မှုပန်းတိုင်များကိုလည်းကောင်း၊ ၎င်းတို့နှင့် ပူးပေါင်းလုပ်ဆောင်မည့် လုပ်ငန်းများကိုလည်းကောင်း သိထားပြီး ဖြစ်ပါသည်။ ယနေ့ရွေးကောက်ပွဲကော်မရှင်သွားနေသောလမ်းကြောင်းမှာ ၎င်းစီမံချက်အတိုင်းပင်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ကော်မရှင်အဖွဲ့ဝင် ၁၇ ဦး အပါအဝင် အရာထမ်း ၄၀၊ အမှုထမ်း ၄၆ ဦးဖြင့် ကျင်းပပေးခဲ့သည်။ နောင်ငါးနှစ်တစ်ကြိမ်ကျင်းပမည့် ရွေးကောက်ပွဲများ စနစ်တကျ ကျင်းပပေး နိုင်ရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ဖွဲ့စည်းပုံရေးဆွဲ တင်ပြကာ ခွင့်ပြုပါက ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများဖြင့် စုစည်းဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်းဖော်ပြ၍ အစိုးရအဖွဲ့ထံမှ ခွင့်ပြုချက်တောင်းခံဆောင်ရွက်သည့် အင်အားဖြည့်တင်းခြင်းမှာ စီမံချက်ပါလုပ်ငန်းတစ်ခုဖြစ်သည်။ ၂၀၁၀ နှင့် ၂၀၁၂ ရွေးကောက်ပွဲတို့တွင် ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းဟူ၍ လုံလောက်အောင်မရှိသောကြောင့် အခြားဝန်ကြီးဌာနတို့မှ တွဲဖက်ထားသော ဝန်ထမ်းများ၊ အငှားရုံးအသုံးအဆောင်ပစ္စည်းများဖြင့် အလုပ်လုပ်ခဲ့ကြသည်။ ရွေးကောက်ပွဲပြီးသောအခါ တွဲဖက်ဝန်ထမ်းအများစုသည် မိခင်ဌာနသို့ ပြန်သွားကြ၏။ ရွေးကောက်ပွဲ ပြီးသွားပြီဖြစ်သဖြင့် အလုပ်မရှိတော့ဟု လူတိုင်းနီးပါးက ထင်ကြသည်။ အမှန်မှာ မဲစာရင်းကို UP DATE ဖြစ်အောင် ပုံမှန်ပြင်နေရခြင်း၊ ပုံမှန်ရုံးလုပ်ငန်းရှိခြင်း၊ တိုင်ကြားလာသော နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း စသော အလုပ်တွေက နှစ်လုံးပေါက်ရှိသည်။ ဝန်ထမ်းချို့တဲ့သောအခါ လုပ်ငန်းအဆက်ပြတ်ခြင်း၊ နှောင့်နှေးခြင်း၊ အခက်အခဲများနှင့် ရင်ဆိုင်ရသည်။ ၂၀၁၅ ရွေးကောက်ပွဲကို အောင်မြင်ချောမွေ့စွာကျင်းပနိုင်ရန် ယင်းအားနည်းချက်ကို ဦးစွာပြင်ဖို့ လိုအပ်သည်။

သို့ဖြစ်၍ ရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ရုံးလုပ်ငန်းကို ထိထိမိမိနှင့် စနစ်တကျလုပ်ဆောင်နိုင်ရန် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းအင်အား စုဆောင်းဖြည့်တင်းခြင်း၊ ပရိဘောဂ၊ ရုံးသုံးစက်ကိရိယာပစ္စည်းနှင့် ယာဉ်များ ဝယ်ယူဖြည့်တင်းခြင်းကို ဦးစားပေးခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်က သူ့အလုပ်သူလုပ်နေသည်ကို ဘေးက ဝေဖန်လာကြသည်။ အထူးသဖြင့် တပ်မတော်အရာရှိအချို့ ပခုံးပြောင်းတာဝန်ထမ်းဆောင်လာသောအခါ ပါတီတစ်ခုအတွက် နိုင်ငံရေးအခင်းအကျင်း ကူညီလုပ်ဆောင်ပေးနေသည့် သဘောမျိုး၊ မီဒီယာမှတစ်ဆင့် သံသယဝေဖန်ချက်တွေ၊ စွပ်စွဲမှုတွေ အတောမသတ် ထွက်ပေါ်လာခဲ့ပါသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပညာပေးရေးကို အရပ်ဘက်ဆိုင်ရာလူမှုအဖွဲ့အစည်းများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ မီဒီယာများ၊ အထူးသဖြင့် တိုင်းရင်းသား ပြည်နယ်များတွင် BRIDGE (Building Resources in Democracy, Governance and Election) သင်တန်းဆင်းဆရာများ၏ အားဖြင့် ကျယ်ပြန့်စွာလုပ်ဆောင်ရန် စီမံလျက်ရှိ

ဝန်ကြီးဌာနများမှ မရနိုင်သော ရုံးအကူနှင့် စာရေးနေရာများအတွက် ယခုမှ ရုံးအလုပ် စလုပ်မည့်အရပ်သားများကို ခေါ်ယူခန့်အပ်ထားခြင်းမှာ အကြောင်းမဟုတ်ချေ။ မြို့နယ်/ခရိုင်/ပြည်နယ်နှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအသီးသီး၏တာဝန်ခံရာထူးများဖြစ်ကြ သော ဦးစီးအရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာအတွက်မူ ရုံးလုပ်ငန်း မလုပ်ဖူးသေးသော အပြင်လူတွေကို တိုက်ရိုက်ခန့်အပ်ခြင်းထက် ဝန်ကြီးဌာနများမှ ရုံးလုပ်ငန်းအတွေ့အကြုံရှိပြီးသူများကို လုပ်ငန်းကူးပြောင်းခန့်အပ်ခြင်းက ပိုမိုလျော်ကန်သင့်မြတ်ကြောင်း ဝေဖန်သူတွေ သိနိုင်လောက်ပါသည်။ ထို့ကြောင့် ဝန်ကြီးဌာနများမှ လုပ်ငန်းအတွေ့အကြုံ ရှိပြီးသူများကို ဦးစွာဆက်သွယ်အကြောင်းကြားခဲ့သော်လည်း ထင်သလောက်မရခဲ့ပေ။ ကာကွယ်ရေးဝန်ကြီးဌာနမှပေးသော တပ်မတော်အရာရှိများကိုသာ ပထမပိုင်းတွင် ခန့်အပ်ခဲ့ရသည်။ (မှတ်ချက်။ ၎င်းတို့၏ အဓိကတာဝန်မှာ ရုံးလုပ်ငန်းဖြစ်သည်။ ရွေးကောက်ပွဲအလုပ်ကို နိုင်ငံတော်အစိုးရထံမှ ခံစားခွင့်မယူသော စေတနာ့ဝန်ထမ်းများဖြစ်သည့် အများယုံကြည်လေးစားသူပုဂ္ဂိုလ်အဖွဲ့က ဦးဆောင်သွားမည်ဖြစ်သည်။) သို့သော်လည်း ရုံးတာဝန်ခံအရာရှိနေရာကို ဖွဲ့စည်းပုံအပြည့် မခန့်အပ်နိုင်သေး။ ဆက်ခန့်လျှင် ဝေဖန်ကြဦးမည်လားမသိ။

ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကဲ့သို့ မှတ်ကျောက်တင်ခံနိုင်မည့် အခြားကြားဖြတ် ရွေးကောက်ပွဲတစ်ခုကို ၂၀၁၄ နှစ်ကုန်ပိုင်းတွင် လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးရန် လျာထားခဲ့သည်။သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ရပ်ကျေး ကော်/ခွဲများအား ပြန်လည်စိစစ်ဖွဲ့စည်းထားရန် မဲစာရင်းကို Pilot Project အတိုင်း မလုပ်ဘဲ၊ ၂၀၁၂ ကြားဖြတ်မဲစာရင်းအတိုင်း ပြုစုရန် စသည်ဖြင့် ညွှန်ကြားထားပြီးဖြစ်သည်။ ဤသို့ ၂၀၁၄ ကြားဖြတ်ကို နိုဝင်ဘာလ ကုန်တွင်လျာထားခြင်းမှ အာဆီယံထိပ်သီးညီလာခံကို အောက်တိုဘာ (၁၄/၁၅) ရက်တွင်ကျင်းပမည်ဟု သိထားခဲ့သောကြောင့် ဖြစ်သည်။ အာဆီယံ ထိပ်သီးညီလာခံရှေ့တွင် ဆီးဂိမ်းအားကစားပွဲ၊ တစ်နိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ခံမှု စီမံချက်ရှိသဖြင့် အောက်တိုဘာလထက်စော၍ ကျင်းပရန်လည်း မဖြစ်နိုင်။ နိုဝင်ဘာ တစ်လသာလွတ်နေ၏။ သို့သော် မမျှော်လင့်ဘဲ အာဆီယံ ထိပ်သီးညီလာခံကို နိုဝင်ဘာ (၁၄/၁၅) ရက်သို့ ပြောင်းရွှေ့လိုက်သောအခါ ကြားဖြတ်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးကာလနှင့် ဒက်ထိဆုံသွားသည်။ ဤတိုက်ဆိုင်မှုသည် လုပ်ပေးချင်လွန်းသော ကြားဖြတ်ရွေးကောက်ပွဲကို ပယ်ဖျက်လိုက်ရသည့် အဓိကအကြောင်းပြချက်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲကို ဒီဇင်ဘာလသို့ နောက်ဆုတ်ပြီးလုပ်ပေးပါက ဖြစ်နိုင်သည်ဆိုသော်ငြား ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် ၂၀၁၅ နှစ်ဆန်းပိုင်းအထိ ကူးပြောင်းရောက်ရှိသွားမည်ဖြစ်သဖြင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် စီမံချက် အရ ဆောင်ရွက်နေသည့် ပြင်ဆင်ရေးလုပ်ငန်းများ လစ်ဟာသွားနိုင်ခြင်း၊ ထိုအချိန်က မပြတ်မသားဖြစ်နေသေးသော အချိုးကျရွေးကောက်ပွဲစနစ်အတွက် ကော်မရှင်အပိုင်းမှ ပြင်ဆင်ချိန် လျာထားရခြင်း စသည့်အခက်အခဲများ ရှိနေပေသည်။ ကော်မရှင်သည် နိုင်ငံရေးပါတီခေါင်းဆောင်အချို့ပါတီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး အကျိုးအပြစ်တင်ပြကာ သဘောထားရယူခဲ့သည်။ အများစုက ကြားဖြတ်ရွေးကောက်ပွဲမလုပ်ရန် လက်ခံသဖြင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ မည်သို့ဆိုစေ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကိုမူ လွှတ်တော်သက်တမ်း အကူးအပြောင်းအတွက် လိုအပ်ချက်ဖြစ်ရကား မဖြစ်မနေ ကျင်းပပေးလိမ့်မည်ဟု ယုံကြည်စေလိုသည်။

ရှေ့တွင်ရေးခဲ့သလို ရွေးကောက်ပွဲကော်မရှင်သည် ဥပဒေကအပ်နှင်းထားသောကြောင့် နိုင်ငံရေးပါတီများကို ကြီးကြပ်ရန် တာဝန်ရှိသည်။ တာဝန်သာ ပေးထားသည်။ စစ်စစ်ပေါက်ပေါက်လေ့လာကြည့်လျှင် ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများကို သို့မဟုတ် ပါတီဝင်များကို နစ်နစ်နာနာဖြစ်အောင် ဘာတစ်ခုမှ လုပ်ပိုင်ခွင့်မရှိချေ။ တစ်ခုတော့ရှိ၏။ မှတ်ပုံတင်ခွင့်ပြုနိုင်သောကြောင့် မှတ်ပုံတင်ကို ပြန်လည်ပယ်ဖျက်နိုင်သော လုပ်ပိုင်ခွင့်ကတော့ ရှိသည်ပင်။ ရှိသာရှိသည်။ ဤလုပ်ပိုင်ခွင့်ကို တစ်ကြိမ်တစ်ခါမှ အသုံးမပြုခဲ့ပါ။ လွှတ်တော်ဥပဒေ အခန်း ၁၃ တွင် အနည်းဆုံး ထောင်ဒဏ်တစ်နှစ်၊ ဒဏ်ငွေ တစ်သိန်းမှသည် အများဆုံးထောင်ဒဏ်သုံးနှစ်၊ ဒဏ်ငွေ သုံးသိန်းအထိ ပြစ်ဒဏ်ချနိုင်သော ပုဒ်မများကို ပြဋ္ဌာန်းထားသော်လည်း ရဲအရေးပိုင်သော အမှုများဖြစ်သည့်အတွက် စွဲချက်တင်စစ်ဆေး၍ အပြစ်ထင်ရှားလျှင် တရားရုံးက အပြစ်ပေးမှာဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်က ဘယ်ပါတီ၊ ဘယ်သူ့ကိုမှ ထောင်မချနိုင်၊ ဒဏ်ငွေမတပ်နိုင်ပေ။ ရွေးကောက်ပွဲကော်မရှင်လုပ်နိုင်တာက ခေါ်ယူသတိပေးတာ၊ ညွှန်ကြားချက်ထုတ်တာလောက်ပါပဲ။ ဒါတောင်မလိုက်နိုင်သော ပါတီတွေရှိလေသည်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲကာလတုန်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တာဝန်ပေးသဖြင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတစ်ခုက နိုင်ငံရေးပါတီခေါင်းဆောင်တစ်ယောက်ကို သတိပေးဆွေးနွေးရန်ခေါ်ယူရာ အနီးပုဂ္ဂိုလ်မလာချေ။ ကော်မရှင်အဖွဲ့ခွဲလည်း ဘာမျှမတတ်နိုင်ပေ။ ဤသည်ကိုပင် ရွေးကောက်ပွဲကော်မရှင်ကို လုပ်ပိုင်ခွင့်တွေပေးထားသည်မှာ များလွန်းသည်ဟု ဆိုလျှင် အံ့သြစရာပင်တည်း။

တကယ်တော့ ဝေဖန်မှု၊ ဆွေးနွေးမှုနှင့် ဆန္ဒပြမှုတို့သည် တစ်ဖက်သတ် မကျသင့်ဟု ယူဆသည်။ နိုင်ငံရေးပါတီတွေဘက်ကလည်း ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေနှင့် ရွေးကောက်ပွဲကော်မရှင်က အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များကို သိရှိသင့် လိုက်နာသင့်သည်။ သို့မဟုတ်က ညွှန်ကြားချက်တွေ၊ စည်းကမ်းချက်တွေ (တာဝန်အရ) ဟောတစ်ခု ဟောတစ်ခု လာနေပေမည်။ ဒါတွေ မကြာခဏ လာဖန်များလာတော့ နားပူလာသည်ထင့်။ ကိုယ့်မျက်ချေး ကိုယ်မမြင်ဘဲ ရွေးကောက်ပွဲကော်မရှင်ကို ပုလိပ်ကြီးကဲ့သို့ မြင်လာတော့သည်။ နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်ကိုလည်း အလေးအနက်ထားသင့်သည်။ ပါတီစတင်တည်ထောင်ခဲ့ချိန်မှစ၍ ဥပဒေများကို လေးစားလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်များ လက်မှတ်ထိုးထားကြသည်။ နားပူမခံနိုင်ပါဘူး။ ကျောပူတာပဲ ခံလိုက်ချင်သည်ဆိုလျှင်ဖြင့် ရွေးကောက်ပွဲကော်မရှင်ထံမှ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းတာဝန်ကို ရုပ်သိမ်းပေးဖို့ ဥပဒေပြုအဖွဲ့အစည်းများကို တိုက်တွန်းသင့်လှသည်။ ထိုအခါတွင် ပါတီများမှတ်ပုံတင်ခြင်းသည် အသင်းအဖွဲ့ဆိုင်ရာဝန်ကြီးဌာနနှင့်သက်ဆိုင်ပြီး ကြီးကြပ်ခြင်းသည် တည်ဆဲဥပဒေအတိုင်းသာ နာခံဖို့ရှိသည်။ ဖောက်ဖျက်ကျူးလွန်က တရားရုံးတွင် ရင်ဆိုင်ပြစ်ဒဏ်ကျခံနိုင်သည်။ ရွေးကောက်ပွဲကော်မရှင်အတွက်လည်း ပခုံးတစ်ဖက်တွင် ဝန်ပေါ့သွားသဖြင့် ရွေးကောက်ပွဲတာဝန်တစ်ခုတည်းကိုသာ စုံပခုံးဖြင့် နိုင်နိုင်နင်းနင်း ထမ်းရွက်ရပါလျှင် အဘယ်မျှ ကောင်းမြိမ့်မည်နည်း။

မည်သို့ပင်ဆိုပါစေ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စများတွင်မူ ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ကင်းကွာ၍မရချေ။ သတိပြုမိပါလျှင် ယနေ့ရွေးကောက်ပွဲကော်မရှင်သည် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင်ဖြစ်စေ၊ နည်းဥပဒေ ပြင်ဆင်ရာတွင် ကျင့်ဝတ် (ethics) ရေးဆွဲရာတွင်ဖြစ်စေ တစ်ဖက်သတ်မလုပ်ဘဲ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းကာ အကြံဉာဏ်တောင်းလေ့ရှိခြင်း၊ အကြံပြုချက်များကို အလေးထားလက်ခံခြင်းဟူသော ဆက်ဆံရေးယဉ်ကျေးမှုပုံစံ အသစ်တစ်ခုကို ကျင့်သုံးလျက်ရှိကြောင်း တွေ့ရပေမည်။ ဥပမာအားဖြင့် ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ကြေးကို ကျပ်ငါးသိန်းမှ သုံးသိန်းသို့ လျှော့ချပေးခြင်း၊ မဲဆွယ်စည်းရုံးကာလကို ရက်ပေါင်းသုံးဆယ်မှ ခြောက်ဆယ်သို့ တိုးမြှင့်ပေးခြင်း၊ မဲဆန္ဒရှင်ပညာပေးရေးနှင့် စောင့်ကြည့်လေ့လာရေးလုပ်ငန်းကို အရပ်ဘက်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

စာမျက်နှာ ၁၀ မှ

လူမှုအဖွဲ့အစည်းများအနေဖြင့် နှစ်ခုစလုံးကိုဖြစ်စေ၊ ကြိုက်နှစ်သက်ရာ တစ်ခုကိုဖြစ်စေ ဆောင်ရွက်ခွင့်ပြုခြင်း စသည်တို့သည် ဆက်ဆံရေးယဉ်ကျေးမှုပုံစံသစ်၏ရလဒ်များဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေ၊ လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို နိုင်ငံရေးပါတီများသို့ အခမဲ့ တစ်စုံစီဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် ဥပဒေနှင့် နည်းဥပဒေအားလုံးပါဝင်သော စီဒီတစ်ချပ်ကိုလည်း လိုအပ်သလိုပွားယူနိုင်ရန် နိုင်ငံရေးပါတီတိုင်းကို ပေးထားပြီးဖြစ်သည်။ ရည်ရွယ်ချက်မှာ နိုင်ငံရေးပါတီဝင်များသည် ဥပဒေ၊ နည်းဥပဒေများကိုသိရှိပြီး ဥပဒေ၏အကာအကွယ်ကို ရယူရန်၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာကျင့်သုံးရန်နှင့် အကယ်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက ဥပဒေနှင့်မညီခဲ့လျှင် ထောက်ပြနိုင်ရန်ဖြစ်သည်။ တစ်ဖန်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကိုလည်း ဖော်ပြပါဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို ထုတ်ဝေပေးထားသည်။ ကော်မရှင်အဖွဲ့ခွဲဝင်တို့အနေဖြင့်လည်း ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ကြစေရန်ဖြစ်သည်။ လိုအပ်နေသေးသည်မှာ မဲဆန္ဒရှင်ပြည်သူများလည်း ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လေ့လာသိရှိနိုင်ရန် ယင်းစာအုပ်များကို ဆိုင်တင်ရောင်းချပေးရေး၊ အောက်ခြေကော်မရှင်အဖွဲ့ခွဲများကို သင်တန်းပေးရေးနှင့် ၎င်းတို့သည် စေတနာ့ဝန်ထမ်းများဖြစ်သဖြင့် သင့်တင့်လျောက်ပတ်သောထောက်ပံ့မှု(Incentive) ချီးမြှင့်ရေးတို့ဖြစ်သည်။ရွေးကောက်ပွဲကော်မရှင်၏ ဤဆောင်ရွက်ချက်များကို တရားမျှတသောရွေးကောက်ပွဲကိုကြည့်ရှုသည့် Fair play များအဖြစ် ရှုမြင်နိုင်သည်။

အချုပ်အားဖြင့် ရွေးကောက်ပွဲကော်မရှင်သစ်၏ဆောင်ရွက်ချက်များကို ပြန်ကြည့်လျှင် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတစွာ ကျင်းပပေးခဲ့ခြင်း၊ မဟာဗျူဟာစီမံကိန်း(၂၀၁၄-၂၀၁၈) ချမှတ်ခြင်း၊ ရွှေ့ပြောင်း အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ထို့နောက်ယင်းစမ်းသပ်မှုကို အခြေခံလျက် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကိုမျှော်မှန်းကာ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့်ကွန်ပျူတာထဲသို့ အချက်အလက်ထည့်သွင်းခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်နေခြင်း၊ ၎င်းလုပ်ငန်းမှတစ်ဆင့် တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းကို Online တွင် ကြည့်ရှုနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ခြင်း၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မကြာခဏတွေ့ဆုံကာ နည်းဥပဒေပြင်ဆင်ရေး၊ ကျင့်ဝတ်ရေးဆွဲရေးနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်း အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပထမအကြိမ် ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်း၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပညာပေးရေးကို အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ မီဒီယာများ၊ အထူးသဖြင့် တိုင်းရင်းသားပြည်နယ်များတွင် BRIDGE (Building Resources in Democracy, Governance and Election) သင်တန်းဆင်းဆရာများ၏အားဖြင့် ကျယ်ပြန့်စွာ လုပ်ဆောင်ရန် စီမံလျက်ရှိခြင်း၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို အကဲခတ်လေ့လာ ဆန်းစစ်နိုင်ရန် ရေရှည်/ရေတို နိုင်ငံတကာလေ့လာသူများနှင့် ပြည်တွင်းစောင့်ကြည့်လေ့လာသူများကို ဖိတ်ခေါ်သွားမည်ဖြစ်ခြင်း၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် IFES, EU, DIPD, ANFERL, NDI, IRI စသည့် နိုင်ငံတကာအထောက်အကူပြုအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ဆွစ်ဇာလန်သံရုံးနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း အစရှိသည့် အခိုင်အမာပြသနိုင်သော လုပ်ဆောင်ချက်များကို ထင်ထင်ရှားရှားတွေ့ရမည်ဖြစ်သည်။

လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းကို အထင်မျှဖြင့် အဆိုးမဝေဖန်သင့်ချေ။ အမြင်ဖြင့်သာ အကောင်းအဆိုးပိုင်းခြားမှု ပြုသင့်ပေသည်။ ထို့အတူ လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းကို လုပ်ငန်းမှတ်ကျောက်မတင်ရသေးဘဲ အမွမ်းမတင်သင့်ချေ။ လက်တွေ့မှတ်ကျောက်တင်ပြီးမှသာ ချီးမွမ်းခြင်း၊ ရှုတ်ချခြင်း ပြုသင့်ပေသည်။

နံရံကပ် ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကျင်းပ

မကွေး ဖေဖော်ဝါရီ ၄

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြိုနှင့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်နံရံကပ်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ယနေ့နံနက်က မကွေးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပရာ နံရံကပ်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲသို့ မကွေးမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကန်သာမှ သတ္တမတန်း၊ အဋ္ဌမတန်းကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာသည်။ နံရံကပ်ပြဘုတ်များ၌ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရသည့် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ပုံများ၊ အဆိုအမိန့်များ၊ ဓာတ်ပုံပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းဓာတ်ပုံများ၊ စာအုပ်ပြပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် စာအုပ်စာစောင်များ၊ သုတ/ရသစာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**

● *ကျောဖုံးမှ*

ရှိသော်လည်း မတ်စောက်သော တောင်တက်လမ်းကြောင့် တောင်တက်ဘုရားဖူးများအတွက် စိတ်သွားတိုင်း ကိုယ်မပါဖြစ်နေခြင်း ဖြစ်သည်။

ဇွဲကပင်တောင် ကေဘယ်လ်ကားစီမံကိန်းကို ယခင်က မလေးရှားကုမ္ပဏီတစ်ခုနှင့်ဆောင်ရွက်ရန် စီစဉ်ခဲ့သော်လည်း ယခုအခါ ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

ဇွဲကပင်တောင်ပေါ်သို့ ကေဘယ်လ်ကားပြေးဆွဲရန် တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်အတွင်းမှ ကေဘယ်လ်ကြိုးဆွဲရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။ လုမ္ဗိနီဥယျာဉ်မှ ဇွဲကပင်တောင်ပေါ် ဆံတော်ရှင်စေတီတော်သို့ အကွာအဝေးမှာ မီတာ ၁၆၅၀ ရှိရာ ကောင်းကင်ကေဘယ်လ်ကြိုးသွယ်တန်းရေးအတွက် အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေပြီဖြစ်သည်။

ယခင်က ဇွဲကပင်တောင်ပေါ်သို့ ကေဘယ်လ်ကားပြေးဆွဲရန် စီမံကိန်းကိုကြားဖူးခဲ့သော်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်မှုမရှိခဲ့ဘဲ ယခုအခါ လက်တွေ့အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်သည်။ ဂျပန်နိုင်ငံကုမ္ပဏီများက လိုအပ်သည့် စီစဉ်မှုများလည်း ပြုလုပ်နေပြီဖြစ်သည်။ ကေဘယ်လ်ကြိုးများကို ပြုလုပ်ရန် ဂျပန်ကုမ္ပဏီတစ်ခုအား တာဝန်ပေးထားရေး စီစဉ်လျက်ရှိသည်။

ဇွဲကပင်တောင်အတက်လမ်းက မတ်စောက်သဖြင့် တောင်ပေါ်တွင် တည်ဆောက်ရေးလုပ်ငန်းအတွက် အုတ်၊ သဲ၊ ကျောက်၊ သံတန်း၊ စတီးလ်ချောင်းများကို လူများ၏လုပ်အားဖြင့် ပင်သယ်ယူကြရသည်။ ဘုရားဖူးများ ကုသိုလ်ယူနိုင်ရန်အတွက် တောင်တက်လမ်းဘေးတစ်ဖက်တစ်ချက်တွင် တောင်ပေါ်သို့သယ်ယူမည့် အုတ်၊ သဲ၊ ကျောက်၊ စတီးလ်ချောင်း၊ အမိုးသွပ်ပြားများ ချပေးထားသည်ကို တွေ့ရသည်။

"သယ်ယူနိုင်သလောက် အမြင့်အထိသယ်ယူပေးပြီး ကုသိုလ်ယူပါ" ဟူသောစာတန်းများကို တောင်တက်လမ်းတစ်လျှောက်တွင် မြင်တွေ့ရသည်။ သဲများကိုနို့ဆီဘူး သုံးဘူးခန့်ထည့်ပြီးသက်န်းများဖြင့် ချည်နှောင်ကာ တောင်တက်လမ်းဘေး တစ်လျှောက်ချထားသည်။ ဇွဲကပင်တောင်တက်ဘုရားဖူးအချို့က သွပ်ပြားအချို့ကိုထမ်းလျက် တက်လာသည်ကိုတွေ့ရသည်။ အချို့က သဲအိတ်လေးများဆွဲလျက် တောင်တက်ဘုရားဖူးရင်း ကုသိုလ်ယူကြသည်။

တောင်တက်ဘုရားဖူးအချို့က အုတ်တစ်လုံးချင်းစီ ကြိုးလေးများချည်နှောင်ကာ ချထားသောအုတ်လေးများကို တစ်ဦးလျှင် တစ်လုံးစီဆွဲလျက် တောင်တက်ရင်း ကုသိုလ်ယူကြသည်။ တောင်ပေါ်အထိ မသယ်နိုင်လျှင် သယ်နိုင်သည့်နေရာအထိ သယ်လာရုံပင်။ နောက်ဘုရားဖူးများက ဆက်လက် သယ်ယူကြပေလိမ့်မည်။

မြင့်မားမတ်စောက်သော ဇွဲကပင်တောင်တက်ခရီးကို မိမိ ခရီးတစ်ဝက်ပင်မတက်နိုင်ခဲ့။ မောဟိုက်ပြီး ရပ်တန့်ကာ ပြန်ဆင်းခဲ့ရသည်။ လှေကားထစ်များ ပြုလုပ်ထားသော်လည်း တစ်ထစ်ပြီး တစ်ထစ် မနည်းအားယူတက်ခဲ့ရသည်။ ယင်းအခက်အခဲများ မကြာမီကာလတွင် ပြေပျောက်တော့မည်။

ကရင်ပြည်နယ်၏ သဘာဝအလှတရားများတွင် ဇွဲကပင်တောင်က ထီးထီးမားမား ရှိနေသည်ဖြစ်ရာ ကေဘယ်လ်ကားစီမံကိန်း အောင်မြင်အကောင်အထည် ပေါ်လာပါက ကရင်ပြည်နယ်၏ခရီးသွားလုပ်ငန်း တိုးတက်လာမည် ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းတွင် ခရီးစဉ်သစ်တစ်ခုလည်း ထွက်ပေါ်လာမည်ဖြစ်သည်။ ဇွဲကပင်တောင်ခြေ၌ ရိုးရာပွဲများနှင့် ဖားစည်သံများ တိုးတက်စည်ဝေနေမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မိုးပွင့်အထူးစီမံချက်အရ ဖေဖော်ဝါရီ ၁ ရက်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးမိုရယ်တို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ ကိုကြီးတင်

ပျောက်ဆုံးကြောင်း
ကျွန်မဒေါ်ခင်အေးလှိုင် ၁၂/အစန(နိုင်)၀၃၀၉၂၂ ISP 3 14-15 18335 19/11/14 ၏ သွင်းကုန်ပါမစ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၄၉၆၄၈**

ကြည်ရိုး LC
အိမ်ဘုရင်

အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ အမှတ် (၂၀/၃၅၉) နေ ကျွန်တော်ဦးလွမ်းဗိုလ်မှ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ ကျွန်တော်နှင့် ဒေါ်ခင်စန်းသည် သားအမိများတော်စပ်ကြပြီး ကျွန်တော်သည် ဒေါ်ခင်စန်းပိုင်ဆိုင်သော မြေကွက်များ၊ ခြံများ၊ အိမ်များအနက်မှ မော်လမြိုင်မြို့၊ မုဒုံမြို့နယ်၊ ကမာဝက်စိန်တောင်ကျေးရွာအုပ်စုတွင်ရှိသော စိန်တောင်ကွင်း (N-၄၇)၊ (N-၄၈)၊ ဧရိယာ ၀ ဒသမ ၇၄ ကိုလည်းကောင်း၊ စိန်တောင်ရပ်ရှိ (၈၇၂-ခ)(N-၄၁)ဧရိယာ (၁ ဒသမ ၀၀၈၈)တို့ကိုလည်းကောင်း ၅-၁၂-၂၀၁၂ ရက်တွင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးအား သက်သေပြု၍ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် ဒေါ်ခင်စန်းအား ကျွန်တော်၏ခြံလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန်နှင့် အိမ်မြေအား ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ရန် ခွင့်ပြုခဲ့ပါသည်။
သို့ပါ၍ ဖော်ပြပါအိမ်၊ ခြံမြေများအား ပိုင်ဆိုင်မှုတစ်စုံတစ်ရာအတွက် ရောင်းချခြင်း ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ထိုသို့ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။
ဦးလွမ်းဗိုလ်
၁၀/မဒန(နိုင်)၁၆၉၄၁၂

Ph : 09-5044926

အမြန်ငှားလိုသည်
ပေ၁၀၀×ပေ၁၀၀ မြေကွက်အဆောက်အအုံပါ (သို့မဟုတ်) အဆောက်အအုံအတွင်း (ပိုင်ရှင်များသာ ဆက်သွယ်ရန်။)
ဖုန်း-၀၉-၅၀၁၉၆၄၈

သွေးသည် အသက်

ပြည်တွင်းသတင်း

စေတီယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲ ဘွဲ့တံဆိပ်တော် အောင်လက်မှတ် ဆက်ကပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းကြီးမှူးကျင်းပခဲ့သော (၉၇)ကြိမ်မြောက် စေတီယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲ၌ ဖြေဆိုအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် သံဃာတော် အရှင်သူမြတ်များအား ၁၃၇၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်(ဖေဖော်ဝါရီ ၇ ရက်)(စနေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။ **ကိုချစ်**

လက်နက်မပြန့်ပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာများ ပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဗျူရို အကြီးတန်း ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာစတော့မာရှယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံစဉ် လက်နက်မပြန့်ပွားရေး၊ လူ့အခွင့်အရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

စီးတီးတက္ကစီမှတ်ပုံတင်ခြင်းလုပ်ငန်း မထသက ဆက်လက်ဆောင်ရွက်လျက်ရှိ

သတင်း
တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ဘော်ဂါသွေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ယနေ့ ရန်ကုန်မြို့၌ ပြေးဆွဲလျက်ရှိနေသော တက္ကစီအငှားယာဉ်များအား စီးတီးတက္ကစီအဖြစ်မှတ်ပုံတင်ခြင်းလုပ်ငန်း၊ သက်တမ်းတိုးခြင်းလုပ်ငန်းများကို မထသဗဟိုက ခရိုင်အလိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိနေကြောင်း ဇန်နဝါရီ ၃၁ ရက်က မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က မြန်မာ့အလင်းသတင်းအဖွဲ့နှင့်တွေ့စဉ်က ပြောကြားခဲ့သည်။

ဥက္ကဋ္ဌ ဦးလှအောင်က "အငှားတက္ကစီယာဉ်တွေကို စီးတီးတက္ကစီအဖြစ် ဆက်လက်ဆောင်ရွက်နိုင်ဖို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက မထသ(ဗဟို)ကို ၂၀၁၄ခုနှစ် စက်တင်ဘာ ၃၀ ရက်က လွှဲပြောင်းတာဝန်ပေးအပ်ခဲ့ပါတယ်" ဟု ဆိုသည်။

ရန်ကုန်မြို့၌ စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ထားပြီးသော အငှားယာဉ် ၅၅၁၃၁ စီးရှိသည်ဟုသိရသည်။ သို့သော် လမ်းမကြီးများပေါ်၌ ယနေ့ပြေးဆွဲနေသော အငှားတက္ကစီယာဉ် အတော်များများသည် စီးတီးတက္ကစီအမှတ်အသား နံပါတ်များ မရှိသကဲ့သို့ ကားရှေ့တွင်စီးတီးဘုတ်များ တင်ထားသည်ကို မတွေ့ရပေ။ အဖွဲ့အစည်းနှစ်ခုအကြား ကြားလပ်နေသည်ဟု ဆိုကြသည်။

စမ်းချောင်းမြို့နယ် အတွင်းရှိ အငှားတက္ကစီယာဉ်မောင်း ကိုအေးမြင့်လွင်က "အစကမြို့တော်စည်ပင်က ဆောင်ရွက်ပေးနေတာပါ။ နောက်ဆုံး ခရိုင်အလိုက်ခွဲပြီး မြို့နယ်စည်ပင်ရုံးတွေမှာ တန်းသွားစီပြီးလုပ်ရတာ၊ အခုမထသက ဆောင်ရွက်ပေးနေတယ်လို့ ကြားတယ်၊ ဒါပေမယ့် အခုနောက်ဝင်တဲ့တက္ကစီသစ်တွေ၊ သက်တမ်းကုန်သွားတဲ့ တက္ကစီတွေ ပြန်လုပ်တာမတွေ့တော့ဘူး"ဟု ဆိုခဲ့သည်။

မထသ(ဗဟို)အနေဖြင့် ခရိုင်လေးခရိုင်၌ စီးတီးတက္ကစီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အရှေ့ပိုင်းခရိုင်၌ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄) ရပ်ကွက် သံသုမာလမ်းမကြီး (စီမံကိန်းမှတ်တိုင်) တိုက်(စီ) အခန်း ၀၀၁(မြေညီ)ရှိ မထသရုံး၌လည်းကောင်း၊ အနောက်ပိုင်းခရိုင်၌ မရမ်းကုန်းမြို့နယ် ဘုရင့်နောင် တပင်ရွှေထီးလမ်း အမှတ် ၁၃၃ မထသရုံး၌လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်။

လမ်းပေါ်တွင်ပြေးဆွဲနေသော စီးတီးတက္ကစီအမှတ်အသားပါသော ယာဉ်နှင့် မပါသောယာဉ်နှစ်စီးကို ယှဉ်၍တွေ့ရစဉ်။

ထို့အပြင် တောင်ပိုင်းခရိုင်၌ သန်လျင်မြို့နယ် သိမ်ကျောင်းလမ်း အမှတ် (၈) ရှိ မထသရုံး၌လည်းကောင်း၊ မြောက်ပိုင်းခရိုင်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ် တိုက်(၁)ရှိ မထသရုံး၌လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တက္ကစီအငှားယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် စီးတီးတက္ကစီအဖြစ်စနစ်တကျ မှတ်ပုံတင်ပြေးဆွဲနိုင်စေရန် ရည်ရွယ်လျက် မထသ(ဗဟို) အောက်ရှိ Driver ဂျာနယ်မှ လှူဒါန်းငွေဖြင့် လက်ကမ်းစာစောင် ၁၀၀၀၀ ကို ၂၀၁၄ ဒီဇင်ဘာလက အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

ဥက္ကဋ္ဌ ဦးလှအောင်က "လမ်းပေါ်မှာပြေးဆွဲနေတဲ့ အငှားတက္ကစီတွေကို စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ဆောင်ရွက်ရတာ ရည်ရွယ်ချက်သုံးရပ်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ ပထမရည်ရွယ်ချက်က တက္ကစီ အငှားယာဉ်တွေ မြို့တော်အင်္ဂါရပ်နဲ့ ညီညွတ်ပြီး သန့်ရှင်းသပ်ရပ် စနစ်တကျရှိစေရန်၊ ဒုတိယရည်ရွယ်ချက်က တက္ကစီအငှားယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပိုမိုသိရှိလိုက်နာကြစေရန်၊ တတိယရည်ရွယ်ချက်က ပြည်တွင်းပြည်ပခရီးသွားတွေ အငှားတက္ကစီငှားရမ်းစီးနင်းတဲ့အခါ အဆင်ပြေချောမွေ့စေရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ပါ"ဟု ရှင်းပြခဲ့သည်။

ထပ်မံ၍သိရသည်မှာ မထသအနေဖြင့် စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်သည့်အခါတွင် ငွေကြေးကုန်ကျမှုပမာဏ ညီညွတ်မျှတမှုရှိစေရန်၊ ကုမ္ပဏီသို့ပေးသွင်းရသည့် ငွေကြေးနှင့်အချိန်ကြန့်ကြာမှုများ လျှော့ချပေးနိုင်စေရေးအတွက် အဓိကဦးစားပေး စီစဉ်လျက်ရှိကြောင်း သိရသည်။

စစ်ဆေးမှုနှင့်အရေးယူမှုအပိုင်းအနေဖြင့် ယာဉ်ကြောရှင်းလင်းရေးနှင့် စည်းကမ်းပျက်ယာဉ်များ ဖမ်းဆီးရေး ၁၀ ဖွဲ့တို့က ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍စီမံချက်တစ်ရပ် အနေဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ဥက္ကဋ္ဌ ဦးလှအောင်က "အငှားတက္ကစီယာဉ်တွေအနေနဲ့ မြို့တော်အင်္ဂါရပ်နဲ့ညီညွတ်စေဖို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေ ပိုမိုကောင်းမွန်စေဖို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းဘေးကပ်တုံးများ ဝင်ရောက်တိုက်မိ

နေပြည်တော် ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီ မိနစ် ၅၀ က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၄၈/၂-၃)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇီးပင်သာအမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်နေ စိုးလင်း (၃၆နှစ်) မောင်းနှင်လာသော 3I/---- ဟိုက်ဂျက် အဖြူရောင်ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီးလမ်းယာဘက်ဘေးရှိကပ်တုံးများကို ဝင်ရောက် တိုက်မိရပ်တန့်ခဲ့ကြောင်းသိရှိရသည်။ ထိုသို့တိုက်မိမှုကြောင့် စိုးလင်းနှင့်ယာဉ်ပေါ်ပါ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နေ ကိုကိုသဲ (၃၀နှစ်) ပါ နှစ်ဦး စုစုပေါင်း သုံးဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် တောင်ငူဆေးရုံသို့ တင်ပို့ကုသခဲ့ရပြီး စိုးလင်းကို ဇီးပင်သာအမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

မွေးနေ့မင်္ဂလာဆုတောင်း

ဖနီးတာဝန်ဝတ္တရားပြည့်စုံပြီး မိသားစုအပေါ် အလွန်တာဝန်ကျေကာ အေးချမ်းနွေးထွေးသောမေတ္တာကို လွှမ်းခြုံပေးသော ချစ်ဖနီးလေးနွေးရဲ့ ၄-၂-၂၀၁၅ ရက်တွင် ကျရောက်သောမွေးနေ့ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်၊ စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး ဘာသာ၊ သာသနာအကျိုးကို ယခုထက်ပို၍ ဆောင်ရွက်နိုင်ပါစေ။ ချစ်သောမိသားစုနှင့်အတူ ဘဝကို ပူပင်ကြောင့်ကြမှုကင်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့ကြည်နူးစွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်ခင်ပွန်း - ဗိုလ်မှူးသောင်းတင်ထွေး(ငြိမ်း)
ချစ်သားကြီး - မောင်အောင်ခန့်မင်း
ချစ်သားငယ် - မောင်ဉာဏ်အောင်လင်း
ချစ်သမီးလေး- မသင်းရန့်နွေးထွေး

တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများတွင် အသုံးပြုရန်၊ မီးငြိမ်းသတ်ယာဉ် ၂၅ စီး လေ့ကားတင် မီးသတ်ယာဉ်နှစ်စီး၊ အပေါ့စားမီးသတ်စက် ၁၀၀ လုံး ဝယ်ယူမည်ဖြစ်ပါ၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာဝယ်ယူရက်** - ၅-၂-၂၀၁၅ ရက်မှ ၅-၃-၂၀၁၅ ရက်အထိ
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရက်** - ၇-၃-၂၀၁၅ ရက်၊ ၁၄:၀၀နာရီ
(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရန်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၁၁၇၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ မြဝတီရပ်၊ သစ္စာလမ်း၊ လမ်းသွယ်(၁၀)၊ အိမ်အမှတ် (၂၆)နေ (ဦးတင်မြင့်)-ဒေါ်သောင်းဌေးတို့၏သား မောင်မျိုးမျိုးမြင့်သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သောင်းဌေး ၅/ရဥန(နိုင်)၀၁၃၄၀၀

ဇောတိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာဆရာတော်၏ (၁၀)ရက်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ (၁၀)ရက် တရားစခန်းကို ဇောတိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာနှင့် မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိသဂ္ဂက ၁၀-၂-၂၀၁၅ ရက်မှ ၂၀-၂-၂၀၁၅ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ယောဂီများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၇၃၀၉၀၄၉၀
ဖုန်း-၀၉-၄၅၀၀၄၄၁၆၂
ဖုန်း-၀၉-၇၉၄၁၄၄၁၆၂



နှစ်ချုပ်စာရင်းများတင်ပြရန် ကျန်ရှိနေသောကုမ္ပဏီများသို့ အသိပေးကြေညာခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံးသို့ နှစ်အဆက်ဆက် ဆက်သွယ်မှုမရှိသော ကုမ္ပဏီ ၄၉၁၃ ခုစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝဘ်ဆိုဒ် www.irdmyanmar.gov.mm တွင် လွှင့်တင်ဖော်ပြထားပါသည်။ အဆိုပါကုမ္ပဏီများသည် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးသို့ ၁၇-၂-၂၀၁၅ ရက်မတိုင်မီ နှစ်ချုပ်စာရင်းအထောက်အထားများကို တင်ပြကြပါရန်နှင့် အကယ်၍ လုပ်ငန်းရပ်ဆိုင်းထားသောကုမ္ပဏီများဖြစ်ပါကလည်း လုပ်ငန်းရပ်ဆိုင်းထားကြောင်း စာဖြင့် အကြောင်းကြားပေးရန် လိုအပ်ပါသည်။ အထက်ပါအတိုင်း ဆောင်ရွက်ခြင်းမရှိသော ကုမ္ပဏီများကို ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုမ္ပဏီများဆိုင်ရာအခွန်ရုံး
ပြည်တွင်းအခွန်များဦးစီးဌာန
အမှတ် ၅၉/၆၁၊
ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၁၂၀၁၊ ၀၁-၃၇၁၉၄၉၊ ၀၁-၂၅၂၄၂၇

မြေ၊ အိမ်၊ အဆောက်အအုံ၊ တိုက်ခန်း၊ မော်တော်ယာဉ် စသည့် အခြေပစ္စည်းများအပေါ် အခွန်ဆိုင်ရာရှင်းလင်းမှုများ ဆောင်ရွက်ကြရန် အသိပေးကြေညာခြင်း

၁။ မြေ၊ အိမ်၊ အဆောက်အအုံ၊ တိုက်ခန်း၊ မော်တော်ယာဉ်စသည့် အခြေပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းများအပေါ် အခွန်ထမ်းဆောင်နိုင်ရန်အတွက် ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့များဖြင့် ကာလတန်ဖိုး စိစစ် သတ်မှတ်ပေးလျက်ရှိပါသည်။
၂။ ထိုသို့အခြေပစ္စည်းများအပေါ် ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့များမှ တန်ဖိုးသတ်မှတ်ပြီးဖြစ်သော်လည်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခွန်စည်းကြပ်မှုခံယူရန် အကြောင်းအမျိုးမျိုးဖြင့် ပျက်ကွက်လျက်ရှိကြောင်း စိစစ်တွေ့ ရှိရပါသည်။
၃။ သို့ဖြစ်ပါ၍ ၃၁-၃-၂၀၁၄ ရက်မတိုင်မီ ကာလတန်ဖိုးစိစစ်သတ်မှတ်ပြီးဖြစ်သော အခြေပစ္စည်းများနှင့်ပတ်သက်၍ အခွန်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ၃၁-၃-၂၀၁၅ ရက်အတွင်း သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ပါသည်။
၄။ ဖော်ပြပါသတ်မှတ်ကာလအတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသော တစ်နှစ်ကျော်လွန်သည့် တန်ဖိုးဖြတ်အမှုများအား စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်းနှင့် ၁-၄-၂၀၁၅ ရက်မှစတင်၍ တစ်နှစ်ကျော်လွန်သည့်အမှုများအား လစဉ်ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

ပြည်တွင်းသတင်း

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ ခရိုင်အဆင့်စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဟားခါး၌ကျင်းပ

ဟားခါး ဖေဖော်ဝါရီ ၄

ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့် မွေးနေ့နှင့် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းမ(၃) နေရာ၌ ကျင်းပသည်။

ထိုသို့ ယှဉ်ပြိုင်ကြရာ၌ စာစီစာကုံးပြိုင်ပွဲတွင် " ပြည်ထောင်စု ဖခင်ဗိုလ်ချုပ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် "နှစ် (၁၀၀) တိုင် ဒို့မမေ့နိုင်တဲ့ ဗိုလ်ချုပ်" ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၉ ဦး၊ ကဗျာပြိုင်ပွဲတွင် ၁၄ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၂၀၊ ကဗျာပြိုင်ပွဲတွင် ရှစ်ဦး၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၂၂ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၈၃ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံကလေးများနေ့

MYANMAR CHILDREN'S DAY

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့

ပြည်ပမှကြက်သားများတင်သွင်းမှုကြောင့် ပြည်တွင်းဈေးကွက်ထိခိုက် ပြည်တွင်းမွေးမြူကုန်ထုတ်သူများ အကြီးအကျယ်အရှုံးပေါ်

ညောင်တုန်း ဖေဖော်ဝါရီ ၄

ပြည်ပမှကြက်သားများ တင်သွင်းနေမှုကြောင့် ပြည်တွင်းဈေးကွက်ထိခိုက်နေပြီး ပြည်တွင်းမွေးမြူကုန်ထုတ်သူများ အကြီးအကျယ်အရှုံးပေါ်နေရာ အချို့မှာမွေးမြူရေးလုပ်ငန်းရှင်များ ငွေကြေးအခက်အခဲရှိလာကြပြီး လုပ်ငန်းများပင်ရပ်ဆိုင်းကြရကြောင်း မွေးမြူသူများထံမှ သိရသည်။

ယခင်က ကြက်သားပေါက် တစ်ကောင် ငွေကျပ် ၄၀၀ ဝန်းကျင်၊ ကြက်စာတစ်အိတ် ငွေကျပ် ၂၅၀၀၀၊ ၂၈၀၀၀ သာရှိခဲ့ရာမှ ကြက်သားပေါက်တစ်ကောင် ငွေကျပ် ၉၀၀၊ ၁၀၀၀၊ ကြက်စာတစ်အိတ် ငွေကျပ် ၃၄၀၀၀ ဝန်းကျင်အထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။

"အနည်းဆုံးကြက်သားပေါက် အကောင်တစ်ထောင်မွေးရတယ်၊ ကြက်သားပေါက်နဲ့ကြက်စာကိုတော့ ကုမ္ပဏီတွေကအကြွေးစနစ်နဲ့ ပေးပါတယ်။ ကြက်ဈေးကွက်ကကျဆင်းနေတော့အကြီးအကျယ်အရှုံးပေါ်နေကြတယ်၊ ပြီးခဲ့တဲ့လက ကြက်တစ်ပိဿာ ငွေကျပ် ၁၉၀၀နဲ့ ရောင်းရတော့ ၁၇ သိန်းလောက်ရှုံးသွားတယ်။ ဆက်မွေးဖို့ အခက်အခဲဖြစ်နေရတယ်၊ ဆက်မွေးရင်လည်း ထပ်ရှုံးမှာပဲ" ဟု မွေးမြူကုန်ထုတ်လုပ်ငန်းလုပ်ကိုင်နေသူ ညောင်တုန်းမြို့မှ ဦးသန်းလှိုင်က ပြောသည်။

"ကြက်မွေးမြူသူတွေအရှုံးပေါ်နေတာသိလို့ ကြက်သားပေါက်ဖြန့်တဲ့ ကုမ္ပဏီတွေက ကြက်သားပေါက်တစ်ကောင်ကို ငွေကျပ် ၅၅၀ ဈေးနဲ့ချရောင်းပေးပေမယ့် ကြက်စာတစ်အိတ် ငွေကျပ် ၃၅၀၀၀ ဈေးနီးပါးနဲ့ဝယ်ကျွေးရတော့ ဒီလ ကြက်တစ်ပိဿာ ၂၀၀၀ ကျပ်ဈေးနဲ့ ရောင်းရတော့ ၉ သိန်းကျော်ရှုံးတယ်၊ ကြက်မွေးမြူကုန်ထုတ်ရာမှာ ကြီးထွားနှုန်းတကယ်ကောင်းပြီး အောင်မြင်ပေမယ့် ပြည်ပကတရားဝင်တင်သွင်းနေမှုကြောင့် ပြည်တွင်းမွေးမြူရေးသမားတွေထိခိုက်နေပါတယ်၊ အရှုံးပြီးရင်းရှုံးနေကြပါတယ်။ လုပ်ငန်းတွေ ဆက်လုပ်ဖို့လည်း အခက်အခဲဖြစ်နေကြပါတယ်၊ ဒီကိစ္စတွေကို သက်ဆိုင်ရာကသိအောင် သမ္မတကြီးသိအောင် ပြောချင်ပါတယ်" ဟု ညောင်တုန်းမြို့နယ် စိန်ဘုရားစုကျေးရွာနေ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်တင်တင်မိုးက ပြောသည်။

"ကျွန်တော်ကတော့ လွန်ခဲ့တဲ့နှစ်လခန့်က ပြည်ပကကြက်တွေ ပြည်တွင်းကို တင်သွင်းတော့မယ်ဆိုတဲ့ သတင်းကိုဂျာနယ်တွေမှာ ဖတ်ရတော့ ကျွန်တော့်မွေးမြူရေးလုပ်ငန်းကို ကြိုတင်ရပ်ဆိုင်းလိုက်ပါတယ်၊ ဆက်မွေးရင်ရှုံးမယ်ဆိုတာသိလို့ ကြိုရပ် ဆိုင်းလိုက်တာပါ" ဟု ညောင်တုန်းမြို့နယ် ထိပ်ဝကြီးအောက်စုကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူ ဦးဟန်သောင်းက ပြောသည်။

နေလင်း(ညောင်တုန်း)

လှိုင်သာယာအမှတ်(၁၅)ရပ်ကွက် ထမင်းဆိုင်တွင် ဓားထိုးခံရသူ သေဆုံးမှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၅)ရပ်ကွက် သခင်မြလမ်းတွင် ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက ထိုလမ်းရှိ ဒေါ်ခင်မေသန်း၏ ထမင်းဆိုင်တွင် ထိုင်နေသော အမျိုးသားတစ်ဦးကို တစ်ရပ်ကွက်တည်းနေသူ အမျိုးသားတစ်ဦးက ဓားဖြင့်ထိုး၍ ထွက်ပြေးသွားခဲ့ရာ ဓားထိုးခံရသူမှာ ထိုဒဏ်ရာဖြင့် အခင်းဖြစ်ပွားရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အမှတ်(၁၅) ရပ်ကွက် သခင်မြလမ်းရှိ ဒေါ်ခင်မေသန်း၏ ထမင်းဆိုင်တွင် ကိုသက်ဦး (၃၈ နှစ်) ထိုင်နေစဉ် တစ်ရပ်ကွက်တည်းနေထိုင်သော အောင်မြတ်စိုး (၅၁ နှစ်)**(ယာပုံ)**က ရင်ဘတ်ကို ဓားဖြင့် ထိုး၍ ထွက်ပြေးသွားရာ အထိုးခံရသောဒဏ်ရာဖြင့် သေဆုံးသွားကြောင်း အစ်ကိုဖြစ်သူ ကိုကျော်လွင် (၄၁ နှစ်)က တရားလိုပြုလုပ်၍ လှိုင်သာယာ မြို့မရဲစခန်းသို့တိုင်ကြားခဲ့ပြီး ပြစ်မှုကျူးလွန်သူကို အချိန်ပိုင်းအတွင်း ဖမ်းဆီးနိုင်ခဲ့သောကြောင့် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။



လှိုင်သာယာမြို့နယ်တွင် ဖေဖော်ဝါရီ ၄ ရက်ထိ လူသတ်မှုလေးမှု၊ လူသေမှု ၂၀ ကျော် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

(၁၆၄)

မြန်မာနိုင်ငံယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်းမှ အသိပေးဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံယမကာ ထုတ်လုပ်ဖြန့်ဖြူးသူများအသင်းအား အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ၁-၇-၂၀၁၄ရက်စွဲပါ အသင်းမှတ်ပုံတင်ခွင့်လိုင်စင်နှင့် အသင်းမှတ်ပုံတင်လက်မှတ်အမှတ် ၉၆/၂၀၁၄-၂၀၁၅ (အသင်း)ဖြင့် တရားဝင်ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ အသင်းဝင်အသင်းသားများ၏ လုပ်ငန်းများအား ကူညီပေါင်းစပ်ဆောင်ရွက်ပေးလိုပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ယမကာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအနေဖြင့် အသင်းဝင်များအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရန် အသင်းတည်နေရာရုံးခန်းသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ် ၉၁/၁၀၅၊ E_1 ပထမထပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဆက်သွယ်ရန် ဖုန်း - ၀၁-၂၃၀၀၁၅၂၊ ၀၉-၂၅၈၉၀၇၉၈၁၊ ၀၉-၄၃၁၆၃၅၂၉၊ ၀၉-၉၇၉၄၁၀၃၉၈၁၂၊
ဖက်စ် ဖုန်း-၀၁-၂၃၀၀၁၅၂

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဖွဲ့စည်းမည်

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဝန်ထမ်းဟောင်းများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် သာရေးနာရေးဆိုင်ရာကိစ္စများကို ကူညီဆောင်ရွက်ပေးနိုင်ရန် သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းကို ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါသည်။

အဆိုပါအသင်းဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းဟောင်း (အငြိမ်းစား၊ နုတ်ထွက်၊ ဌာနပြောင်း)များအနေဖြင့် သက်ဆိုင်ရာသတင်းစာတိုက်များသို့ ဆက်သွယ်စာရင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဒေါ်စန်းစန်းမြင့် ဖုန်း-၀၁-၂၀၀၈၁၂
(ခ) ဦးဇော်မင်း ဖုန်း-၀၁-၅၄၄၃၁၄
(ဂ) ဦးရွှေကို ဖုန်း-၀၁-၈၆၁၀၆၈၅

အသင်းဖြစ်မြောက်ရေးကော်မတီ

ရွှေဝင်းရွှေပုဂံ Travels & Tours
" ဖေဖော်ဝါရီ / မတ် ခရီးစဉ်များ "
ဖန်ကောက် (၅ ညအိပ်-၆ရက်) USD 650
စင်ကာပူ (၃ ညအိပ်-၄ရက်) USD 850
ဟောင်ကောင်+မကာအို+ကွမ်ကျိုး (၄ ညအိပ်-၅ရက်) USD 1600
ဥရောပ (၅) နိုင်ငံ (၁၄ညအိပ်-၁၅ရက်) USD 4800
No.67, Baho Rd, Sanchaung. Ph: 01-500191, 519292, 510491,510218
E/1, 35 Rd, Bet 72x73 St, Mandalay.
Ph: 09-31693339,09-73013856
Hot Line: 09-73003772

ကျော်ငြာ

လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းလျားလမ်းနေ (ဒေါက်တာအောင်ကြီး)-ဒေါ်ပိုးဖြူတို့၏ တစ်ဦးတည်းသောသမီး

မပိုးဝတ်ရည်အောင်ကြီး

Doctor of Pharmacy, Board Certified Pharmacotherapy Specialist, Cleveland Clinic Florida

နှင့်

USA နေ ဦးမြင့်ရွှင်-ဒေါ်ထွေးထွေးတို့၏သား

မောင်မိုးကျော်ရွှင်

Doctor of Pharmacy, Baptist Hospital of Miami

တို့၏ ၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော Max Company များအုပ်စုနှင့် ဇရာဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်ဇနီး ဒုဥက္ကဋ္ဌဒေါ်ငွေငွေခိုင်တို့အားလည်းကောင်း၊ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏ မတ္တရာမြို့ရှိ ဒယာနန္ဒဖောင်ဒေးရှင်း(ဆေးရုံ၊ ဘိုးဘွားရိပ်သာ၊ တရားရိပ်သာ) ကိုယ်စား အလှူတော်ငွေကျပ်သိန်းတစ်ထောင်အား လက်ခံပေးပါသော ပင်လုံဆေးရုံအုပ်စုနှင့် ရွှေဂုံတိုင်(SSC)ဆေးရုံကြီး၏ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာဒေါ်ငွေငွေကြည်အားလည်းကောင်း၊ ရွှေပါရမီကျန်းမာရေး၊ ပညာရေးဖောင်ဒေးရှင်းကိုယ်စား အလှူတော်ငွေလက်ခံပေးပါသော ဥက္ကဋ္ဌဦးရှိန်ဝင်းအားလည်းကောင်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ကိုယ်စား အလှူတော်ငွေကို လက်ခံပေးပါသော ဇီဝိတဒါနဆေးရုံနှင့် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဥက္ကဋ္ဌကြီး ဦးမောင်မောင်အားလည်းကောင်း၊ လပွတ္တာခရိုင် ပြင်စလူမြို့နယ်၊ ခနောင်ကျေးရွာ ဓမ္မလင်္ကာရကျောင်း သောက်သုံးရေကန်အတွက် အလှူတော်ငွေလက်ခံပေးပါသော ဦးစိုးနိုင်အားလည်းကောင်း၊ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာတွင် မင်္ဂလာလက်ဖွဲ့ အထွေထွေငွေပဒေသာပင်အတွက် အလှူတော်ငွေကျပ်သိန်းလေးရာ့ငါးဆယ့်တစ်သိန်းခုနစ်သောင်းနှင့် ရွှေနှစ်ကျပ်သား ထည့်ဝင်လှူဒါန်းပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်သင်္ဂဟများ၊ ဆွေမျိုးများ၊ သူငယ်ချင်းများအားလုံးကိုလည်းကောင်း၊ အခမ်းအနားမှူး မတင်မိုးလွင်၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံများ ဖန်တီးပေးသော မိုးကုတ်ပေါက်ပေါက်၊ မင်္ဂလာပန်းအလှဆင်ပေးသော လင်းလင်း၊ ဖိတ်စာများရိုက်နှိပ်ပေးသော Dagon Printing၊ ဗီနိုင်းများနှင့် အလှဆင်ပေးသော ဖြိုးဝေ ဗီနိုင်းနှင့် ပုံနှိပ်လုပ်ငန်း၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံများရိုက်ကူးပေးပါသော ဦးထင်လင်း(Golden Arrow)၊ ဦးမောင်မောင်ညွှပ်နှင့်အဖွဲ့၊ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ ဥက္ကဋ္ဌဆရာမကြီး ဒေါ်သန်းမြင့်အောင်နှင့်အဖွဲ့တို့အား အထူးပင်လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါသည်။ ဦးသက်အောင်ချိုနှင့် ဇနီးမှ မင်္ဂလာလက်ဖွဲ့အဖြစ် ထပ်မံ၍ အနုပညာဆည်းဆာရိပ်အတွက် ငွေကျပ်သိန်းတစ်ရာ လှူဒါန်းခြင်းအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ဒေါ်ပိုးဖြူ

မိုးကျော်ရွှင်-မပိုးဝတ်ရည်အောင်ကြီး

STI MYANMAR UNIVERSITY

STI MYANMAR UNIVERSITY

Bachelor of Business Administration

BBA Management / Finance & Banking

စီးပွားရေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာဘွဲ့သင်တန်း ဖြစ်ပါသည်။ ကမ္ဘာ့အဆင့်မီစီးပွားရေး လုပ်ငန်းရှင်များ၊ ဒါရိုက်တာများ၊ မန်နေဂျာများအဖြစ် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းအသီးသီးတွင် ရပ်တည်နိုင်ရန် သင်ကြားပို့ချပေးပါသည်။

Bachelor of Engineering

BE Civil & Architectural / Electronic

အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဘွဲ့ ဒီဂရီများဖြစ်သည်။ ကမ္ဘာ့အဆင့် အင်ဂျင်နီယာကောင်းတစ်ယောက်အဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ရန်လိုအပ်သည့် အရည်အသွေးနှင့် နည်းပညာများကို သင်ကြားပို့ချပေးပါသည်။

Block-10, MICT Park
လှိုင်သာယာမြို့နယ်၊ ရန်ကုန်
Ph: 377988, 507048, 507151, 507152
09 250064451

မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ်
ဥက္ကဋ္ဌဖလားဖိတ်ခေါ်သေနတ်ပစ်ပြိုင်ပွဲ

အင်္ဂလိပ်စာ ဘာသာ တတ်မြောက်ရေး

ဂုဏ်ထူး ဦး အောင်ခိုင်

ဒေါ်နှာအောင်ခိုင်
B.A (English)
Certificate in Travel & Tourism
City College of San Francisco

Grammar & Essay (သဒ္ဒါ + စာစီစာကုံး)
English Speaking (အင်္ဂလိပ်စကားပြော)

01 252 919, 09 3126 9756

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်တွင်းသတင်း

ကျေးရွာချင်းဆက်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၄

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ ၈၀ ဒသမ ၂ သန်းဖြင့် အရှည် ၁/၃ ဒသမ ၆ မိုင်ရှိ တောင်တွင်းကြီးမြို့နယ် ဆတ်သွား-ထန်းပင်ကုန်းကျေးရွာ ချင်းဆက်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောက်ချောလမ်းပြီးစီးသွားပါက လယ်သာ(၁-၂)အုပ်စု ဆတ်သွားအုပ်စုများမှ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူ စုစုပေါင်း ၆၀၀၀ ကျော်တို့ အချိန်အခါမရွေး အလွယ်တကူသွားလာနိုင်မည်ဖြစ်ပြီး ဒေသထွက်ကုန်များကို တောင်တွင်းကြီးမြို့မှ တစ်ဆင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မကွေးအစရှိသည့် မြို့ကြီးများသို့ ပို့ဆောင်ပေးနိုင်ကာ ကုန်စည်စီးဆင်းမှု အထောက်အကူပြုမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ကုန်စည်တွေလည်း အချိန်နှင့်တစ်ပြေးညီ ဈေးကွက်ရှိရာသို့ တင်ပို့ရောင်းချနိုင်သည့်အတွက် ကျေးလက်ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး၊ ပညာရေးအစရှိသည့် ဒေသဖွံ့ဖြိုးမှုများကို များစွာ အထောက်အကူဖြစ်စေကြောင်း ထန်းပင်ကုန်းကျေးရွာ လှေဝန်းကျောင်းတိုက် ဆရာတော် ဦးနန္ဒဝံသက မိန့်ကြားခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

စာမေးပွဲဖြေဆိုသူများ လိုက်နာရန်စည်းကမ်းများ ဆွေးနွေး

မန္တလေး ဖေဖော်ဝါရီ ၄

၂၀၁၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၈နာရီက မန္တလေးမြို့ လမ်း ၈၀ရှိ အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန အမှတ် (၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် တာဝန်ထမ်းဆောင်ရမည့်သူများ၏တာဝန်များ၊ လုပ်ငန်းစဉ်များနှင့် စည်းမျဉ်း၊ စည်းကမ်းနည်းဥပဒေများ၊ စာဖြေသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပြစ်ဒဏ်များ စသည်တို့ကို ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများက ဆွေးနွေးပို့ချပေးကြသည်။

အဆိုပါဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ရက်အထိ ဆက်လက်ကျင်းပခဲ့ပြီး ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး စုစုပေါင်း ၅၉၅ ဦး တက်ရောက်ကြ၍ ၂၀၁၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို စာဖြေဌာနအသစ် ၄၈ခု တိုးမြှင့်ထားကာ စုစုပေါင်းစာဖြေဌာနပေါင်း ၆၅၆ ခု ဖွင့်လှစ် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မီးဘေးအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းလေ့ကျင့်

သထုံ ဖေဖော်ဝါရီ ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း သထုံသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲနှင့် ခရိုင်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်းကာ ဖေဖော်ဝါရီ ၁ ရက်က ဌာနခွဲဝင်းအတွင်း မီးဘေးအန္တရာယ်လုံခြုံရေးအတွက် မီးငြိမ်းသတ် သရုပ်ပြခြင်း၊ မီးဘေးကာကွယ်ရေး ဟောပြောခြင်းနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရန် လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနခွဲက စက်သုံးဆီတွေကို သိုလှောင်ပြီးဌာနဆိုင်ရာတွေကို ဖြန့်ဖြူးရောင်းချပေးနေတာပါ။ ဒါကြောင့် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ဖို့က အရေးကြီးတယ်။ ဝန်ထမ်းတိုင်းကို စီမံချက်ရေးဆွဲပြီး တာဝန်ခွဲဝေချထားပေးပါတယ်။ တစ်ပတ်တစ်ကြိမ် သရုပ်ပြလေ့ကျင့်စေပါတယ်။ စက်သုံးဆီတွေ ဖြည့်တင်း/ ဖြန့်ဖြူးရတာဖြစ်လို့ မီးဘေးကို အထူးသတိပြုရပါတယ်။ ဖြည့်တင်း/ ဖြန့်ဖြူးရာမှာလိုက်နာဆောင်ရွက်ရမယ့် (Safety Procedure) ကိုလည်း ရေးဆွဲထားပြီး ဝန်ထမ်းတွေကို လိုက်နာစေဖို့အတွက် နေ့စဉ် စစ်ဆေးပေးပါတယ်"ဟု ဌာနခွဲမန်နေဂျာ ဦးစိုးဝင်းက ရှင်းလင်း ပြောကြားသည်။

အဆိုပါနေ့တွင် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကြင်ထွန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် အရေးပေါ်လက်တွေ့ မီးငြိမ်းသတ်သရုပ်ပြခြင်း၊ ဆေးဘူးများ စွမ်းရည်စစ်ဆေးကာ အသစ်လဲလှယ်ခြင်း၊မီးဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းများကို သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲမှ ဝန်ထမ်းများနှင့် ပူးပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

ဥပဒေဘွဲ့ရများ၏ စုစည်းညီညွတ်မှု အောင်ပွဲ

အသက်အရွယ်ကြီးရင့်သူများနှင့် သင်ဆရာ၊ မြင်ဆရာ ၊ ကြားဆရာ အပါအဝင် ဂုဏ်ဂါရဝပြုထိုက်သူများအား တလေးတစား မမေ့မလျော့ ပူဇော်ဂါရဝပြုကြခြင်းသည် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းဓလေ့တစ်ခု အဖြစ် တည်ရှိနေသည်။

ထို့အတူသုံးနှစ်တစ်ကြိမ်ကျင်းပသော ဥပဒေဘွဲ့ရများ၏ဂုဏ်ဂါရဝပြုပူဇော်ပွဲသည်လည်း ၂၀၁၄ ခုနှစ်တွင် ပဉ္စမကြိမ်မြောက်ခဲ့ပြီဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနသည် ၁၉၂၀ပြည့်နှစ်မှ စတင်တည်ရှိကာ ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ရာမညဆောင်သည် ဥပဒေပညာရှင်များကို သင်ကြားလေ့ကျင့်ပေးခဲ့သည့် ကျောင်းဆောင်ဖြစ်သည်။ အဆိုပါ ဥပဒေပညာဌာနမှ မွေးထုတ်ပေးခဲ့သော ၁၉၈၂ ခုနှစ်မှ ၁၉၈၈-၁၉၉၁ ခုနှစ် ပညာသင်နှစ်အတွင်း ရန်ကုန်တက္ကသိုလ်ဥပဒေဘွဲ့ရ ကျောင်းသားကျောင်းသူများ၏ ပဉ္စမအကြိမ်မြောက် ဥပဒေပညာဌာန သက်ကြီးဝါရင့် ဥပဒေပညာရှင်များအား ဂုဏ်ပူဇာသဘင်ဂါရဝပြုပူဇော်လျှုဒါန်းပွဲကို ၂၀၁၄ ခုနှစ်ဒီဇင်ဘာလ စတုတ္ထပတ်က ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ တစ်နေကုန်ဆင်နွှဲကျင်းပခဲ့သည်။

ဂါရဝပြုဂုဏ်ပူဇာသဘင်မစတင်မီ တဖွဲဖွဲရောက်ရှိလာကြသော ဥပဒေဘွဲ့ရသူများ အနေအထားအရ ခန့်မှန်းထားသည်ထက် အရေအတွက် ပိုမိုများပြားလာခဲ့ခြင်းကြောင့် ကျင်းပရေးဦးစီးကော်မတီဝင်များ အနေဖြင့် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံခန်းမဆောင်ကြီး ပြည့်လျှံသွားအောင် စာသင်နှစ်အလိုက် စနစ်တကျ နေရာချပေးခဲ့ရသည်။

ဂုဏ်ပူဇာသဘင်ကို ဥပဒေပညာရှင်များဖြစ်ကြသော ဆရာကြီး ဦးလှအောင်၊ ဒေါက်တာတင်အောင်အေး၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဌ ဦးမြသိန်းတို့အပါအဝင် အပူဇော်ခံဝါရင့် ဥပဒေပညာရှင်ကြီးများအား တပည့်များက ဝမ်းပန်းတသာ နှုတ်ဆက်ဖေးမလက်တွဲခေါ်ယူဂါရဝပြုခြင်းနှင့် နေရာဒေသလုပ်ငန်းအလိုက် တစ်ကွဲတစ်ပြားကွဲကွာနေကြရာမှ ယခုလို တစ်ပေါင်းတစ်စည်းတည်းတွေ့ဆုံကြရသည့်အတွက် ငယ်မူငယ်သွေးများ ပြန်လည်ဖြစ်ပေါ်ကာ ဝမ်းသာအားရ ပြောဆိုကြသည့်မြင်ကွင်းမှာ ကြည်နူးစရာပင်။

ဂုဏ်ပူဇော်ပွဲတွင် မြန်မာနိုင်ငံတစ်နံတစ်လျားမှ ဥပဒေပညာဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်နေသူများ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသူများ၊ ဥပဒေဘွဲ့ဖြစ်သော်လည်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများ စုဝေးတွေ့ဆုံကြသည်ဖြစ်၍ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံခန်းမကြီးမှာ သောသောညံနေပြီး ငယ်ဘဝတက္ကသိုလ်ပုံရိပ်တွေ ပြန်လည်ထွက်ပေါ်နေသည်ကိုတွေ့ရသည်။

ဥပဒေပညာဌာန၏ နဝမမြောက် ပါမောက္ခအဖြစ်တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာတင်အောင်အေးက "ဒီလို ကြီးမားတဲ့ ပူဇော်ကန်တော့ပွဲမျိုး တစ်သက်မှာမကြုံဖူး၊မတွေ့ဖူးကြောင်း၊ ဝမ်းမြောက်ကြည်နူးရကြောင်းဟု အစချီ၍ ဥပဒေဟာ နေရာတိုင်းမှာအသုံးတည့်ကြောင်း၊ သို့သော် ဥပဒေပညာနှင့်ပတ်သက်သည့်နေရာဌာနများကို အခြားနေရာများက ဝင်လုပ်၍မရကြောင်း၊ ဤသည်ကို Novel Professional လို့ခေါ်ကြောင်း၊ ယနေ့မျက်မှောက်ခေတ်တွင် နည်းပညာတိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေကြောင်း၊ ထို့ကြောင့် ခေတ်နှင့်အညီ ဥပဒေများ၊ ပြဌာန်းမှုများရှိလာမှာဖြစ်ပြီး ဥပဒေဘွဲ့ရများအနေဖြင့် မိမိတို့နှင့်သက်ဆိုင် ပတ်သက်တာများကို လေ့လာဆည်းပူးကြရန် လိုအပ်ကြောင်း" ဟု လမ်းညွှန် စကားပြောကြားသည်။

ဥပဒေပညာဌာန ဘွဲ့ရသူများ၏ ကြီးကျယ်စည်ကားသိုက်မြိုက်စွာ ဂုဏ်ပူဇာသဘင်ကျင်းပနိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့မှုအခြေအနေနှင့် ကျင်းပရေး ကော်မတီဝင်ဖြစ်သည့် Airport Garden Hotel ပိုင်ရှင် ဒေါ်နှင်းနှင်းအေး (၈၆ ခုနှစ် ဥပဒေဘွဲ့ရ)က ဧည့်ခံကျွေးမွေးရေးတွင် ပါဝင်ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

ဥပဒေပညာဌာနဘွဲ့ရများ၏ စုစည်းညီညွတ်မှုအင်အားမှာ အံ့မခန်းပင်၊ ဥပဒေပညာဖြင့် နိုင်ငံအကျိုးဆတက်ထမ်းပိုးသယ်ဆောင်နိုင်ပြီး နိုင်ငံဂုဏ်ဆောင်သူများအဖြစ် မှတ်ချက်ပြုလိုပါသည်။ **ခင်မောင်သော်(ကမာရွတ်)**

ကျောက်ဆည်ကန်ဝန်းကျင် ရေကျလယ်ယာမြေများ နှမ်းစပါးစိုက်ပျိုး

ရမည်းသင်း ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကန်ဝန်းကျင်ရှိ ကန်ရေကျလယ်ယာမြေများတွင် နှမ်းစပါးများစိုက်ပျိုးနေကြသည်ကို တွေ့ရသည်။

ယင်းကျောက်ဆည်ကန်ကြီး၏ အရှေ့ဘက်၊ တောင်ဘက်၊ အနောက်ဘက်တွင်ရှိသော ဝကုန်းရွာ ၊ ကျောက်ချပ်ရွာ၊ ကုက္ကိုပင်ရွာ ၊ ကျောက်စာရွာ၊ ပန်းတောရွာ အစရှိသော ကျေးရွာများမှာကန်အတွင်းရေရှိပါက နှစ်စဉ်နွေစပါးစိုက်ကြသည်ဟုသိရပြီး ကန်အတွင်း ရေနည်းသောနှစ်များတွင် အခြားသီးနှံ နေကြာ၊ ပဲမျိုးစုံတို့ စိုက်ပျိုးကြသည်။ ယခုနှစ်တွင် ကျောက်ဆည်ကန်အတွင်းရေရှိသောကြောင့် နွေစပါးကိုအဓိကထားစိုက်ကြသည်ဟုသိရပြီး ကန်အဖျားပိုင်းရေကျစေသော လယ်ယာမြေများမှာ စိုက်ပျိုးပြီးဖြစ်သည်။

အများအားဖြင့် ဗီယက်နမ်စပါးမျိုးစိုက်ကြပြီး ယင်းစပါးမျိုးကို မနှစ်က စတင်စိုက်ပျိုးခြင်းဖြစ်ကာ ရက်ပေါင်း ၁၁၀ တွင် စပါးရိတ်သိမ်းနိုင်သောကြောင့် နွေစပါးစိုက်တောင်သူများအတွက် အဆင်ပြေသည်ဟု ဝကုန်းရွာမှ နွေစပါးစိုက်တောင်သူတစ်ဦးက ပြောသည်။ ယခုလရာသီ ကျောက်ဆည်ကန်ဝန်းကျင်ရှိကျေးရွာများမှာ ကန်ရေကျလယ်မြေများတွင် နွေစပါးများစိုက်ပျိုးကြပြီဖြစ်၍ ပျိုးနုတ်လိုက်သူများ၊ ထွန်ရှဉ်းအငှားလိုက်သူများနှင့် ကောက်စိုက်သမများ ဝင်ငွေရရှိကြောင်း သိရသည်။ **အတ်ကလေး(ရမည်းသင်း)**

ပြည်တွင်းသတင်း

မြန်မာ့သဘာဝသယံဇာတ အင်ကြင်းကျောက်ပြပွဲဖွင့်

နွားထိုးကြီး ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်မှ အများဆုံးထွက်ရှိသော သဘာဝသယံဇာတ အင်ကြင်းကျောက်ကို မြန်မာသာမက ကမ္ဘာကသိရှိနိုင်ရန်အတွက် သဘာဝနှင့် လက်မှုစက်မှုဖြင့် ဖန်တီးအလှဆင်ထားသော အနုပညာလက်ရာပြပွဲကို ဖေဖော်ဝါရီ ၁ ရက်က နွားထိုးကြီးမြို့နယ် အမှတ်(၈)ရပ်ကွက် ထန်းဇင်ကျေးရွာရှိ ဦးမင်းရွှေ၏ "TREE JADE" ကုမ္ပဏီခြံ၌ ကျင်းပသည်။

နွားထိုးကြီးမြို့နယ်တွင် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက အင်ကြင်းတောကြီးရှိပြီး အင်ကြင်းတောကြီးမှာ ရာသီဥတုပြောင်းလဲမှုကြောင့် မြေအောက်သို့ ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် သဘာဝသယံဇာတ အင်ကြင်းကျောက်ကို မြန်မာနိုင်ငံတွင် နွားထိုးကြီးမြို့နယ်မှ အများဆုံးတူးဖော်ရရှိခြင်းဖြစ်သည်။

သဘာဝသယံဇာတ အင်ကြင်းကျောက်ကို ၂၀၀၀ ပြည့်နှစ်က စတင်၍ စီးပွားရေးဈေးကွက်ရရှိခဲ့သည်။ ယင်းဒေသမှ ထွက်ရှိသော အင်ကြင်းကျောက်များကို တရုတ်ပြည်သို့ စီးပွားဖြစ်ရောင်းချခဲ့ကြသည်။

အင်ကြင်းကျောက်မှာ အစိမ်းရောင်၊ အနီရောင်၊ အပြာရောင်၊ အဖြူရောင်နှင့် ပယင်းရောင်ဟူ၍ ငါးမျိုးရှိသည်။ အင်ကြင်းကျောက် အစိမ်းရောင်မှာ ဈေးအမြင့်ဆုံးရရှိသည်။တရုတ်ဈေးကွက်တွင် အရောင်းရဆုံးကျောက်ဖြစ်သည်။ ပယင်းရောင်မှာ အာရပ်စော်ဘွားနိုင်ငံ၊ ဥရောပနှင့်အိန္ဒိယနိုင်ငံတို့မှာ အကြိုက်ဆုံးကျောက်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်မှစပြီး အင်ကြင်းကျောက်ကို စီးပွားဖြစ်ရောင်းချခဲ့ရာ နွားထိုးကြီးမြို့နယ်အတွင်းရှိ ဘုရားကြီး၊ တာပါယ်၊ ထန်းဇင်၊ ဒေါက်မိုး၊ အုတ်တွင်းနှင့် ရွာသာအေးရွာတို့မှာ ရောင်းရသဖြင့် စီးပွားရေးအကောင်းဆုံးနှင့် လူနေမှုအဆင့်အတန်းအမြင့်ဆုံး ရွာများဖြစ်ခဲ့သည်။ အဆိုပါဒေသ၌ ယခုအခါ အင်ကြင်းကျောက်တူးဖော်ရောင်းဝယ်နေသည့် ကုမ္ပဏီပေါင်း ၂၀ ကျော် ရှိနေပြီဖြစ်သည်။

အင်ကြင်းကျောက်မှာ အစိမ်းရောင်၊ အနီရောင်၊ အပြာရောင်၊ အဖြူရောင်နှင့်ပယင်းရောင်ဟူ၍ ငါးမျိုးရှိသည်။ အင်ကြင်းကျောက် အစိမ်းရောင်မှာ ဈေးအမြင့်ဆုံးရရှိသည်။ တရုတ်ဈေးကွက်တွင် အရောင်းရဆုံးကျောက်ဖြစ်

အင်ကြင်းကျောက် ပြပွဲတွင် အင်ကြင်းကျောက်တစ်ပင် သိန်းပေါင်းထောင်ချီတန်သည့် သဘာဝသယံဇာတ အရှည်ပေ ၅၀ မှ ၇၀ အထိ အင်ကြင်းကျောက်သစ်ပင်လေးပင်အပါအဝင် အင်ကြင်းကျောက်ဖြင့် ပြုလုပ်ထားသည့် လက်ကောက်၊ ပုတီး၊ ဆွဲကြိုးနှင့် ရုပ်တုများ၊ အလှဆင်ကျောက်များပြသထားပြီး အင်ကြင်းကျောက်ပုံသဏ္ဌာန်အမျိုးပေါင်း ၁၀၀ ကျော် ပြသထားသည်။ ဦးမင်းရွှေက ယခု အင်ကြင်းကျောက်ပြခန်းမှာ နွားထိုးကြီးမြို့နယ်မှ ထွက်ရသော သယံဇာတသဘာဝ အင်ကြင်းကျောက်မှာ မြန်မာနိုင်ငံမှသာထွက်ရှိပြီး မြန်မာသာမကကမ္ဘာကပါ သိရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသော အင်ကြင်းကျောက်ကို ပြုပြင်ဖန်တီးပြီး တရုတ်ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဈေးနှိမ်အဝယ်ခံရသဖြင့် ဈေးကွက်စီးပွားရေးတွင် တန်ရာတန်ကြေး ရရှိလာစေရန်နှင့် အင်ကြင်းကျောက် စိတ်ဝင်စားသူများ၊ နိုင်ငံခြားသားများ နွားထိုးကြီး အင်ကြင်းကျောက်ပြခန်းသို့ လာရောက်လည်ပတ် ဝယ်ယူနိုင်ရန် ရည် ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားကြောင်း ပြောကြားသည်။

ဦးမင်းရွှေ၏ အင်ကြင်းကျောက်ပြခန်းတွင် မိမိနိုင်ငံချစ်စိတ်၊ အမျိုးသားစိတ်ဓာတ်ဖြင့် တရုတ်နိုင်ငံတွင်ရောက်ရှိပြီး ဈေးကွက်တွင် အရောင်းရဆုံး အင်ကြင်းကျောက်များကို မရောင်းတော့ဘဲ ပြန်လည်သယ်ဆောင်သည့် အင်ကြင်းကျောက် လက်ရာများလည်း ပြသထားသည်ကို တွေ့ရသည်။

တင်လှိုင်(မိတ္ထီလာ)

အသက် ၁၀၀ နှစ်နှင့်အထက် ဘိုးဘွားများအားထောက်ပံ့

မိတ္ထီလာ ဖေဖော်ဝါရီ ၄

မိတ္ထီလာမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်လျက်ရှိသည့် အသက် ၁၀၀ နှစ်နှင့်အထက် အဘိုးတစ်ဦး၊ အဘွားငါးဦး စုစုပေါင်း အဘိုးအဘွားခြောက်ဦးကို နိုင်ငံတော်သမ္မတမှ ချီးမြှင့်ထောက်ပံ့သည့် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် ညောင်ဇောက်ကျေးရွာအုပ်စု ကံဦးစံပြကျေးရွာနှင့် ပျော်ဘွယ်စံပြကျေးရွာတို့တွင်နေထိုင်သည့် အသက် ၁၀၁ နှစ်စီရှိ အဘွားဒေါ်လှကြိုင်နှင့် အဘွားဒေါ်ပု၊ မြာကျေးရွာအုပ်စု မြာကျေးရွာမှ အသက် ၁၀၄ နှစ်ရှိ အဘွားဒေါ်ထွေး၊ ပြည်သာယာ(တောင်)ရပ်ကွက်နေ အသက် ၁၀၁ နှစ်ရှိ အဘွား ဒေါ်ခင်စိန်၊ ကန်ကြီးကျေးရွာအုပ်စု ကန်ကြီးကျေးရွာနေ အသက် ၁၀၁ နှစ်ရှိ အဘိုး ဦးစိုးမောင်၊ မြောက်လည်ကျေးရွာအုပ်စု အိုးအိုင်ကုန်းကျေးရွာနေ အသက် ၁၀၀ နှစ်ရှိ အဘွားဒေါ်ပေါကြည်တို့အား နိုင်ငံတော်သမ္မတက ချီးမြှင့်ထောက်ပံ့သည့် ငွေကျပ် နှစ်သိန်းစီ၊ တိုင်းဒေသကြီးဝန်ကြီး ဦးကျော်ဆန်း မိသားစုမှလှူဒါန်းသည့် ငွေကျပ် သုံးသောင်းစီ၊ ဦးရဲမြင့်စိုး (လွယ်စီတုံကုမ္ပဏီ)မိသားစုမှ နှစ်သောင်းစီနှင့် အာဟာရမုန့်များ၊ လုံချည်နှင့် မျက်သုတ်ပဝါများကို တိုင်းဒေသကြီးဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကော်မတီများ၊ မြို့မိမြို့ဖများမှ ရပ်ကွက်ကျေးရွာများအရောက် သွားရောက်ပေးအပ်ချီးမြှင့်ထောက်ပံ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်း အသက် ၁၀၀ နှစ်နှင့်အထက် အဘိုး အဘွားခြောက်ဦးအနက် မြာကျေးရွာအုပ်စု မြာကျေးရွာတွင်နေထိုင်သည့် အဘွားဒေါ်ထွေးသည် အသက် ၁၀၄ နှစ်ဖြင့် အသက်အကြီးဆုံး အဘွားတစ်ဦးဖြစ်ပြီး သားသမီး ငါးဦး၊ မြေး ၃၃ ဦး၊ မြစ် ၃၆ ဦး၊ တီ ၁၃ ဦး စုစုပေါင်း သားသမီးမြေးမြစ်တီစုစုပေါင်း ၈၇ ဦး ရှိသည်အထိ ကျန်းမာစွာနေထိုင်လျက်ရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

တိုင်ထောင်ခရမ်းချဉ်သီးစိုက်တောင်သူများ ဈေးကောင်းရ၍ အဆင်ပြေ

ပခုက္ကူ ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်ဖြစ်သော ကူကျွန်းကျေးရွာ တစ်ဝိုက်တွင် ဟင်းသီးဟင်းရွက်နှင့်ပဲမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မြေနုကျွန်းပေါ်ချိန်တွင် တိုင်ထောင်ခရမ်းချဉ်သီးများ ဈေးကောင်းကောင်းဖြင့် ရောင်းချနေရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကူကျွန်းကျေးရွာ၊ ရှားပင်ကိုင်း ကျေးရွာများထွက် သီးနှံများနှင့် ဟင်းသီးဟင်းရွက်အမယ်စုံတို့ကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အခွန်လွတ်ဈေးအတွင်းသို့ သွားရောက်အလွယ်တကူ ရောင်းချကြသည်။ "မနှစ်တုန်းက ခရမ်းချဉ်သီးဈေး ဒီလောက်မကောင်းဘူး။ ဒီနှစ်ဈေးကောင်းရောင်းရတယ်။ တိုင်ထောင်ခရမ်းချဉ်သီးက အလုံးလည်းကြီးတယ်။ အလုံးလည်းချောတယ်။ လူကြိုက်များတယ်။ ဒီနှစ်တိုင်ထောင်ခရမ်းချဉ်းသီးစိုက် တောင်သူတွေ တွက်ခြေကိုက်ပါတယ်"ဟု ကူကျွန်းရွာတောင်သူ ဦးမိုးကောင်းထံမှ သိရသည်။

"တိုင်ထောင်ခရမ်းချဉ်သီးမျိုးကိုတော့ မြို့အရောင်းဆိုင်တွေမှာ ဝယ်လို့ရပါတယ်။ စိုက်ပြီးရင် တိုင်ထောင်ပေးရတယ်။ စင်ခံပေးရတယ်။ ကျွန်မတို့ရွာက ကျွန်းမြေဆိုတော့ ပိုဖြစ်တာပေါ့။ အစိုဓာတ်လည်း အမြဲတမ်းရှိတယ်။ပိုလည်းသီးတယ်"ဟု ကူကျွန်းကျေးရွာ ဟင်းသီးဟင်းရွက် အမယ်စုံရောင်းသူ မခင်မျိုးသွယ်ထံမှ သိရသည်။ ယခုအချိန် တပို့တွဲလတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကူကျွန်းကျေးရွာဒေသတစ်ဝိုက်မှ ကျေးရွာများတွင် တိုင်ထောင်ခရမ်းချဉ်သီးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဈေးကောင်း ကောင်းဖြင့်လည်း ရောင်းချနေရကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ကျော်ငွေး

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပညာသင်ထောက်ပံ့ကြေးနှင့် အလှူငွေပေးအပ်

မန္တလေး ဖေဖော်ဝါရီ ၄

ယောပညာသင် ထောက်ပံ့ရေးအဖွဲ့၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၉ လမ်းနှင့် ၇၇ လမ်းထောင့်ရှိ Memory Hotel ခန်းမ၌ ကျင်းပသည်။

ထို့နောက် ယောပညာသင်ထောက်ပံ့ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေး၊ သူနာပြု၊ တိရစ္ဆာန်ဆေးကုနှင့် စိုက်ပျိုးရေးတက္ကသိုလ်အသီးသီးသို့ တက်ရောက်ပညာ သင်ယူခွင့်ရရှိကြသော ထူးချွန်ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့ကို ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ယောပညာသင်ထောက်ပံ့ရေးအဖွဲ့သို့ ကူညီဆောင်ရွက် ပေးကြသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီးနောက် အလှူရှင်များက အလှူငွေများပေးအပ်ရာ ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံယူကြသည်။

အဆိုပါယောပညာသင် ထောက်ပံ့ရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၊ ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်နှင့် ပုလဲနယ်ပန်းချီတောင်မှ ဂန့်ဂေါနယ်စပ် စသည့်ဒေသများမှ တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသား ကျောင်းသူများကို သက်ဆိုင်ရာတက္ကသိုလ်အသီးသီးတွင် ဘွဲ့ရသည်အထိ ဆက်လက်ပညာသင်ယူနိုင်ရန် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်သွားရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ပြည်တွင်းသတင်း

ဆိတ်မွေးမြူရာတွင် ကြုံတွေ့ရသောရောဂါများ

ဦးငြိမ်းချမ်း

မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းသည် အလွန်အရေးပါသောလုပ်ငန်းတစ်ခုဖြစ်သည်။ ဆိတ်မွေးမြူရေးကိုလည်း တိုးချဲ့မွေးမြူလျက်ရှိသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင် မွေးမြူလျက်ရှိသော်လည်း ဆိတ်များတွင် ဖြစ်ပွားတတ်သော ရောဂါအခြေအမြစ်ကို သိသူ၊ လေ့လာသူနည်းပါးလျက်ရှိသည်။ သို့ဖြစ်၍ မိမိမွေးမြူထားသောဆိတ်များ ဆုံးရှုံးမှုဖြစ်ရသည်။ အသားအဖြစ်မွေးမြူသော တိရစ္ဆာန်ဖြစ်၍ ရောဂါဖြင့် သေဆုံးသော်လည်း များသောအားဖြင့် ဖျက်စားကြသည်ကိုတွေ့ရသည်။ ဆိတ်မွေးမြူရေးသည် ရောင်းနိုင်သလောက် ဝယ်လိုအားရှိနေသဖြင့် မြန်မြန်နှင့် များများမွေးထုတ်နိုင်သော မွေးမြူရေးဖြစ်သည်။ မိသားစုဝင်ငွေ ပုံမှန်ရရှိသည့်လုပ်ငန်းလည်းဖြစ်သည်။ သို့အတွက်ကြောင့် ဆိတ်များတွင် ဖြစ်ပွားတတ်သော ရောဂါများ ကြိုတင်ကာကွယ်မှု၊ ဆေးဝါးကုသဆောင်ရွက်နိုင်ရန် အဖြစ်အများဆုံးရောဂါများ သိထားသင့်ရန် ရေးသားဖော်ပြအပ်ပါသည်။

ရောဂါဆိုသည်မှာ ပကတိကျန်းမာနေခြင်းမှ တစ်စုံတစ်ရာလွဲချော်ချို့ယွင်းခြင်းပင်ဖြစ်သည်။ ထိုသို့ဖြစ်စေသောအကြောင်းမျိုးစုံအနက် အဓိကအကြောင်းအရင်းများမှာ-

ကူးစက်တတ်သော ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးများ

- ကိုယ်တွင်းကိုယ်ပကပ်ပါးပိုးများ
- ကူးစက်ခြင်းမရှိသော ဓာတုပစ္စည်းများ၊ အဆိပ်အတောက်များ၊ အာဟာရချို့တဲ့ခြင်းနှင့် ဒဏ်ရာရခြင်း၊
- ဆိတ်များ လွယ်ကူစွာရောဂါရရှိနိုင်ရန် အခြေအနေများဖြစ်သည့် မိုးထဲရေထဲ လေထဲတွင် နေထိုင်ခြင်း၊ ထားသိုခြင်း၊ ကားနှင့် သင်္ဘောတို့ဖြင့် အချိန်ကြာမြင့်စွာ သယ်ယူပို့ဆောင်ခြင်းတို့ကြောင့် ရောဂါများ ရကြသည်။

ဆိတ်မွေးမြူသူများအနေနှင့် ကိုယ်တိုင်ကြိုတင်ဆောင်ရွက်ထားရှိနိုင်ရန်နှင့် တတ်ကျွမ်းနားလည်သည့် ပုဂ္ဂိုလ်များနှင့်စနစ်တကျ ဆက်သွယ်ကုသနိုင်ရန်အတွက် ဆိတ်ရောဂါများကို ဖော်ပြလိုက်ပါသည်။

ဒေါင့်သန်းရောဂါ (Anthrax)

ဗက်တီးရီးယားပိုးကြောင့်ဖြစ်သည့် ကိုယ်အပူချိန်မြင့်မားခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသားများတုန်လှုပ်ခြင်းဖြစ်ပြီး တက်၍သေဆုံးတတ်သည်။ သေဆုံးခါနီးတွင် ဟိုဟိုသည်သည် ပြေးလွှားပြီး အော်မြည်အကြောတက်သေဆုံးတတ်သည်။ ပြီးပါက စအို၊ နှာခေါင်းပေါက်နှင့် အမအင်္ဂါတို့မှ သွေးမည်းများထွက်လာပြီး သွေးမခဲပေ၊ တစ်ကောင်မှ တစ်ကောင်ကူးစက်တတ်၍ တွင်းနက်နက်တူးပြီး ထုံးဖြူး၍ မြှုပ်နှံရမည်။ ဖျက်မစားရပါ။ ဓားထိဒဏ်ရာမှ လူကို ကူးစက်နိုင်သည်။ ရောဂါဖြစ်စတွင် တာရာမိုက်စင်အကြောဆေးထိုး၍လည်းကောင်း၊ အခြားပဋိဇီဝဆေးတို့ဖြင့်လည်းကောင်း ကုသနိုင်သည်။ ကျန်ဆိတ်များကို ဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးနိုင်သည်။ နှစ်စဉ်ထိုးပါ။ ရောဂါမဖြစ်သောဒေသများ ကာကွယ်ဆေးထိုးရန်မလိုပါ။

ခွာနာလျှာနာ (Foot and Mouth disease)

အပူပိုင်းဒေသများတွင် ဆိတ်များ၌ ခွာနာလျှာနာရောဂါဖြစ်တတ်သည်။ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့် ပါးစပ်နှင့်ခြေထောက်၊ ခွာပန်းကုန်းတစ်ဝိုက်ရေအိတ်သဏ္ဌာန်အဖုများဖြစ်လာပြီး ပေါက်ပြဲသွားသည်။ ရောဂါဖြစ်ပွားသောတိရစ္ဆာန်ကို သီးခြားခွဲထားပါ။ သွားရည်၊ အမြှုပ်များသည် အစားအစာအသုံးအဆောင်ပစ္စည်း ကိရိယာ၊ ထိန်းသူ၊ လေမှတစ်ဆင့် ကူးစက်နိုင်သည်။ အနာဖြစ်သောခွာကို ဆေးကတ္တရာ၊ ရေနံချေးသုတ်လိမ်းပေးပါ။

ပါးစပ်ကို ရေတစ်ပုလင်း၊ ကျောက်ချဉ်တစ်ကျပ်သားဖျော်ပြီးတစ်နေ့လေးငါးကြိမ် ဆေးပေးပါ။ အစာနုကျွေးပါ၊ လျှာ၊ ပါးစပ်အနာဖြစ်ပါက ငှက်ပျောသီးကို ပျားရည်ဖြင့် ဖျော်လိမ်းပေးပါ။ ကြိုတင်ကာကွယ်ဆေးထိုးနိုင်သည်။ ရောဂါဖြစ်သောဆိတ်ကို သန့်ရှင်းသောနေရာတွင်ထားပြီး ကောက်ရိုး၊ မြက်ခြောက်များခင်းပေးရမည်။ တာရာမိုက်စင်ဆေးကို အညွှန်းအတိုင်းတိုက်ပေးရမည်။

သွေးဝမ်းရောဂါ (Dysemtery)

ဆိတ်ငယ်ကလေးများတွင် အများအားဖြင့် တွေ့ရသည်။ ဝမ်းအဆက်မပြတ်သွားလျှင် သွေးများပါလာတတ်သည်။ ဝမ်းသွားရာတွင် အဖြူဖတ်များရံဖန်ရံခါ တွေ့ရတတ်သည်။ ဝမ်းသွားများပါက အားပြတ်ပြီးဒယီးဒယိုင်ဖြစ်ပြီးသေဆုံးတတ်သည်။ ဝမ်းသွားသောဆိတ်ကို အင်ပရာဆေး လေးရက်ဆက်တိုက်အညွှန်းဖြင့်တိုက် ကျွေးရမည်။ ဝမ်းသွားရာတွင် ကုသမှုအတိုင်းဆောင်ရွက်ရမည်။ ဓာတ်ဆားရည် တိုက်ကျွေးရန်လိုအပ်သည်။ ဓာတ်ဆားရည်မရနိုင်ပါက ဆားလက်ဖက်ရည်တစ်ဇွန်း၊ ဆော်ဒါလေးပုံတစ်ပုံဇွန်း၊ ဂလူးကို့စ်လေးအောင်စ၊ ရေကျက်အေးနှစ်လီတာ တိုက်ကျွေးရမည်။ သန့်ရှင်းခြောက်သွေ့သောနေရာတွင် နွေးထွေးစွာထားပါ။

ပြည်ဖုနာ (ABCESSES)

နှုတ်ဖျားရောင်ရမ်းခြင်း၊ အများအားဖြင့် မေးရိုးအောက်၊ နားရွက်အနောက်ဘက် ပခုံးအရှေ့ပိုင်း၊ ရင်အုပ်ပိုင်း၊ နို့အုံအထက်ပိုင်း၊ ပေါင်ခြံ၊ ဒူးဆစ်အပေါ်ပိုင်း၊ နှုတ်ဖျားပူးခြင်း၊ ရောင်ရမ်းခြင်း (၃-၅) စင်တီမီတာထိကြီးလာခြင်း၊ အစိမ်းရောင်အရည်များမှ အဝါရောင်ပြည်ဖတ်များဖြစ်လာပြီး ပြည်ဖုနာများဖြစ်ပေါ်လာသည်။ တစ်ကောင်နှင့်တစ်ကောင် ထိတွေ့ကူးစက်နိုင်သည်။

အရေပြားမှတစ်ဆင့်သော်လည်းကောင်း၊ မှက်၊ မွှားကိုက်ခြင်းဖြင့်လည်း ကူးစက်နိုင်သည်။ ပြည်ဖုနာများကိုခွဲစိတ်ပြီးပြည်များ၊ အရည်များကိုဖယ်ရှား၍ တင်ချာအိုင်အိုဒင်းဆေးသုတ်လိမ်ပေးခြင်း၊ အနာများမြန်မြန်ပျောက်စေရန် ဆေးပေးခြင်း၊ ဆာလဖာ၊ ပဋိဇီဝဆေးများလိမ်းပေးခြင်း၊ ထိုးပေးခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။

အဆုတ်အအေးမိရောဂါ (Pneumonia)

အသက်ပြင်းပြင်းရှူမည်။ နှာရည်ပျစ် ချွဲကျမည်။ ကိုယ်အပူချိန်မြင့်တက်မည်။ ချောင်းဆိုးမည်။ ဆိတ်တဲဆောက်စဉ်က လေဝင်လေထွက်ညံ့ခြင်း၊ အခင်းညစ်ပတ်ခြင်း၊ သန့်ရှင်းမှုမရှိခြင်း၊ ဆိတ်တဲနှင့် ဆိတ်ကောင်ရေမမျှတဘဲကောင်ရေကျပ်ခြင်း၊ အချိန်မီ ဆေးကုသခြင်းမပြုလုပ်ပါက အဆုတ်ရောင်ပြီးသေဆုံးနိုင်သည်။ ရောဂါဖြစ်သောဆိတ်ကို တက်ထရာဆိုက်ကလင်း၊ အောက်စီတက်ထရာဆိုက်ကလင်း၊ တိုက်လိုစင်၊ ပင်နီဆီလင်၊ စထရက်တိုမိုက်စင်ထိုးဆေးများဖြင့် ကုသပျောက်ကင်းနိုင်သည်။

နို့အုံရောင်ရောဂါ (Mastitis)

နို့အုံတစ်ဖက်မာတင်းပြီး ပူနေသည့်အပြင်ရောင်နေခြင်း၊ နို့ရည်တွင်သွေးပါခြင်း၊ ဗက်တီးရီးယားပိုးကြောင့်လည်း ဖြစ်ပွားတတ်သည်။ တခြားဆိတ်မများကိုလည်း ကူးစက်နိုင်သည်။ နို့အုံရောင်ခြင်းကို ဆောလျင်စွာဆေးကုပေးရမည်။ ပင်နီဆီလင်ထိုးဆေးထိုးခြင်း၊ နို့ထဲသွင်းဆေးတောင့်ထည့်ခြင်းတို့ဖြင့် ပျောက်ကင်းသည်အထိ ကုသနိုင်သည်။ ဆိတ်ခြံသန့်ရှင်းခြင်း၊ နို့ညှစ်ရာ၌ သန့်ရှင်းခြင်း၊ နို့အုံကို ဒဏ်ရာမရစေရန် ကျယ်ဝန်းလုံလောက်သောနေရာထားခြင်း၊ စွတ်စိုပြီးညစ်ညမ်းသော အခင်းများဖယ်ရှားခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ကလေးမမွေးမီ အစာနုလွန်စွာကျွေးခြင်းများကို ရှောင်ရှားရပါမည်။

အစာအိမ်သန်ကောင် (Stomachworm)

သန်ကောင်သည်အပ်ချည်မျှင်နှင့် သဏ္ဌာန်တူပြီး အရှည်တစ်လက်မခန့်အထိ အစာအိမ်ထဲတွင်ရှိတတ်သည်။ သန်ကောင်အရေအတွက် များပြားစွာရှိပါက သွေးစုပ်ယူခြင်းကြောင့် ပိန်ချုံးပြီးအားနည်းစေသည်။ အစာမစားလိုခြင်း၊ အမွေးအရောင်အဆင်း မွဲခြောက်ဖျော့တော့ခြင်းလည်း ဖြစ်စေသည်။ သန်ချဆေးဖြစ်သော (Tetrosole) တက်တြာဆိုးလ် သို့မဟုတ် (Valvazene) ဗာလ်ဘာဆင်းဆေးကို ဆေးညွှန်းအတိုင်း တိုက်ကျွေးခြင်းဖြင့် ကုသပျောက်ကင်းနိုင်သည်။ သန်ကောင်ရှိနေသော စားကျက်မြက်ခင်းကိုစားခြင်းဖြင့် ကူးစက်နိုင်သည်။ ဆိတ်များအား စားကျက်မြက်ခင်းမှ အခိုက်အတန့်ဖယ်ရှားခြင်းဖြင့် သန်ကောင်များသေစေနိုင်သည်။

> **သန်ကောင်သည်အပ်ချည်မျှင်နှင့် သဏ္ဌာန်တူပြီး အရှည်တစ်လက်မခန့်အထိ အစာအိမ်ထဲတွင် ရှိတတ်သည်။ သန်ကောင်အရေအတွက် များပြားစွာရှိပါက သွေးစုပ်ယူခြင်းကြောင့် ပိန်ချုံးပြီးအားနည်း စေသည်။ အစာမစားလိုခြင်း၊ အမွေးအရောင်အဆင်း မွဲခြောက်ဖျော့တော့ခြင်းလည်းဖြစ်စေ**

သတင်းတို

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

မုံရွာ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ရပ်ကွက်ကျေးလက်စာကြည့်တိုက်မှူးများ စာကြည့်တိုက်ပညာ(ဆင့်ပွား) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က မုံရွာမြို့နယ် စီမံခန့်ခွဲမှု ကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာကြည့်တိုက်ပညာ(ဆင့်ပွား) သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးညွန့်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေနံထွက်ပစ္စည်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၌ မီးဘေးလုံခြုံရေးသရုပ်ပြ

ကျိုင်းတုံ ဖေဖော်ဝါရီ ၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(ခ) အဆင့်ရုံးဝင်းအတွင်းတွင် မီးဘေးအန္တရာယ်လုံခြုံရေးအတွက် သရုပ်ပြရှင်းလင်းပွဲကို ကျိုင်းတုံမီးသတ်တပ်ဖွဲ့က ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက ဦးဆောင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တွဲဖက်ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးသိန်းမြင့်က သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ မန်နေဂျာ ဦးသက်မြင့်နှင့် ဝန်ထမ်း ၂၀ကို မည်သည့်မီးလောင်ကျွမ်းမှုမျိုးမဆို လောင်စာ၊ အပူရှိန်နှင့်လေ/အောက်စီဂျင် သုံးမျိုးပေါင်းစပ်မှသာ မီးလောင်ခြင်းဖြစ်ပေါ်၍ ၄င်းထဲမှ လောင်စာကိုရွှေ့ခြင်း၊ အပူရှိန်ကိုလျှော့ချခြင်း၊ လေကိုဖြတ်တောက်ခြင်း တစ်ခုခုပြုလုပ်မှသာမီးငြိမ်းသတ်နိုင်မည်ဖြစ်ကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မီးသတ်ဆေးဘူးအသုံးပြုပုံ၊ ဆီသိုလှောင်သည့်ဂိုဒေါင်များ၊ ဆီလှောင်ကန်များ၊ ဆီပိုက်လိုင်းများနှင့် ဆီသယ်ယာဉ်များ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်သင့်သည်တို့ကို အကြံပြုရှင်းလင်းသည်။

ယင်းနောက် ရေစိုအဝတ်၊ မီးသတ်ဆေးဘူး၊ မီးချိတ်မီးကတ်၊ သဲတို့ဖြင့် မီးသတ်ခြင်းကို သရုပ်ပြ၍ ရေနံထွက်ပစ္စည်း သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲမှ ဝန်ထမ်းများနှင့် ဆီသယ်ယာဉ်မောင်းနှင်သူတို့ကို လက်တွေ့မီးငြိမ်းသတ်ခြင်းများ လေ့ကျင့်ပေးခဲ့သည်။ **မောင်မောင်နိုင်(iprd)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်း

ပဲခူး ဖေဖော်ဝါရီ ၄

ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးဦးမောင်မောင်သန်းက အမှာစကားပြောကြားပြီး သင်တန်းပို့ချသူ အရာရှိများနှင့် သင်တန်းသား သင်တန်းသူစုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၅ ရက်မှ ၃၀ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်လုပ်ငန်း ဆောင်ရွက်ချက်များ ၊ အစိုးရအဖွဲ့ရုံး၏ ဖွဲ့စည်းပုံနှင့်လွှတ်တော်ရုံးလုပ်ငန်းတာဝန်နှင့်ဖွဲ့စည်းပုံများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရည်မှန်းချက်၊ ဖွဲ့စည်းပုံနှင့်လုပ်ငန်း တာဝန်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

မူကြိုကလေးငယ်များအား မြို့တွင်းလေ့လာရေးပို့ဆောင်ပေး

တာချီလိတ် ဖေဖော်ဝါရီ ၄

မြန်မာကလေးများနေ့အကြိုအဖြစ် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန တာချီလိတ်မူလတန်းကြိုကျောင်းမှ ကလေးငယ်များအား ကျောင်းပြင်ပလေ့လာရေးခရီးစဉ်ကို ဖေဖော်ဝါရီ ၂ ရက်က လိုက်လံပို့ဆောင်ပေးခဲ့သည်။

ကလေးများပျော်ရွှင်မှုရှိစေရန်၊ စုပေါင်းပါဝင်လုပ်ဆောင်တတ်စေရန်၊ မိမိကိုယ်ကိုယုံကြည်မှုရှိစေရန်၊ ရဲရင့်တက်ကြွ ဖြတ်လတ်စေရန်၊ ပြင်ပဗဟုသုတများ ရရှိစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် လေ့လာရေးခရီးစဉ်ကို အနီးကပ်ပြုစုစောင့်ရှောက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှထွန်းက ပြောသည်။ ကလေးငယ်များအား တာချီလိတ်ရွှေတိဂုံဘုရား၊ ဘုရင့်နောင်ရုပ်တုရင်ပြင်၊ မဟာမြတ်မုနိဘုရား၊ ဟိုတယ်တာချီလိတ်၊ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)နှင့် တာချီလိတ်လေယာဉ်ကွင်းများသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အပြင် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအပေါ် ချစ်မြတ်နိုးစိတ်၊ အနစ်နာခံစိတ်၊ အမြော်အမြင်ကြီးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို မူလတန်းကြိုကလေးငယ်များ၏စိတ်တွင် ထာဝစဉ်ကိန်းအောင်းနေစေရေးအတွက် ဖေဖော်ဝါရီ ၄ ရက်တွင် အသိပညာပေးဟောပြောပွဲကို မိဘများပါတက်ရောက်စေပြီး ကျင်းပခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(iprd)**

သတင်းတိုများ

ဂန့်ဂေါခရိုင်တွင် အရန်သားဖွားသင်တန်းဖွင့်

ဂန့်ဂေါခရိုင် အရန်သားဖွားသင်တန်း(၁/၂၀၁၅)ကို ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂ ရက်က ဖွင့်လှစ်ရာ ဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ သင်တန်းသို့ ဂန့်ဂေါမြို့နယ်နှင့် ဆောမြို့နယ်မှ သင်တန်းသူ ၁၇ ဦး တက်ရောက်ပြီး စာတွေ့သင်တန်းကို မေ ၅ ရက်အထိလည်းကောင်း၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းအဖြစ် ဩဂုတ် ၂ ရက်အထိလည်းကောင်း သင်တန်းကာလသတ်မှတ်၍ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၆၅)**

ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အထကကျောင်းဆောင်ပြုပြင်

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ဟောင်းနွမ်းပျက်စီးနေသော နဝရတ်ကျောင်းဆောင်ကို လိုအပ်ချက်များပြုပြင်ခြင်းနှင့် စာသင်ခန်းငါးခန်း ကွန်ကရစ်ခင်းခြင်းတို့ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းသားမိဘများ ပူးပေါင်းထည့်ဝင်ငွေကျပ် ၂၅ သိန်းဖြင့် ဖေဖော်ဝါရီ ၂ ရက်က ကိုယ့်အားကိုယ်ကိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၆၅)**

မြင်းမူပြည်သူ့ဆေးရုံကြီး၌ တိုးချဲ့လူနာဆောင်သစ်ဆောက်လုပ်

မြင်းမူ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့လူနာဆောင်သစ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ်သိန်းတစ်ထောင်ဖြင့် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

တိုးချဲ့လူနာဆောင်သစ်သည် အလျား ၂၃၄ ပေ၊ အနံ ၄၆ ပေ၊ အမြင့် ၁၄ ပေရှိကာ အာရ်စီကွန်ကရစ် တစ်ထပ်အဆောက်အအုံဖြစ်ပြီး အေးချမ်းဆုစံဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိရာ တည်ဆောက်မှု ၃၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ဖိုးခါး(iprd)**

ကျေးရွာစာကြည့်တိုက်မှူးများ ဆင့်ပွားသင်တန်းဆင်း

မြင်းမူ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာကြည့်တိုက်ထိန်းသိမ်းရေးတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ပေါ်ထွက်လာစေရေးအတွက် မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီက ကြီးမှူးဖွင့်လှစ်သော ကျေးရွာစာကြည့်တိုက်မှူးများ ဆင့်ပွားသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂ ရက်က မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး ဆုရရှိသောသင်တန်းသားများအား ဆုချီးမြှင့်သည်။ ထို့နောက် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးယဉ်မင်းအောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းသို့ မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ဖွင့်လှစ်လိုသည့် ကျေးရွာများမှ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ပညာကို စိတ်ပါဝင်စားသူများ စုစုပေါင်းသင်တန်းသား ၅၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အောင်စိုးဖေ(iprd)

မြင်းခြံနာရေးကူညီမှုအသင်းအား အလှူငွေပေးအပ်

မြင်းခြံ ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နာရေးကူညီမှုအသင်းသို့ စေတနာရှင်ပြည်သူများ၏ အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက ဂုဏ်ပြုအမှာစကားပြောကြားကာ မြင်းခြံနာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးထွန်းဝေက အသင်း၏ဆောင်ရွက်မှုလုပ်ငန်း စဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇံနှင့် ဇနီးမိသားစုက အလှူငွေကျပ် နှစ်သိန်း၊ မန္တလေးမြို့ ဝေလင်းထိုက် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမန်းစိန်မိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ ဗဟိုတရားရုံးရှေ့နေ ဦးတိုးမိသားစုက အလှူငွေကျပ် နှစ်သိန်း၊ မန္တလေးမြို့ ကြယ်စင်မင်းဆောက်လုပ်ရေးမှ ဦးစိန်ဝင်းမိသားစုက အလှူငွေကျပ် နှစ်သိန်း၊ မန္တလေးမြို့ ပန်းမင်းပန်းမျိုးစုံရောင်းဝယ်ရေးမှ ဒေါ်အေးသန်းမိသားစုက အလှူငွေကျပ် နှစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၁၈ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ အလှူငွေပေးအပ်ပွဲသို့ အလှူရှင်များ၊ လူမှုရေးအသင်းများ၊ ဘာသာရေးအသင်းများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

ဆိပ်ဖြူမြို့နယ်၌ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်

ဆိပ်ဖြူ ဖေဖော်ဝါရီ ၄

ရှေးဦးကလေးဘဝအရွယ် ဖြစ်သော ကိုယ်ဝန်ဆောင်ဘဝမှ အသက် ၈ နှစ်အထိ ကလေးများ အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုများရရှိစေရန်နှင့် ဘဝတစ်သက်တာအတွက် အခြေခံအလေ့အကျင့်ကောင်းများ ရရှိစေရန် ပြုစုပျိုးထောင်နိုင်ရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညာဏ်မျိုးက သင်တန်းသူများအနေဖြင့် စည်းစနစ်တကျ သင်တန်းကိုနေထိုင်ပြီး ကြိုးစားသင်ယူ၍ မိမိတို့ရပ်ရွာများတွင် ကလေးငယ်များဖွံ့ဖြိုးတိုးတက်ရေး အသိညာဏ်ပညာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ပြီး တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ခင်နွဲ့က သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များနှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက မိတ်ဆက်စကား ပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းကို မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၉၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂ ရက်မှ ၂၃ ရက်အထိ ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

စိုးလင်းနိုင်(iprd)

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကွင်းကွာ

လက်ပံကျင်း-မကြီးကြပ် ကျေးရွာချင်းဆက်လမ်းဖောက်လုပ်

ငါန်းဇွန် ဖေဖော်ဝါရီ ၄

ကျေးလက်ဒေသများ အလျင်အမြန်တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍမြှင့်တင်ရေးကို နိုင်ငံတော်က အထူးအလေးထားဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် လက်ပံကျင်း-မကြီးကြပ် ကျေးရွာချင်းဆက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၄၃၂ သိန်း အကုန်ကျခံ ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အရှည် ၄ မိုင် ၂ ဖာလုံရှိ အဆိုပါကျေးရွာချင်းဆက်လမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဖောက်လုပ်နေခြင်းဖြစ်ပြီး လမ်းဖောက်လုပ်မှုအခြေအနေကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂ ရက် တွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး သတ်မှတ်ချိန်အတွင်းပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက လက်ပံကျင်းကျေးရွာ၊ မကြီးကြပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ငါန်းဇွန်မြို့သို့ သွားလာရေးလွယ်ကူချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံတွင်အကြီးဆုံး နီးဘုရားရုပ်ပွားတော်မြတ်ကြီးနှင့် ဆံတော်ရှင်မြသပိတ်စေတီတော်ဗုဒ္ဓပူဇနီယပွဲတော် စည်ကားစွာကျင်းပ

သထုံ ဖေဖော်ဝါရီ ၄

မွန်ပြည်နယ် သထုံမြို့ မြသပိတ်တောင်ထိပ်ရှိ ဆံတော်ရှင်မြသပိတ်စေတီတော်မြတ်ကြီး၏ (၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် တောင်ခြေရှိ မြန်မာနိုင်ငံ၌အကြီးဆုံးဖြစ်သော နီးဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၃ ရက် (တပို့တွဲလပြည့်နေ့) နံနက်က စည်ကားစွာကျင်းပခဲ့သည်။

နံနက် ၅ နာရီတွင် တောင်ထိပ်ရှိ ဆံတော်ရှင်စေတီတော်မြတ်ကြီးအား သံဃာတော် ၁၀၈ ပါးတို့က ဗုဒ္ဓဘိသေက အနေကဇာတင်ပူဇော်ကာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများနှင့် ဆွမ်းပွဲတစ်ထောင်ဖြင့် ကပ်လှူပူဇော်ကြပြီး နံနက် ၇ နာရီမှစတင်ကာ သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၃၇ ကျောင်းမှ သံဃာတော် ၅၈၅ ပါးနှင့် သီလရှင်ကျောင်းတိုက် ၁၆ တိုက်မှ သီလရှင် ၈၈ ပါးတို့အား အလှူရှင်များက ရာဟု(ထမနဲ)၊ ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုတို့ကို တောင်ခြေတွင် စည်ကားသိုက်မြိုက်စွာ စုပေါင်းလောင်းလှူခဲ့ကြကြောင်း မြသပိတ်စေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၃၁ ရက်မှစတင်ကာ ဗုဒ္ဓဒေသနာတော်များကို အသံမစဲရွတ်ဖတ်ပူဇော်ခဲ့ကြပြီး လပြည့်နေ့ ညနေ ၄ နာရီမှစတင်ကာ မြို့တွင်းရှိစေတနာရှင်များက နိဗ္ဗာန်ဈေးဖြင့် တည်ခင်းကျွေးမွေးကာ စေတီတော်တက်လမ်းတစ်လျှောက် ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်ခဲ့ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

သက်ဦး(သထုံ)

ဆင်းရဲနွမ်းပါးသည့် ကျေးလက်ဒေသများအား အခမဲ့ကျန်းမာရေးဆေးကုသပေး

မင်းဘူး ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့် တိုင်းဒေသကြီးဖောင်ဒေးရှင်း၏ ပံ့ပိုးမှုအစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး သင်ကြားရေးဆေးရုံအုပ်ကြီး(ငြိမ်း)ဒေါက်တာသန်းဦး ဦးဆောင်သည့် ဆရာဝန် ၁၁ ဦး၊ သူနာပြု ၁၃ ဦး၊ ဒေသခံကျန်းမာရေးဝန်ထမ်း ငါးဦး၊ မင်းဘူးမြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခိုင်မေသက်ထွန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက်က ကျေးရွာအရောက် နယ်လှည့်အခမဲ့ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆေးကုသရေးအဖွဲ့သည် မင်းဘူးမြို့နယ် သီးကုန်းကျေးရွာ အလက-ခွဲတွင်အခြေပြု၍ သီးကုန်း၊ ကျွန်းပြား၊ ခတ်ကုန်း၊ မုန်းတောင်၊ ချောင်းဖြူကျေးရွာများမှ အထွေထွေရောဂါ ဝေဒနာရှင် ၃၇၉ ဦး၊ ခွဲစိတ်ကုသဝေဒနာရှင် ၃၄ ဦး၊ ကလေးသူငယ်ဝေဒနာရှင် ၁၁၃ ဦး၊ သွားနှင့် ခံတွင်းဝေဒနာရှင် ၁၀၆ ဦး၊ အရိုး၊ အကြောဝေဒနာရှင် ၁၃၀ ၊ တိုင်းရင်းဆေးကုသခံယူသူ ၆၇ ဦး စုစုပေါင်းအမျိုးသားအမျိုးသမီး ၉၂၉ ဦးတို့အား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ အဆိုပါအခမဲ့ဆေးကုအဖွဲ့အား ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ

ကျေးလက်မြေသားလမ်းတွင် ကွန်ကရစ်တံတားသစ်ဖွင့်လှစ်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တောင်တွင်းကြီး-ရွှေအင်ပင်ကျေးလက်မြေသားလမ်းပေါ်ရှိ ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျင်းပသည်။

တံတားဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်မြတ်စိုးတို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ တံတားသစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၃ သိန်းကျော်နှင့် ဒေသခံကျေးလက်ပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ် သုံးသိန်း အကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တံတားသစ်ဖွင့်လှစ်လိုက်သည့်အတွက် တောင်တွင်းကြီး-ရွှေအင်ပင်လမ်းမှ တစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ လမ်းပန်းဆက်သွယ်ရေးချောမွေ့ပြီး ကုန်စည်ပို့ဆောင်ရေး လွယ်ကူလာမည်ဖြစ်ကြောင်း သိရသည်။

နိုင်ဝင်း

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်ပွဲတော် စည်ကားစွာကျင်းပမည်

ညောင်တုန်း ဖေဖော်ဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ ဖေဖော်ဝါရီ ၁၃ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲကို စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲတော်တွင် ဗိုလ်ချုပ်နှင့်ပတ်သက်သည့် စာစီစာကုံးပြိုင်ပွဲ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲများ၊ ဗိုလ်ချုပ်ပုံတူ ပန်းချီ၊ကာတွန်းပြိုင်ပွဲများ၊ ကလေးများအတွက် သိကောင်းစရာများနှင့် ဖတ်၊ မှတ်စွမ်းရည်ပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ စာပေဟောပြောပွဲများပါဝင်ပြီး သံဃာတော်များကိုလည်း ဆွမ်းနှင့်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည်ဟု သိရသည်။ ထို့အပြင် အမြင့် ကိုးပေရှိ ဗိုလ်ချုပ်ကြေးရုပ်တုကို သွန်းလောင်းစိုက်ထူသွားရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲတော်ကျင်းပရေးအတွက် မြေစိုက်ပိုစတာများကို အချက်အချာကျသော နေရာများတွင် စိုက်ထူထားကြောင်းနှင့် ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် ပွဲတော်ကို မြို့မ(၂၁) ရပ်ကွက် လမ်းမတော်စုဝေးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲအခမ်းအနားများနှင့် စာပေဟောပြောပွဲ၊ အားကစားပြိုင်ပွဲများကို သွန်းဘုရားကြီးကွင်းအတွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေးနှင့် ဗိုလ်ချုပ်ကြေးရုပ်တု ဖြစ်မြောက်ရေးအတွက် အလှူငွေများလိုအပ်လျက်ရှိပြီး ဆက်သွယ်လှူဒါန်းလိုပါက ဗိုလ်ချုပ် နှစ်(၁၀၀)ပြည့်ပွဲတော်နှင့် ကြေးသွန်းရုပ်တုဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၉-၄၂၂၅၇၃၆၁ နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

ပရဟိတစာသင်ကျောင်းသို့ စာရေးကိရိယာနှင့် အဝတ်အထည်များ စုပေါင်းလှူဒါန်း

ကသာ ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် အင်းရွာဘုန်းတော်ကြီး ပရဟိတစာသင်ကျောင်းသို့ ကသာမြို့နယ် စာရေးဆရာအသင်းနှင့် မြို့နယ်သတင်းထောက်အဖွဲ့များ၊ စေတနာရှင်များ ပူးပေါင်း၍ ဗလာစာအုပ်၊ ခဲတံနှင့် အဝတ်အထည်များကို ဖေဖော်ဝါရီ ၁ ရက်က စုပေါင်းလှူဒါန်းခဲ့ပြီး အသိပညာပေးဟောပြောပွဲကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကသာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်လေး၊ အတွင်းရေးမှူး ဦးအေးလွင်၊ ကသာမြို့နယ်မူးယစ်(၆)မှ ရဲအုပ်ရောင်နီဝင်း၊ ယာဉ်၊လမ်းစည်းကမ်းထိန်းသိမ်းရေး ရဲတပ်ကြပ်ကြီးအောင်ဝင်းနှင့် အင်းရွာရဲစခန်းမှ ရဲအုပ်ဇော်နိုင်ဝင်းတို့က စာဖတ်ခြင်းအကျိုးကျေးဇူးများ၊ မူးယစ်ဆေးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးတို့ကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း၊ သတင်းထောက်များအဖွဲ့နှင့် စေတနာရှင်များက လှူဒါန်းသော ဗလာစာအုပ် ၃၀၀ ကျော်၊ ခဲတံ ၃၂ ဒါဇင်၊ ဘောပင် ၂၂၅ ဘူး၊ ခဲချွန်စက်၊ ခဲဖျက်များ၊ ငွေကျပ် ၂၇၀၀၀၀၊ အဝတ်အထည်များ၊ သုတရသဆိုင်ရာ စာအုပ်များနှင့် ဂျာနယ်များ စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၇ သိန်း ၇ သောင်းကို အင်းရွာဘုန်းတော်ကြီးပရဟိတစာသင်ကျောင်းသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

ငွေအိုး(ကသာ)

မိုင်းရယ်မြို့၌ မြန်မာ့စီးပွားရေးဘဏ် (ငွေတိုက်ခွဲ) အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

မိုင်းရယ် ဖေဖော်ဝါရီ ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ်(ငွေတိုက်ခွဲ) အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံဖေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်ဘဏ်မန်နေဂျာ ဦးစိုးခိုင်က မြန်မာ့စီးပွားရေးဘဏ်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ မိုင်းရယ်မြို့တွင် ဘဏ်လုပ်ငန်းကို ၁၉၉၉ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သော်လည်း ရုံးပိုင်အဆောက်အအုံမရှိခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်မှ ငွေကျပ်သိန်း ၇၅၀ဖြင့် မြန်မာ့စီးပွားရေးဘဏ်အဆောက်အအုံကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဟန်ဌေး(iprd)

ပြည်တွင်းသတင်း

ယာဉ်နှစ်စီးပေါ်မှ တမလန်းသစ်တုံးများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

ခင်ဦး ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်း ကြို့ကန်ကျေးရွာအုပ်စု မိုင်တိုင်(၉/၃) နှင့် (၉/၄)ကြား၌ ဖေဖော်ဝါရီ ၂ ရက်က မော်တော်ယာဉ်တစ်စီးနှင့် ထော်လာဂျီယာဉ်တစ်စီးပေါ်မှ တမလန်းသစ် ၆၉ တုံးကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်၌ 3H----- (Odyssey)ယာဉ်သည် ကားခေါင်းပိုင်း ထိခိုက်ပျက်စီး၍လမ်းလယ်ကောင်တွင်ရပ်ထားကြောင်းနှင့် ကားပေါ်တွင် တမလန်းသစ်တုံးအတိုများ တင်ဆောင်ထားကြောင်းသတင်းအရ ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ရှေ့နှင့်နောက် ကားမှန်ပေါ်၌ လေးထပ်ကြီးကျောင်းဟုရေးထားပြီး ကားပေါ်တွင် အရှည် ၃ ပေခန့်ရှိ တမလန်းသစ် ၃၃ တုံးကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ အဆိုပါယာဉ်နှင့် တစ်ဖာလုံခန့်အကွာ၌ လမ်းဘေးချရပ်ထားသော ထော်လာဂျီ ၉၅/----- အစိမ်းရောင်ယာဉ်ပေါ်မှလည်း အရှည် ငါးပေနှင့် ကိုးပေခန့်ရှိ တမလန်းသစ် ၃၆ တုံးကို ထပ်မံတွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ပိုင်ရှင်မဲ့သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

ဆိုင်ကယ်နှစ်စီးတိုက်၍ မောင်းသူများသေဆုံး

ကံမ ဖေဖော်ဝါရီ ၄

သရက်ခရိုင် ကံမမြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၁၈၉/၅) နှင့် (၁၈၉/၆)အကြားတွင် ဖေဖော်ဝါရီ ၂ ရက်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားပြီး ဆိုင်ကယ်မောင်းသူနှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် ည ၈ နာရီခန့်တွင် ကြို့ပင်ရွာဘက်မှ သာစည်ရွာဘက်သို့ ကံမမြို့နယ်တွင်နေထိုင်သူ မြတ်ကျော်(၂၃ နှစ်) မောင်းနှင်လာသည့် လော်ဂျား ၁၁၀-အနက်ရောင်ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်မှ တင်အောင်(၅၀ နှစ်)မောင်းနှင်လာသော အိပ်ချ်ဝမ်း ၁၁၀-အပြာရောင် ဆိုင်ကယ်တို့သည် ပုသိမ်-မုံရွာကားလမ်းပေါ် ထောက်ကြံ့ပင်အကွေ့တွင် အရှိန်မထိန်းနိုင်ဘဲတိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်လာသူများဖြစ်သော မြတ်ကျော်နှင့် ဦးတင်အောင်တို့တွင် ဒဏ်ရာအသီးသီးရရှိပြီး သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ကြို့ပင်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား

ထီးချိုင့် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်တွင် ဖေဖော်ဝါရီ ၁ ရက်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူနှစ်ဦးစလုံးကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထီးချိုင့်မြို့ အမှတ်(၄) ရပ်ကွက်နေ အောင်ဖြိုးဦး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ထီးချိုင့်မြို့နယ် အင်းတမွတ်ကျေးရွာနေ အောင်သူမောင်းနှင်လာသည့် ဆိုင်ကယ်တို့သည် ထီးချိုင့်မြို့ အမှတ်(၃)ရပ်ကွက် အိုမီဂါစတိုးဆိုင်အနီး ဗိုလ်ချုပ်လမ်းမပေါ်တွင် မျက်နှာချင်းဆိုင်တိုက်ခဲ့ခြင်းဖြစ်ကာ ဆိုင်ကယ်တိုက်မှုကြောင့် အောင်ဖြိုးဦးနှင့် အောင်သူတို့တွင် ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဆိုင်ကယ်တိုက်မှုနှင့်ပတ်သက်၍ ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်သူ အောင်သူနှင့် အောင်ဖြိုးဦးတို့နှစ်ဦးစလုံးအား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

မြေကမ်းပါးပြိုကျသဖြင့် နှစ်ဦးသေဆုံး

ဗန်းမောက် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် သရက်ကုန်းကျေးရွာအနီးရှိ ရွှေတူးဖော်ရေးကုမ္ပဏီလုပ်ကွက်တစ်ခုတွင် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက မြေကမ်းပါးပြိုကျပြီး လူနှစ်ဦးမြေပိသေဆုံးသွားခဲ့ကြောင်း သိရသည်။

သရက်ကုန်းကျေးရွာ အနောက်ဘက်နှစ်မိုင်ခန့်အကွာရှိ ရွှေတူးဖော်ရေးကုမ္ပဏီလုပ်ကွက်တစ်ခုတွင် လူနှစ်ဦးမြေပိသေဆုံးကြောင်းသတင်းအရ မံစီကြီးနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ ရွှေလုပ်ကွက်အမှတ် SPM 131 တွင် ရွှေတူးဖော်နေစဉ် ရုတ်တရက် မြေကမ်းပါးပြိုကျ၍ မြေပိမိခြင်းဖြစ်ကြောင်း၊ အနီးအနားရှိ လူများက ဝိုင်းဝန်းပြီးပြန်လည်တူးဖော်ခဲ့ရာ အထက်ကျေးရွာနေ စိုးသူအောင်(၂၂ နှစ်) နှင့် ခွေးမွေးရွာနေ သိန်းနိုင်ဦး(၂၃ နှစ်)တို့ကို ဒဏ်ရာအသီးသီးရရှိပြီး သေဆုံးနေသည်ကို တူးဖော်တွေ့ရှိခဲ့ကြောင်းနှင့် သေဆုံးမှုနှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ရွှေအတု လိမ်လည်ပေါင်နှံသူကို ဖမ်းဆီးရမိ

ထီးချိုင့် ဖေဖော်ဝါရီ ၄

ကသာခရိုင် ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာရှိ မြရွှေစင်ရွှေဆိုင်တွင် ရွှေအတုလာရောက်ပေါင်နှံသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို ဇန်နဝါရီ ၃၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြရွှေစင်ရွှေဆိုင်တွင် ရွှေအတုလာရောက်ပေါင်နှံကြောင်း တိုင်ကြားသတင်းပေးချက်အရ မြတောင်ရဲစခန်းမှ တာဝန်ရှိသူများက သက်သေများနှင့်အတူသွားရောက်စစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ မမိုးမိုး(ခ)မလဲ့လဲ့ဝင်းက ဆောက်ဖြတ်ပုံလက်ကောက်နှစ်ကွင်းကို ငွေကျပ်ငါးသိန်းဖြင့်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်နေ ဟန်စိုးအောင်က သံကွင်းဆက်ကြိုးတစ်ကုံးကို ငွေကျပ်လေးသိန်းဖြင့် လည်းကောင်း လာရောက်ပေါင်နှံရာ ရွှေအတုဟုယူဆ၍ ထီးချိုင့်မြို့ စိန်ရွှေဝင်းရွှေဆိုင်မှ ကျွမ်းကျင်သူတစ်ဦးကို ခေါ်ယူပြသစစ်ဆေးရာ ရွှေအတုများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် လာရောက်ပေါင်နှံသော ရွှေတုများကို သက်သေများရှေ့တွင် သိမ်းဆည်းခဲ့ပြီး ထီးချိုင့်မြို့မရဲစခန်းမှ ရဲအုပ်ဇော်ဦးက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ငွေအိုး(ကသာ)

အင်းတော်မြို့နယ် ဒီပင်္ကရာဘုရားပွဲတော် ပွဲခင်းအတွင်း ဓားကိုင်ဆောင်လာသူများအား အမှုဖွင့်

အင်းတော် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရှိ ဒီပင်္ကရာဘုရားပွဲတော်တွင် ဖေဖော်ဝါရီ ၂ရက်က ပွဲခင်းအတွင်း ဓားကိုင်ဆောင်လာသူများအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အင်းတော်မြို့နယ် မော်လူးနယ်မြေရဲစခန်းမှ ရဲတပ်ကြပ်အောင်အောင်လတ်နှင့် တပ်ဖွဲ့ဝင်များသည် ဘုရားပွဲခင်းအတွင်း လုံခြုံရေးဆောင်ရွက်နေစဉ် အရိုးအသွား ၁၂ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်လာသည့် ဗန်းမောက်မြို့နယ် နားပင်ကျေးရွာနေ အောင်ကျော်မင်း(၂၁နှစ်)ကို နံနက် ၃ နာရီခန့်တွင်လည်းကောင်း၊ အရိုးအသွား ခြောက်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်လာသူ အင်းတော်မြို့နယ် ငါးပြေအင်းကျေးရွာနေ မဲလုံး (၁၉ နှစ်) ကို နံနက် ၃ နာရီ မိနစ် ၂၀ ခန့်တွင်လည်းကောင်း၊ အရိုးအသွား ခြောက်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်လာသူ အင်းတော်မြို့နယ် ဥသျှစ်ကုန်းကျေးရွာနေ ဝင်းမြင့်ထွန်း (၁၇ နှစ်)ကို နံနက် ၃ နာရီ မိနစ် ၄၀ ခန့်တွင်လည်းကောင်း၊ အရိုးအသွား ခြောက်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်လာသည့် အင်းတော်မြို့နယ် ဥသျှစ်ကုန်းကျေးရွာနေ ရိုးရှင်း(ခ)ကျော်ရင် (၁၇ နှစ်)ကို နံနက် ၄ နာရီခန့်တွင်လည်းကောင်း တွေ့ရှိရသဖြင့် မော်လူးနယ်မြေရဲစခန်းက လက်နက်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဦးရဲ(ကသာ)

စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ခရမ်း ဖေဖော်ဝါရီ ၄

စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြဟ္မစိုရ်ခန်းမ၌ ဇန်နဝါရီ ၃၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းသိန်းက စားသုံးသူများ ကြုံတွေ့နိုင်သည့် ဘေးဒုက္ခများနှင့် စားသုံးသူများရရှိမည့် အခွင့်အရေးများအကြောင်း ရှင်းလင်းပြောကြားပြီး ခရမ်းမြို့နယ်ဆရာဝန်ကြီးက စားသုံးသူတို့ ကြုံတွေ့ရမည့် ဘေးအန္တရာယ်များနှင့် ဆိုးကျိုးများအကြောင်းကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးမောင်သာစိန်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ရွှေတိုင်လွင်

ဓာတ်ငွေ့ပိုက်လိုင်းကြောင့် သီးနှံပျက်စီးမှု လျော်ကြေးငွေပေးအပ်

တောင်သာ ဖေဖော်ဝါရီ ၄

တောင်သာမြို့နယ် Off-Take Point မှ ဆားခါး GCS သို့သွားသော လက်မ ၂၀ ဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ရေးစီမံကိန်း ပိုက်လိုင်းအူကြောင်း တစ်လျှောက် ဖြတ်သန်းသွားသောကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူ ၇၈ ဦး၏သီးနှံများ ပျက်စီးမှုအတွက် သီးနှံလျော်ကြေးငွေများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဖေဖော်ဝါရီ ၂ ရက်က ပေးအပ်ခဲ့သည်။

တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော သီးနှံလျော်ကြေးငွေ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်က အမှာစကားပြောကြားပြီး စီမံကိန်းအင်ဂျင်နီယာဦးသက်ထွန်းက သီးနှံပျက်စီးလျော်ကြေးငွေများ ထုတ်ပေးခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူ ၇၇ ဦး၏သီးနှံပျက်စီးသော လယ်မြေ ၁၃ ဒသမ ၉၇ ဧကအတွက် သီးနှံလျော်ကြေးငွေကျပ် ၁၅၄၀၂၄၄ ကို ပေးအပ်ခဲ့သည်။

သီးနှံလျော်ကြေးငွေပေးအပ်ပွဲသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကြီးကြပ်ရေးအင်ဂျင်နီယာနှင့် တာဝန်ရှိသူများ၊ ပိုက်လိုင်းဖြတ်သန်းရာတွင် ပါဝင်သော လယ်မြေပိုင်ရှင် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ကျော်မျိုးနိုင်(တောင်သာ)

ကျိုင်းတုံ၌ မူကြိုကလေးငယ်များအား လေ့လာရေးခရီးပို့ဆောင်

ကျိုင်းတုံ ဖေဖော်ဝါရီ ၄

ကလေးသူငယ်များ မိမိကိုယ်ယုံကြည်မှု၊ အများနှင့် စည်းလုံးညီညွတ်စွာနေထိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှု စသော အကျိုးများရရှိစေရန်နှင့် မြန်မာကလေးများနေ့ကို ကြိုဆိုသောအားဖြင့် မူကြိုကလေးငယ်များအား ဖေဖော်ဝါရီ ၂ ရက်က လေ့လာရေးခရီး ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကျိုင်းတုံမြို့ ကလေးပြုစုရေးဌာန၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းနှင့် ကျိုင်းတုံပြန်လည်ထူထောင်ရေးစခန်းတို့မှ မူလတန်းကြိုကလေးငယ် ၁၄၀ ကို ကျိုင်းတုံမြို့ရှိ ခေမာရဋ္ဌဗျာဒိတ်ပေးရပ်တော်မူဘုရားကြီး၊ မဟာမြတ်မုနိဘုရား၊ နောင်တုံရေကန်၊သစ်တစ်ပင်တောင်၊ ရေပူအပန်းဖြေစခန်းတို့ကို လေ့လာရေးခရီးပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသော မြန်မာနိုင်ငံကလေးသူငယ်ဥပဒေပါ ရည်ရွယ်ချက်များတွင် နိုင်ငံတော်၏ နေအင်အားပေါ်မူတည်၍ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်ဆိုသည့် အချက်ကိုရေးဆွဲထားရာ အဆိုပါရည်ရွယ်ချက်အတိုင်း လေ့လာရေးခရီးပို့ဆောင်ပေးခြင်းဖြစ်ကြောင်း ကျိုင်းတုံမြို့ကလေးပြုစုရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မောင်မောင်နိုင်(iprd)

ရေဦးမြို့နယ်၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ

ရေဦး ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၁၅) သင်တန်းဆင်းပွဲကို ရေဦးအထက(၂) ဘိုးရာဇာခန်းမဆောင်၌ ဖေဖော်ဝါရီ ၂ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်က သင်တန်းမှသင်ကြားပို့ချပေးလိုက်သည့် စာကြည့်တိုက်ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားကြရန်နှင့် စာကြည့်တိုက်မှူးများ၏ အရည်အချင်းများနှင့် ပြည့်စုံအောင်ကြိုးစားရေး၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို သတ်မှတ်စံ(၅)ချက်နှင့် ပြည့်စုံပြီး ရေရှည်တည်တံ့အောင်ဆောင်ရွက်ရေး အမှာစကားပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်စန်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများအား ပေးအပ်ခဲ့သည်။

သန်းထိုက်(ရေဦး)

နွေစပါးကေပြည့်မီရေးနှင့် အထွက်တိုးရေး သိပ္ပံနည်းကျစိုက်ပျိုးနည်း ပညာပေးဆွေးနွေး

ပုသိမ်ကြီး ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဇီးချိုကုန်းကျေးရွာအုပ်စုမှ တောင်သူများအား နွေစပါးစိုက်ပျိုးရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ပညာပေးဆွေးနွေးပွဲကို အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်း၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည်။

မန္တလေးခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်က နွေစပါးစိုက်ပျိုးရာတွင် အထွက်တိုးစပါးမျိုးဖြစ်သည့် ပုလဲသွယ်စပ်မျိုးကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးကြရန် အမှာစကားပြောကြားပြီး ပုသိမ်ကြီးမြို့နယ်စိုက်ပျိုးရေးမန်နေဂျာနှင့် ခရိုင်မျိုးစေ့တာဝန်ခံများက ဆည်တော်ကြီးရေသောက်ဧရိယာဖြစ်သော ပုသိမ်ကြီးမြို့နယ်အတွင်း၌ နွေစပါးကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ပုသိမ်ကြီးမြို့နယ်အတွင်း၌ ၂၀၁၄-၂၀၁၅ နွေစပါးစိုက်ရာသီတွင် နွေစပါးဧက ၂၃၄၀၀ ကို စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ကျေးရွာချင်းဆက် လမ်းမကြီးပြုပြင်

အင်းတော် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု ခိုချယ်ကျေးရွာနှင့် တာဖလကျေးရွာချင်းဆက်လမ်းမကြီးကို ဖေဖော်ဝါရီ ၂ ရက်က ပြုပြင်ခဲ့ကြောင်း သိရသည်။

ခိုချယ်ကျေးရွာနှင့် တာဖလကျေးရွာကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းမကြီးသည် အရှည် ပေ ၇၀၀ ခန့်ရှိပြီး တောင်တက်တောင်ဆင်းလမ်းပိုင်းကို ယခင်က နွားလှည်းများသာ မောင်းနှင်နိုင်ခဲ့သော်လည်း ယခုပြုပြင်မှုကြောင့် လမ်းအကျယ်မှာ ၃၅ ပေအကျယ်အထိရှိလာပြီဖြစ်ကြောင်း၊ လမ်းပြုပြင်ပြီးသဖြင့် မော်တော်ကားများပါ မောင်းနှင်သွားလာနိုင်ပြီဖြစ်ကြောင်း ခိုချယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက ပြောသည်။ ကျေးရွာချင်းဆက်လမ်းမကြီး ပြုပြင်ခြင်းကို ဗန်းမောက်မော်တော်ကားလမ်းပြုပြင်ရေးအဖွဲ့က စက်ယန္တရားများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၄၉)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မင်္ဂလာဒုံမြို့နယ် တရားရုံး

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်မြမြသန်း
(၄င်း၏အခွင့်ရကိုယ်စားလှယ်-ဒေါ်ကေခိုင်မြင့် **နှင့်** ဒေါ်ကြူကြူဆွေ
တရားလို **တရားပြိုင်**

ဒေါ်ကြူကြူဆွေ၊ ကုန်းမြင့်သာ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုကပဋိညာဉ်အတိုင်း မြေအရောင်းအဝယ် မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုကြောင်း စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ဌေး)
မြို့နယ်တရားသူကြီး
မင်္ဂလာဒုံမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၃၆

ဦးခင်မောင်မြင့် **နှင့်** ၁။ ဒေါ်မြမြအေး
၂။ ဦးမြင့်ဇော်
၃။ ဒေါ်သဇင်မြင့်
တရားလို **တရားပြိုင်များ**

(ယခုနေရပ်လိပ်စာမသိ) ဦးမြင့်ဇော်နှင့် ဒေါ်သဇင်မြင့်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁၉-၉-၂၀၁၃ရက်စွဲပါ တိုက်ခန်းနှင့် မြေအရောင်းအဝယ် စရန်ပေးသဘောတူစာချုပ်အရ ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မတ် ၅ ရက် (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့်အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသီဟမျိုးကျော် ၁၃/ကလန(နိုင်)၀၅၁၃၇၆၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၁၃၃၁၃

ဦးထွန်းလင်းခြိမ်လမ်း မိသားစု သီတဂူရေအလှူတော် အထူးဓမ္မသဘင်

၁။ (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်) ၈-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)
သီတဂူဒေါက်တာ သီဟဉာဏလင်္ကာရာဘိဝံသ
M.A, Ph.D သီတဂူသာသနာပြု တက္ကသိုလ်(သန်လျင်)

၂။ (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်) ၉-၂-၂၀၁၅ရက် (တနင်္လာနေ့)
သီတဂူဒေါက်တာ အရှင်ကောဝိဒသိရီ (သီတဂူစတား)
B.A, M.A, Ph.Dပါမောက္ခ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (ရန်ကုန်)

၃။ (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်) ၁၀-၂-၂၀၁၅ရက် (အင်္ဂါနေ့)
သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ
အဂ္ဂမဟာပဏ္ဍိတ D.Litt., Ph.D
သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ
ညစဉ် ၇နာရီမှစ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးထွန်းလင်းခြိမ်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်

မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် အလက(ခွဲ) လပွတ္တာလုပ်မြောက် အဋ္ဌမတန်းမှ မစုစုနိုင်၏ မိဘအမည်မှန်မှာ ဦးဇော်နိုင် ၁၄/လပတ(နိုင်)၁၃၀၃၃၃-ဒေါ်ရီဝင်း ၁၄/လပတ (နိုင်)၁၃၂၅၇၈ ဖြစ်ပါသည်။

ဦးဇော်နိုင်-ဒေါ်ရီဝင်း

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8121 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

သိပ္ပံဗဟုသုတဆောင်းပါး

ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လျှပ်စစ် အပိုင်း(၄)

သိပ္ပံစာရေးဆရာကိုကိုအောင်

လျှပ်စစ်ဓာတ်အားကျရောက်ခြင်းနှင့် ဓာတ်လိုက်ခြင်း

လျှပ်စစ်ဆိုင်ရာ ဆက်သွယ်တပ်ဆင်မှုပစ္စည်းများ အားလုံးနှင့် လျှပ်စီးပတ်လမ်းတစ်လျှောက်၌ လျှပ်စစ်ဓာတ်အားစီးဆင်းနေသည့်အခါ ယင်းစီးဆင်းရာ လမ်းကြောင်းတစ်လျှောက်ရှိ အကာမဲ့လျှပ်စစ်ဝိုင်ယာကြိုးများ၊ ဝိုင်ယာဆက်ဇုတ်များ၊ လျှပ်ကူးပစ္စည်းများ စသည်တို့ကို လျှပ်ကာပစ္စည်းတစ်စုံတစ်ရာမပါဘဲ ထိမိကိုင်မိခဲ့လျှင် လျှပ်စစ်ဓာတ်လိုက်ခြင်း ဖြစ်ပေါ်လိမ့်မည်ဖြစ်သည်။ ထို့ပြင် လျှပ်စစ်ပစ္စည်းများ၏ကိုယ်ထည်တွင် လျှပ်စစ်ဓာတ်အား ယိုစီးပျံ့နှံ့နေသည့်အခါမျိုးများ၌လည်း လျှပ်ကာပစ္စည်းမပါဘဲ ကိုင်တွယ်မိလျှင် လျှပ်စစ်ဓာတ်လိုက်နိုင်သည်။

လျှပ်ကာပစ္စည်းဖြင့် စနစ်တကျ ဖုံးအုပ်ကာရံထားသည့်တိုင် ရေစိုနေသောလက်ဖြင့် ကိုင်မိသည့်အခါမျိုး၌ စိုနေသောရေမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ လျှပ်စစ်စီးဆင်းကာ၊ ဓာတ်လိုက်မှုကို ခံစားရနိုင်သည်။ ရေသည် အကောင်းဆုံးလျှပ်ကူးပစ္စည်းဖြစ်သည့်အတွက် လျှပ်စစ်ဆိုင်ရာ မည်သည့်ပစ္စည်းကိုမဆို ရေစိုနေသောလက်၊ ရေစိုနေသောအဝတ်၊ ရေစိုနေသော ဝါးလုံး၊ ရေစိုနေသော ကိရိယာ တန်ဆာပလာတို့ဖြင့် ထိမိကိုင်မိခြင်းမပြုရန် အလွန်အရေးကြီးသည်။

လျှပ်စစ်ပစ္စည်းများတွင် ဓာတ်အားကျရောက်နိုင်ခြင်း

လျှပ်စစ်ဓာတ်အားကို ရယူရန်အတွက် သွယ်တန်းထားသော ဝိုင်ယာကြိုးနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများသည် သွယ်တန်းကြိုးမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ထားခဲ့သည်ရှိသော် တစ်နည်းအားဖြင့် ပင်ရင်းလျှပ်စစ်ဖိအားတစ်ရပ်နှင့် ဆက်သွယ်ထားခဲ့သည်ရှိသော် လျှပ်စစ်ဓာတ်အားကျရောက်စီးဆင်းနေမည် ဖြစ်သည်။

သို့ရာတွင် တစ်ခါတစ်ရံ၌ အဆိုပါ လျှပ်စစ်ပစ္စည်းကိရိယာများသည် ဓာတ်အားပို့လွှတ်ထားခြင်းမရှိသော်လည်း လျှပ်စစ်ဓာတ်အား စီးဝင်ကျရောက်မှု ဖြစ်ပေါ်တတ်သည်။ လျှပ်စစ်ဓာတ်အား ပို့လွှတ်ထားခြင်းမရှိပါဘဲ ဓာတ်အားကျရောက်ခြင်းမျိုးသည် အောက်ပါအကြောင်းအချက်များကြောင့် ဖြစ်နိုင်သည်။

(၁) မတော်တဆထိတွေ့ရာမှ ဓာတ်အားကျရောက်ခြင်း
(၂) လျှပ်ညှို့မှုဖြင့် ဓာတ်အားကျရောက်ခြင်း
(၃) မိုးကြိုးပစ်ခြင်းနှင့် တည်ငြိမ်လျှပ်စစ်တို့ကြောင့် ဓာတ်အားကျရောက်ခြင်း
(၄) လျှပ်စစ်ဓာတ်အား ဆက်သွယ်ထားသည့် အခြားနေရာများမှတစ်ဆင့် ဓာတ်အားယိုစီးကျရောက်ခြင်း
(၅) လျှပ်ကာပြောင်းတစ်ဖက်မှ ဓာတ်အားကျရောက်ခြင်း
(၆) လျှပ်လှောင်စသည်များကြောင့်ဓာတ်အားကျရောက်ခြင်း

သို့ဖြစ်၍ လျှပ်စစ်ဆိုင်ရာ ဆက်သွယ်မှုပစ္စည်းကိရိယာများသည် လျှပ်စစ်ဓာတ်အား ဆက်သွယ်ထားခြင်းမရှိသော်လည်း အထက်ဖော်ပြပါ အကြောင်းများကြောင့် အချိန်မရွေးဓာတ်အားကျရောက်နိုင်သည်ဖြစ်ရာ၊ မည်သည့် ဓာတ်ကြိုးနှင့် လျှပ်စစ်ကိရိယာများကိုမဆို ဓာတ်အားဆက်သွယ်ထားခြင်းရှိသည်ဖြစ်စေ/ မရှိသည်ဖြစ်စေ တစ်နည်းအားဖြင့် အဆိုပါ လျှပ်စစ်ပစ္စည်းကိရိယာများ၌ ဓာတ်အားရှိ/မရှိ အတိအကျမသိခဲ့သော် လျှပ်စစ်ဓာတ်အားရှိသည်ဟု မှတ်ယူခြင်းသည် သာလျှင် အန္တရာယ်အကင်းဆုံးဖြစ်သည်။

လျှပ်စစ်ဓာတ်လိုက်သည့်အခါ ခံစားရမှုများ

လျှပ်စစ်ဓာတ်စီးဆင်းနေသော လျှပ်စီးပတ်လမ်းကြောင်းတစ်ခုအတွင်းရှိ အကာအကွယ်မဲ့ဝိုင်ယာစများကိုဖြစ်စေ၊ ဝိုင်ယာဆက်ဇုတ်များကို ဖြစ်စေ၊ လျှပ်ကူးပစ္စည်းများကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အား ယိုစီးနေသော ကိုယ်ထည်များကိုဖြစ်စေ၊ လျှပ်ကာပစ္စည်းတစ်စုံတစ်ရာမပါဘဲ မတော်တဆ ကိုင်တွယ်ထိမိသည့်အခါမျိုး၌ ခန္ဓာကိုယ်အတွင်းရှိ အာရုံကြောများ ထုံကျဉ်သွားသည်မှ သွေးကြောများပြတ်၍ မီးလောင်သည်အထိ ဖြစ်ပေါ်ခံစားကြရနိုင်သည်။ ဤသည်ကို လျှပ်စစ်ဓာတ်လိုက်သည်ဟု ပြောဆိုသုံးနှုန်းကြသည်။

လျှပ်စစ်ဓာတ်လိုက်ရာတွင် ဖြစ်ပေါ်ခံစားရမှု မတူညီကြခြင်းမှာ ဓာတ်လိုက်သည့်အခါ ခန္ဓာကိုယ်အတွင်း စီးဝင်ရောက်ရှိလာသော လျှပ်စီးအင်အားပမာဏအနည်းအများ မတူညီကြခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် လူ့ခန္ဓာကိုယ်၏ လျှပ်စစ်ခုခံမှုမှာ တစ်ဦးနှင့်တစ်ဦးမတူသည့်အတွက် လျှပ်စစ်ဓာတ်လိုက်သည့်အခါအာရုံခံစားရမှုချင်းလည်း တူညီမည်မဟုတ်ပေ။ ခန့်မှန်းခြေအားဖြင့်လူတို့၏ ခန္ဓာကိုယ်တွင် လျှပ်စစ်ဓာတ်အား ခုခံမှု အနည်းဆုံး ၅၀၀ အုမ်းမှ အများဆုံး ၃၀၀၀ အုမ်းခန့်အထိ ရှိတတ်သည်။

သာမန်အားဖြင့် ခန္ဓာကိုယ်အတွင်း စီးဝင်ရောက်ရှိလာသော လျှပ်စီးအင်အားပမာဏအပေါ်မူတည်၍ ဓာတ်လိုက်ခံစားရမှု အခြေအနေများမှာ ကွဲပြားခြားနားသည်။

(၁) ခန္ဓာကိုယ်အတွင်းသို့ စီးဆင်းဝင်ရောက်သည့်လျှပ်စီးပမာဏ (၀. ၀၀၀၀၄၅) အင်ပီယာရှိလျှင် လျှာဖျားများ ကျဉ်စပြုလာသည်။
(၂) လျှပ်စီးပမာဏ (၀. ၀၀၀၂)အင်ပီယာရှိလျှင် ခန္ဓာကိုယ်၏ ထိတွေ့မှုအာရုံများ အစပျိုးသည်။
(၃) လျှပ်စီးပမာဏ (၀. ၀၀၁) အင်ပီယာရှိလျှင် လက်မှ အရေပြားများ ထိတွေ့မှုအာရုံအစပျိုးသည်။
(၄) လျှပ်စီးပမာဏ(၀. ၀၀၈) အင်ပီယာရှိလျှင် ထုံကျဉ်မှုကို သိသာစွာ ခံစားရစေသည်။
(၅) လျှပ်စီးပမာဏ(၀. ၀၁) အင်ပီယာရှိလျှင် ခန္ဓာကိုယ်ကြွက်သားများတင်းကျပ်ပြီး အနာတရဖြစ်နိုင်သည်။
(၆) လျှပ်စီးပမာဏ(၀. ၀၂) အင်ပီယာရှိလျှင် အသက်ရှူကျပ်ပြီး မေ့မြောသွားမည် ဖြစ်သည်။
(၇) လျှပ်စီးပမာဏ(၀. ၁)အင်ပီယာ ရှိလျှင် နှလုံးသွေးရပ်၍ ဦးနှောက်ကြော ပြတ်မည် ဖြစ်သည်။

(၈) လျှပ်စီးပမာဏ (၄. ၀)အင်ပီယာရှိလျှင် ခန္ဓာကိုယ် သွေးကြောများပြတ်၍ မီးလောင်မည်ဖြစ်သည်။

လျှပ်စစ်ဖိအား ၄၀ ဗို့နှင့်အထက်ရှိသော ဗို့အားပမာဏသည်အန္တရာယ်ဖြစ်နိုင်သော လျှပ်စစ်ဖိအားပမာဏဖြစ်ပြီး ဗို့အားမြင့်လျှင်မြင့်သလို အန္တရာယ်ဖြစ်နိုင်သော အတိုင်းအဆကလည်းပို၍ တိုးလာနိုင်သည်။

ကြိုတင်ကာကွယ်ရမည့်ကိစ္စရပ်များ

လျှပ်စစ်ဓာတ်အားကို သွယ်တန်းတပ်ဆင်ပေးသည့် လျှပ်စစ် လုပ်သားများနှင့် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲသူတို့သည် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များကို လိုက်နာကြရန် လိုအပ်သည်။

(၁) လျှပ်စစ်ဓာတ်အားကို အသုံးပြုသူ၏ ပိုင်နက်အတွင်း မီးလုံးများ၊ ပန်ကာများ၊ ဒဏ်ခံကြိုးများ၊ ခလုတ်များ၊ အနိမ့်စား ဗို့အားသုံးလျှပ်စစ်ပစ္စည်းကိရိယာများနှင့် အခြားတပ်ဆင်ထားသော ကိရိယာများ၏ ပင်ကိုစွမ်းပကား တစ်နည်းဆိုရသော် အသွင်လက္ခဏာများကို မပြောင်းလဲသည့်ဆောင်ရွက်မှုမျိုးမှ လွဲ၍၊ လက်ရှိလျှပ်စစ်သွယ်တန်းတပ်ဆင်ထားခြင်းကို တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းကိစ္စရပ်များအပါအဝင် မည်သည့်လျှပ်စစ် ဆက်သွယ်တပ်ဆင်ခြင်း လုပ်ငန်းကိုမဆို၊ လျှပ်စစ်စစ်ဆေးရေးဌာနက ထုတ်ပေးထားသည့် လျှပ်စစ်ကျွမ်းကျင်မှု မှတ်ပုံတင်လက်မှတ်ရရှိပြီးသော လုပ်သားများမှအပ မည်သူမျှ ဆောင်ရွက်ခြင်း မပြုရ။
(၂) အထက် အပိုဒ် (၁)ပါ နည်းလမ်းကို ဆန့်ကျင်၍ ဆောင် ရွက်ထားသော လျှပ်စစ်တပ်ဆင်မှု အားလုံးကို လျှပ်စစ် ဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူက လျှပ်စစ်ဓာတ်အား ဆက်သွယ်ပေးခြင်းမပြုရ။
(၃) အဆောက်အအုံ အတွင်း၌ဖြစ်စေ၊ အဆောက်အအုံ၏ အနီးအပါး၌ ဖြစ်စေ၊ အကာမဲ့ဓာတ်ကြိုးများရှိနေလျှင် ယင်းဓာတ်ကြိုးများကို ပိုင်ဆိုင်သူသည် လေ့ကား (သို့မဟုတ်) အခြားအကူအညီ ပစ္စည်းမပါဘဲ အကာမဲ့ဓာတ်ကြိုးများကို လွယ်လင့်တကူ ကိုင်တွယ်၍ မရအောင် တာဝန်ယူရမည်။
(၄) အကာမဲ့ဓာတ်ကြိုးကို အဆောက်အအုံအတွင်း၌ တပ်ဆင်အသုံးပြုလိုလျှင် လိုအပ်သည့်အခါ ဓာတ်အားမရှိအောင် အလွယ်တကူပြုလုပ်နိုင်ရေးအတွက် ဖွင့်/ပိတ်ခလုတ်များကို လက်လှမ်းမီသောနေရာတွင် ထားရမည်။
(၅) လျှပ်စစ်ရေးရာဌာနက လိုအပ်သည်ဟု ယူဆသော အခြားအန္တရာယ် ကင်းရှင်းရေးစီမံဆောင်ရွက်မှုများကိုလည်း လိုက်နာလုပ်ဆောင်ရမည်။
(၆) လျှပ်စစ်ဓာတ်ကြိုးနှင့် လျှပ်စစ်ကိရိယာများကို လူတို့ကိုင်တွယ်၍ အလုပ်လုပ်နေစဉ် မတော်တဆဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေ၊ ထိုပစ္စည်းများသို့ ဓာတ်အားကျရောက်ပြီး အန္တရာယ်မဖြစ်ပေါ်စေရန်၊ ဓာတ်ကြိုးတစ်ခုခု သို့မဟုတ် လျှပ်စစ်ပစ္စည်းတစ်ခုခုကို ကိုင်တွယ်ခြင်းမပြုမီ မြေဓာတ်ချခြင်းဖြင့်သော်လည်းကောင်း၊ အခြားသင့်လျော်သောနည်းဖြင့်သော်လည်းကောင်း၊ ယင်းဓာတ်ကြိုး သို့မဟုတ် လျှပ်စစ်ပစ္စည်းများသို့ မတော်တဆကျရောက်လာမည့်ဓာတ်အားကို ထုတ်ပစ်နိုင်လောက်အောင် ကြိုတင်ကာကွယ်မှု ပြုလုပ်ထားရမည်။
(၇) ဓာတ်အားရှိသော ဝိုင်ယာကြိုးနှင့် ကိရိယာများတွင် တရားဝင်တာဝန်ပေးအပ်ထားသူမှအပ မည်သူမျှ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ၊ ယင်းပုဂ္ဂိုလ်ကိုလည်း မည်သူမျှဝင်ရောက်ကူညီခြင်းမပြုရ။ ဓာတ်အား ရှိသော ဝိုင်ယာကြိုးနှင့် ကိရိယာများကို ဆက်သွယ်တပ်ဆင်သူ၊ တိုးချဲ့သူနှင့် ပြင်ဆင်ထိန်းသိမ်းသူတို့သည် လျှပ်စစ်စစ်ဆေးရေးဌာနက သတ်မှတ်ထားသည့် လျှပ်စစ်အန္တရာယ် ကာကွယ်မှုများကို လိုက်နာရမည်။
(၈) ဗို့အားမြင့် ဓာတ်တိုင်များပေါ်တွင် တပ်ဆင်ထားသော ကြေးနန်းဆက်သွယ်ရေးကြိုးပေါ်၌ အလုပ်လုပ်သည့်အခါ၊ ယင်းကြေးနန်းဆက်သွယ်ရေးကြိုးများကို ဗို့အားမြင့်ကြိုးများဟု မှတ်ယူရမည်။
(၉) လျှပ်စစ်ကြောင့် လောင်ကျွမ်းသော မီးများကို ငြိမ်းသတ်ရန်အတွက် သင့်လျော်သော မီးသတ်ဆေးဘူး၊ ကိရိယာများအပြင်၊ ချက်ချင်းအလွယ်တကူ မီးငြိမ်းသတ်နိုင်ရန် သန့်စင်ခြောက်သွေ့သော သဲများ ဖြည့်ထားသည့် လက်ဆွဲသံပုံးများကို ထင်ရှားစွာ အမှတ်အသားပြုလုပ်၍ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲစက်ရုံများ၏ အဆောက်အအုံများအနီးတွင် အဆင်သင့် ထားရှိရမည်။
(၁၀)၁၉၅၁ ခုနှစ် အလုပ်ရုံများ၏ အက်ဥပဒေ ပုဒ်မ (၂) နှင့် ပုဒ်မခွဲ (၃) နှင့်အကျုံးဝင်သော လျှပ်စစ်ဓာတ်အား အသုံးပြုသည့် စက်ရုံများ၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများနှင့် လျှပ်စစ်ဓာတ်အားရယူသုံးဆွဲသည့် အခြားနေရာများတွင် မြင်လွယ်သောနေရာများ၌ လျှပ်စစ်ဓာတ်လိုက်ခံရသူများအား ပြုစုရမည့် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့် ထင်ရှားစွာ ရေးသားချိတ်ဆွဲထားရမည်။
(၁၁)ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ်ဓာတ်အားအသုံးပြုသည့် စက်ရုံများ၊ အလုပ်ရုံများနှင့် အခြားနေရာများတွင် လျှပ်စစ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာ၌ လျှပ်စစ်လုပ်သားများသည် အန္တရာယ်ကင်းရှင်းစွာနှင့် ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

လျှပ်ကာပစ္စည်းဖြင့် စနစ်တကျ ဖုံးအုပ်ကာရံထားသည့်တိုင် ရေစိုနေသောလက်ဖြင့် ကိုင်မိသည့်အခါမျိုး၌ စိုနေသောရေမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ လျှပ်စစ်စီးဆင်းကာ၊ ဓာတ်လိုက်မှုကို ခံစားရနိုင်

ပြည်တွင်းသတင်း

ပိုလီယိုချုပ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၄

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့်ဗိုလ်ချုပ် နှစ် ၁၀၀ ပြည့်မွေးနေ့အထိမ်းအမှတ်နှင့် မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲပိုင်းက မန္တလေးချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်း တကောင်းသစ္စာခန်းမ၌ ကျင်းပရာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်သန်းသန်းဝေက "ကလေးများအတွက် အတုယူဖွယ်ရာ တို့ဗိုလ်ချုပ်" ခေါင်းစဉ်ဖြင့် ဟောပြောပြီး ဆရာမ ဒေါ်အေးအေးမြင့်က ဗိုလ်ချုပ်အောင်ဆန်းသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေသည်။

ထို့နောက် ဆရာမ ဒေါ်မျိုးသီတာက မြန်မာနိုင်ငံကလေးများနေ့အကြောင်း သိကောင်းစရာများ၊ ဆရာဦးမြင့်စန်းက "စံပြုစရာ ဗိုလ်ချုပ်ပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမ ဒေါ်ဖြူဖြူသွယ်က "ဗိုလ်ချုပ်၏ အရည်အချင်းများ"

အကြောင်းကိုလည်းကောင်း ဟောပြောကြရာ ကျောင်းသားကျောင်းသူများက စိတ်ဝင် တစား လေ့လာမှတ်သားကြသည်။

ယနေ့လူငယ်များ၏စိတ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအပေါ်ချစ်မြတ်နိုးစိတ်၊ အနစ်နာခံစိတ်၊ အမြော်အမြင်ကြီးမှုနှင့် အမျိုးသားရေးစိတ်ဓာတ်များ ကိန်းအောင်းစေရေးအတွက် စကားရည်လုပွဲ၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများ ဆက်လက်ကျင်းပရန် စီစဉ်ထားကြောင်း ကျောင်းအုပ်ဆရာကြီးဒေါက်တာ သန်းထိုက်စိုးက ပြောကြားသည်။

တင်မောင်(မန္တလေး)

မိုးပွင့်အထူးစီမံချက် ကွင်းဆင်းဆောင်ရွက်

ဟိုပန် ဖေဖော်ဝါရီ ၄

မိုးပွင့် အထူးစီမံချက်အရ အသက်အရွယ်ကြီးရင့်သူ အဘိုးအဘွားများနှင့် နာတာရှည်မကျန်းမာသူ တိုင်းရင်းသားများအား အိမ်တိုင်ရာရောက် စနစ်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်တွင် ဖေဖော်ဝါရီ ၁ ရက်က ဟိုပန်မြို့ ဈေးရပ်ကွက်အတွင်းနေ အသက်အရွယ်ကြီးရင့်သူ အဘိုးအဘွားများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တွဲဖက် ပြည်နယ်ဦးစီးဌာနမှူး ဦးစောနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဖေနှင့် ရပ်မိရပ်ဖများ ခရိုင်၊ မြို့နယ်ရပ်ကွက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကြီးကြပ်မှုကော်မတီဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အောင်လံမြို့တွင် အရန်သားဖွားဆရာမသင်တန်းဖွင့်လှစ်

အောင်လံ ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော အရန်သားဖွားဆရာမများနေရာတွင် အစားထိုးတာဝန်ပေးနိုင်ရန် မြို့ပြနှင့်ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုကွာဟချက် နည်းပါးလျော့ကျစေရန်၊ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာစေရန်၊ မိခင်နှင့်ကလေး သေဆုံးမှုနှုန်းလျော့နည်းကျဆင်းစေရန်တို့ကို ရည်ရွယ်ဖွင့်လှစ်သော အရန်သားဖွားဆရာမ သင်တန်း (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက အောင်လံမြို့နယ် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဆင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးမှူးဒေါက်တာ ကိုကိုလေးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးမှာကြားသည်။

(မြို့နယ် ပြန်/ဆက်)

စလင်းမြို့တွင် အရန်သားဖွားသင်တန်းဖွင့်

စလင်း ဖေဖော်ဝါရီ ၄

မကွေးတိုင်းဒေသကြီး စလင်းမြို့ ပြည်သူ့ဆေးရုံခန်းမ၌ အရန်သားဖွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် မကွေးတိုင်းဒေသကြီးပြည်သူ့ကိုယ်စားလှယ်တို့က အမှာစကားပြောကြားပြီး သင်တန်းသူ ၅၀ တက်ရောက်ကြကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ကျိုက်ထီးရိုး

09-8630301
09-73494339

မသက်ဆိုင်ပါ

ကျွန်ုပ်တို့ ဟောင်ကောင်ရှိုင်းနင်းစတား အင်ဗက်စ်မန့် ကုမ္ပဏီလီမိတက်မှ ရာထူးစားဖိုမှူးဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးကျူးချောင်မိ၏သား ဦးဝင်းမင်းသန်း (ခ)ကျူးကျားဖူးသည် ၁၃-၁-၂၀၁၅ရက်တွင် ကုမ္ပဏီမှ ဈေးဝယ်ရန်အတွက် ထုတ်ယူသွားသည့် ငွေကြေးများနှင့်အတူ ထွက်သွားရာ ယခုထိ ဆက်သွယ်၍မရပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးရန်နှင့် ၁၆-၁-၂၀၁၅ရက်မှစ၍ ၎င်းကုမ္ပဏီမှ ထုတ်ပယ်ပြီးဖြစ်ကြောင်းနှင့် ၎င်းပတ်သက်သောကိစ္စအဝဝအား ကုမ္ပဏီနှင့်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း၊ ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ဦးဝင်းမင်းသန်း(ခ)ကျူးကျားဖူးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ အရင်းအမြစ်မန်နေဂျာ ဟောင်ကောင်ရှိုင်းနင်းစတားအင်ဗက်စ်မန့်ကုမ္ပဏီလီမိတက်

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်စိုးမင်းဦး ၁၃/ကလန (နိုင်)၀၆၅၅၉၇၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၄၇၀၅၁

ပျောက်ဆုံးကြောင်း

ကျွန်မမခင်စိုးအောင် ၁၃/တကန(နိုင်) ၂၄၅၈၃၇၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၈၁-၂၀၀၃၈၆

ပျောက်ဆုံးကြောင်း

ကျွန်မမမေဇော် ၁၃/တကန(နိုင်)၂၄၄၆၉၁ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၇၄၆၁၁၉

ပျောက်ဆုံးကြောင်း

ကျွန်တော်တေဇာဝင်းထွန်း ၁၂/ဥကတ (နိုင်)၁၅၀၂၆၈၏နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၂၄၃၈၁၉

အမည်ပြောင်း

ဒု-ရဲမှူးကိုကိုနိုင်၏သမီး တောင်ကြီးမြို့ အထက(၁၀) န၀မတန်း(က)မှ မတိုင်းနဒီကျော်အား မတိုင်းနန္ဒီကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မတိုင်းနန္ဒီကျော်

မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ခွဲ) ပလီလင်း ပဥ္စမတန်းမှ ခွန်မင်းဦး(ခ)မောင်ကျော်လင်း၏ မိဘအမည်မှန်မှာ ဦးစောမင်းနိုင်-ဒေါ်နန်းပွင့် ဖြစ်ပါကြောင်း။

ဦးစောမင်းနိုင်-ဒေါ်နန်းပွင့်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် မော်တော်ယာဉ်များထားရှိရန်အတွက် ကားဂိုဒေါင်တစ်လုံးလျှင် မော်တော်ယာဉ် ရှစ်စီးဆံ့(၆၄'×၁၄'×၉' ၆"-၁၂')၊ ကားဂိုဒေါင်ခြောက်လုံးဆောက်လုပ်ရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံခြင်း ပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် လုပ်ငန်းအပ်နှံမည့်ဒီဇိုင်း အသေးစိတ်စာရင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၊ အုပ်စု(၁)၊အဆောင်(၁၀)သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၈၁၀၃၃၇၀သို့ ဆက်သွယ်၍ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၅-၂-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၆-၂-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၃:၃၀ နာရီ

ပစ္စည်းဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကြီးကြပ်မှုကော်မတီ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ဂရန်ပျောက်ဆုံးကြောင်းကြေညာချက်

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ည/၂၁နေ ဦးသိန်းတင့်-ဒေါ်ရွှေဝါ-ဦးတင်အုန်း အမည်ဖြင့် အမှုတွဲအမှတ် ၁၈၆/၂၀၀၃/၂၀၀၄ဖြင့် ရရှိထားသည့် အိမ်ဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးဂရန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးသိန်းတင့်-ဒေါ်ရွှေဝါ-ဦးတင်အုန်း

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိ ဏသီရိအလယ်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၃၀၄၉၈၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ပါမစ်မြေကွက်အား ဦးမျိုးမြင့်(ဘ)ဦးခင်မောင် ၈/ပဖန(နိုင်)၀၆၄၁၇၃က ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ ယာယီမြေပေးမိန့်မူရင်း ပျောက်ဆုံးသဖြင့် မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပြီး ကန့်ကွက်မှုမရှိပါက ဦးမျိုးမြင့် အမည်ပေါက် ယာယီမြေပေးမိန့်လက်မှတ် မူရင်းအားပယ်ဖျက်၍ မိတ္တူမှန်ထုတ်ပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးလုပ်ငန်း တွင်ကျယ်ရေး မြန်မာ့အလင်းမှ ကြော်ငြာပေး။ အများပြည်သူ အဆင်ပြေရေး နှုန်းထားလျှော့ကာ ဝန်ဆောင်ပေး။

ဖေဖော်ဝါရီသားအမိအတွက် မွေးနေ့ဆုတောင်း

ဖေဖော်ဝါရီ(၅)ရက်မှာကျရောက်တဲ့ ချစ်မြေးလေး စိုင်းလမင်းယံ @ တုန်တုန့်မွေးနေ့နှင့် ဖေဖော်ဝါရီ (၁၂)ရက်မှာ ကျရောက်မယ့် ချစ်သမီးကြီး နန်းအင်ကြင်းဦးတို့၏ မွေးနေ့တို့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံနိုင်ပါစေ။ ဖြစ်လေရာဘဝတိုင်းမှာ သူယုတ်မာများနှင့် ဆုံစည်းရခြင်းကင်းဝေးနိုင်ကြပြီး ဆန္ဒနှင့်ဘဝ တစ်ထပ်တည်း ကျနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ချစ်တဲ့ - ဘွားဘွားကြီး ဒေါ်နန်းတစ်
ဖေဖေကြီး ဦးစံထွန်းဦး- မေမေကြီး ဒေါ်နန်းနွဲ့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၂၃၅၇၊ Jialing JH 150 GYS,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းသန်း ၉/ခအဇ(နိုင်)၀၄၁၆၁၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)

ခြံရောင်းမည်

ရန်ကင်းသံလမ်းအနီး၊ လမ်းသန့်၊ မြေပေ(၃၀×၆၀)၊ ရောင်းဈေး ကျပ်သိန်း ၁၅၀၀

ဖုန်း-၀၉-၇၉၇၈၈၄၈၇၆

တစ်ဦးတည်းဖြစ်ပါကြောင်း

မန်စီမြို့၊ ဟန်ထက်ကျေးရွာနေ မအေးအေးအောင် ၁/မစန(နိုင်)၀၂၀၁၀၅၏ ဖခင် ဦးအောင်အောင်နှင့် ဦးစောအောင် ၁/မစန(နိုင်)၀၀၄၆၂၈သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/7481 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

G.T.I ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

G.T.I ကျောင်းပေါင်းစုံ ကျောင်းသားဟောင်းများ စုပေါင်း၍ (၂၅)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၉-၂-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၁၁ နာရီမှစ၍ ရန်ကုန်မြို့၊ ပြည်လမ်း၊ ၉မိုင် (မြန်မာ) ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်လိုသူများသည် ၈-၂-၂၀၁၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဦးခင်ဇ (ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၅၁၉၈၆၃သို့ စာရင်းပေးသွင်းနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၃၄၁၇၇၊ Honda wave NF 110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဖြိုး ၆/လလန(နိုင်)၀၆၂၆၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)

နိုင်ငံတကာအားကစားသတင်း

အသင်းကြီးတွေအားထည့်ဦးမယ့် ပရီမီယာလိဂ်ပွဲစဉ် (၂၄)

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၄ကို ဖေဖော်ဝါရီ ၇ ရက်နဲ့ ၈ ရက်တို့မှာ ဆက်လက်ဆင်နွှဲမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ထိပ်တန်းအသင်းတွေ ရလဒ်အပြည့်အဝ ကောင်းအောင်ကြိုးစားမယ့်ပွဲစဉ်အဖြစ် မြင်တွေ့ရပါလိမ့်မယ်။ ဒါကြောင့် ပေါ့ဆလို့မဖြစ်တဲ့အတွက် အာဆင်နယ်၊ မန်စီးတီး၊ ချယ်လ်ဆီးတို့ရဲ့ ပုံရိပ်တွေဟာ လှုပ်ရှားသက်ဝင်တဲ့ ရင်ခုန်စရာယှဉ်ပြိုင်မှုတွေကို အားပေးကြရဦးမှာဖြစ်ပါတယ်။

ဗီလာနှင့် ချယ်လ်ဆီး

ဗီလာကွင်းမှာ ချယ်လ်ဆီးတို့ ခြေကုန်ထုတ်ကြရဦးမှာ ဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ ပြီးခဲ့တဲ့မန်စီးတီးနဲ့ပွဲစဉ်မှာ တစ်မှတ်သာရခဲ့လို့ ဒီပွဲမှာတော့ အမှတ်ပြည့်ရယူရေး အမာခံကစားသမားတွေ ပွဲထုတ်မှာဖြစ်ပါတယ်။ ဗီလာတို့ကတော့ အိမ်ကွင်းမှာ ချယ်လ်ဆီးကို နိုင်ပွဲ၊ သရေပွဲတွေ ရအောင် ကစားနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတွေရှိထားတာမို့ အနိမ့်ဆုံး သရေရအောင် အားထုတ်ပါလိမ့်မယ်။ ဒါပေမယ့် အကြိုက်ကချယ်လ်ဆီးပါပဲ။

မန်စီးတီးနှင့်ဟားလ်စီးတီး

တန်းဆင်းဇုန်ထဲ ရောက်ရှိနေတဲ့ ဟားလ်စီးတီးတို့က ဒီပွဲမှာတော့ အပြင်းအထန်ခုခံပြီး အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ရလဒ်တွေ ဆိုးရွားနေတဲ့ ဟားလ်စီးတီးတို့အဝေးကွင်းမှာ ပေးဂိုးတွေများနေတာမို့ မန်စီးတီးတိုက်စစ်မှူးတွေ ဂိုးဘယ်လောက်သွင်းယူနိုင်မလဲ ကြည့်ရမှာပါ။

စပါးနှင့်အာဆင်နယ်

ပြီးခဲ့တဲ့နောက်ဆုံး တွေ့ဆုံပွဲမှာတော့ တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲကတော့ စပါးကွင်းမှာ ပွဲကောင်းဖြစ်လာမှာပါ။ ဥရောပ ဝင်ခွင့်အတွက် နှစ်သင်းစလုံး အမှတ်လိုအပ်နေတာမို့ အနိုင်ရလဒ်ကို အပြိုင်ပုံဖော်ကြပါလိမ့်မယ်။ တစ်မှတ်စီ ခွဲယူရမယ့်ကိန်း ဆိုက်နိုင်ပါတယ်။

ကျူပီအာနှင့် ဆောက်သမ်တန်

အိမ်ကွင်းမှာဆိုရင် ကစားအားကောင်းတဲ့ ကျူပီအာကို ဆောက်သမ်တန်တို့အားကုန်ထုတ်မှ ရပါလိမ့်မယ်။ ဆောက်သမ်တန်ဟာ ကျူပီအာနဲ့ တွေ့တိုင်းဖိအားပေးကစားနိုင်တာမှန်ပေမယ့်။ တန်းဆင်းဇုန်ထဲရောက်နေတဲ့ ကျူပီအာရဲ့ ရုန်းထမှုကို အလေးထားကစားမှ ဆောက်သမ်တန် အမှတ်ပြည့်ရပါလိမ့်မယ်။

ဆွမ်ဆီးနှင့် ဆန်းဒါးလန်း

အဝေးကွင်း၊ အိမ်ကွင်းတွေမှာ သရေပွဲများနေတဲ့ ဆန်းဒါးလန်းဟာ အခုပွဲမှာတော့ ဆွမ်ဆီးကွင်းမှာ သရေတစ်မှတ် ရဖို့ခက်ခဲမှာ ဖြစ်ပါတယ်။ ဆန်းဒါးလန်းတိုက်စစ်မှူးတွေက အဝေးကွင်းမှာဂိုးသွင်းစွမ်းရည် ကျဆင်းနေတာမို့ အိမ်ကွင်းမှာဆိုရင် ခြေစွမ်းပြနိုင်တဲ့ ဆွမ်ဆီးကိုပဲ အားပေးတာ မှန်ကန်ပါလိမ့်မယ်။

လက်စတာနှင့် ခရစ္စတယ်ပဲလေ့စ်

နိုင်ပွဲတွေကို ဖော်ထုတ်နိုင်စွမ်းမြင့်မားနေတဲ့ ပဲလေ့စ်တို့အတွက် လက်စတာတို့က ကြီးမားတဲ့စိန်ခေါ်မှုဖြစ်နေပါတယ်။ လက်စတာတို့က တန်းစီဇယားအောက်ဆုံး ရောက်ရှိနေပြီး အမှတ်လိုအပ်နေတာမို့ ဒီပွဲကို အနိုင်ကစားဖို့ ပြင်ဆင်လာပါလိမ့်မယ်။ ပဲလေ့စ်တို့ကတော့ နည်းပြအလန်ပါဂျူးကြောင့် ပွဲတိုင်းရလဒ်ကောင်းနေတာမို့ ဒီပွဲမှာလည်း သုံးမှတ်ပြည့်သိမ်းပိုက်နိုင်ရေး အားထည့်ကစားရပါလိမ့်မယ်။ ပဲလေ့စ်ရဲ့ စွမ်းဆောင်မှုကို အသိအမှတ်ပြုရမယ့်ပွဲပါ။

အဲဗာတန်နှင့် လီဗာပူး

အဲဗာတန်နဲ့ဆုံတိုင်း လီဗာပူးတို့ ပွဲကျပ်ဖြစ်ခဲ့တာချည်းပါပဲ။ လီဗာပူးတို့က အသင်းလိုက်ကစားအားပြန်ကောင်းနေတာမို့ အဲဗာတန်တို့ အိမ်ကွင်းဆိုပေမယ့် စိုးရိမ်စရာပွဲပါပဲ။ ဒါပေမယ့် နောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာလည်း အဲဒီရလဒ်ကို ဦးတည်သွားနိုင်ပါတယ်။

ပြောင်းကြွေ့ကြ ပရီမီယာလိဂ်လောက

ကောင်းမြတ်သူ

ဇန်နဝါရီလရဲ့ ပရီမီယာလိဂ် အပြောင်းအရွှေ့ရာသီကတော့ ကုန်ဆုံးသွားခဲ့ပါပြီ။ ရာသီကုန်ဆုံးသွားတဲ့နောက်ဆုံးနေ့မှာပဲ အပြောင်းအရွှေ့အများဆုံးနေ့ ဖြစ်ခဲ့ပါတယ်။

ဝက်စ်ဘရွန်းက မန်ယူကွင်းလယ်ကစားသမား ဖလက်ချာကို အလွတ်ပြောင်းရွှေ့မှုနဲ့ ခေါ်ယူခဲ့ပါတယ်။ အသက် ၃၁ နှစ်ရှိ စကော့တလန်ကွင်းလယ်ကစားသမား ဖလက်ချာကို ဝက်စ်ဘရွန်းက နှစ်နှစ်ခွဲစာချုပ်နဲ့ ခေါ်ယူသွားခဲ့တာပါ။ ဘော်လ်တန်နောက်တန်းကစားသမား အင်ဒီကဲလက်ကိုတော့ မန်ယူက ရာသီကုန်အထိ အငှားခေါ်ယူထားပါတယ်။ အသက် ၂၁ နှစ်အရွယ်ရှိ ကဲလက်ဟာ ဘော်လ်တန်အတွက် လေးပွဲသာကစားခဲ့ပြီး ယခုနှစ်အစောပိုင်းက ပလိုင်မောက်သို့ သုံးလအငှားချထားခဲ့ပါတယ်။ အသက် ၁၉ နှစ်အရွယ်ရှိတဲ့ ကွင်းလယ်ကစားသမား ဂျန်ကိုကတော့ မန်ယူမှာပွဲထွက်ကစားတာ မတွေ့ရသေးပါဘူး။ ဖီအိုရင်တီးနား အသင်းမှ ကိုလံဘီယာတောင်ပံကစားသမား ဂျူအန်ကွာဒရာဒိုကိုတော့ ချယ်လ်ဆီးက ပေါင် ၂၃ ဒသမ ၃သန်းပေးပြီး လေးနှစ်စာချုပ်နဲ့ ခေါ်လိုက်တယ်လို့ သိရပါတယ်။ ခရစ္စတယ်ပဲလေ့စ်က ဝီလ်ဖရက်ဇာဟာ အပါအဝင် ကစားသမားလေးဦးကို ခေါ်ယူလိုက်ပါတယ်။ ဟားလ်စီးတီးက လိုကိုမိုးတစ်မော်စကိုတိုက်စစ်မှူး ဒိန်းအင်န်ဒရှိုင်းတိုက်စစ်မှူးကို ခေါ်ယူလိုက်ပါတယ်။

စပါးအသင်းက MKဒွန်းကွင်းလယ်ကစားသမား ဒီကီအယ်လီကို ပေါင်ငါးသန်းနဲ့ ငါးနှစ်ခွဲစာချုပ်လိုက်ပါတယ်။ အသက် ၁၈ နှစ်သာရှိသေးတဲ့ ဒီကီအယ်လီအား စပါးက ပထမတန်းကလပ်တစ်ခုသို့ အငှားပြန်ချထားဖွယ်ရှိပါတယ်။ သူဟာ အသက် ၁၉ နှစ်အောက် အင်္ဂလန်ကစားသမားဖြစ်ပြီး နယူးကာဆယ်ကလိုချင်နေတဲ့သူပါ။ သူဟာ MK ဒွန်းအတွက် ယခုနှစ်ရာသီမှာ ၂၅ ပွဲပါဝင်ကစားပေးခဲ့ပြီး ၁၂ ဂိုးသွင်းယူပေးထားသူဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား အယ်လီကို လီဗာပူးနဲ့ ဘိုင်ယန်မြူးနစ်ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့ပါတယ်။ သူဟာ ၂၀၁၇ ခုနှစ်အထိ MKဒွန်းနဲ့စာချုပ်ခဲ့သူဖြစ်ပါတယ်။

အဲဗာတန်ကတော့ စပါးတောင်ပံတိုက်စစ်မှူးလင်နွန်ကို ပရီမီယာလိဂ်ရာသီကုန်အထိ အငှားခေါ်ယူလိုက်ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ လင်နွန်ဟာ ၂၀၀၅ ခုနှစ်ကတည်းက လိဒ်ယူနိုက်တက်မှ စပါးသို့ပြောင်းလာပြီး ပွဲပေါင်း ၃၆၅ ပွဲပါဝင်ကစားခဲ့ကာ ဂိုး ၃၀ သွင်းယူပေးနိုင်ခဲ့ပါတယ်။ သူဟာ ယခုနှစ်ရာသီမှာ ပရီမီယာလိဂ်ပွဲ ကိုးပွဲသာ ပါဝင်ကစားခဲ့ရပါတယ်။ ဟားလ်၊ စတုတ်နဲ့ ကျူပီအာတို့က လင်နွန်ကို လိုချင်နေကြပေမယ့် အဲဗာတန်ကိုပဲ ဦးစားပေးခဲ့ပါတယ်။ လင်နွန်ဟာ အင်္ဂလန်အသင်းအတွက် ၂၁ ပွဲ ပါဝင်ကစားပေးခဲ့သူလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းရဲ့ နာမည်ကြီးတောင်ပံတိုက်စစ်မှူးဖြစ်တဲ့ ရှာလီကိုတော့ ဘွန်ဒက်စ်လီဂါက ဝုဖ်ဘတ်အသင်းသို့ ပေါင် ၂၂ သန်းနဲ့ ရောင်းထုတ်ခဲ့ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ ရှာလီဟာ ကမ္ဘာ့ဖလားဗိုလ်စွဲခဲ့တဲ့ ဂျာမနီအသင်းရဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ဘရာဇီးလ်ကို ခုနစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တဲ့ အကြိုဗိုလ်လုပွဲမှာ နှစ်ဂိုးသွင်းယူပေးခဲ့သူ ဖြစ်ပါတယ်။ သူဟာ ၂၀၁၃ ခုနှစ်က လေဗာကူဆင်အသင်းမှ ပေါင် ၁၈ သန်းနဲ့ ချယ်လ်ဆီးသို့ ပြောင်းခဲ့တာဖြစ်ပါတယ်။ ရှာလီကို နည်းပြမော်ရင်ဟိုလက်ထက်မှာ လူစားအဖြစ်သာ အသုံးပြုခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ရှာလီအနေနဲ့ စတမ်းဖို့ဘရစ်ကို ကျောခိုင်းပြီး ဂျာမနီမြေကို ပြန်လည်ခြေချနိုင်ဖို့ ကြိုးစားဟန်တူပါတယ်။

ရွှေပြည်ဟိန်းမိုးကောင်းတံတား တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

(Account No.0073020070169030I)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၈၀၈၉၊ Mitsubishi Pajero,S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင်စိုး ၉/ပဥလ(နိုင်)၀၁၆၄၃၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

JES Driver Academy

JES Driver Academy (14.2.2015)

ဖုန်း - 09 8581144, 09 32173735
09420165439,09 421033567,09 421037413

အမြန်ပြန်လာပါ

ကျွန်တော်၏ဇနီး ဒေါ်မြနှင်းအေး TGKN-၀၅၅၀၈၁သည် ၁၁-၈-၂၀၁၄ရက်တွင် မိမိ၏ဆန္ဒအလျောက်နေအိမ်မှ ထွက်ခွာသွားရာ အရွယ်မရောက်သေးသည့် ကလေးငယ်နှစ်ဦးမှာလည်း သတိရနေပါသဖြင့် အမြန်ပြန်လာပါရန်၊ လက်ခံထားသူအား ဥပဒေအရ အရေးယူပါမည်။

ဦးတင်မြင့် ၁၂/သကတ(နိုင်)၀၁၆၁၆၃

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်မိုးကြည် ၁၂/လမန(နိုင်)၀၃၄၄၁၈၏သား မောင်ရဲလင်းအောင် ၁၂/လမန(နိုင်)၁၄၉၈၉၂သည် မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၄င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်မိုးကြည်

အစိုးရအဖွဲ့သစ်ကာလအတွင်း စွမ်းအင်ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

၁။ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းဆောင်ရွက်ချက်များ

❖ ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ် လွှဲပြောင်းတာဝန်ယူပြီးသည့်နောက် မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီကို (၉-၁-၂၀၁၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

❖ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီအား နိုင်ငံတော် ဒုတိယသမ္မတ (၂) မှ နာယကအဖြစ် ဦးစီးဦးဆောင်ပြုလျက်၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များမှ အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းထားပါသည်။

❖ စွမ်းအင်နှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများ၏ လက်ရှိအခြေအနေသုံးသပ်ချက်များ (Current Situation Analysis) ကို စုစည်း၍ ၎င်းအချက်အလက်များအပေါ် အခြေခံပြီး အမျိုးသားစွမ်းအင်မူဝါဒ (National Energy Policy) အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

❖ အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank) မှ နည်းပညာအကူအညီပေးရေးအစီအစဉ် TA-8244 ၏ စွမ်းအင်ကဏ္ဍအရ အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြံပေးအရာရှိများမှ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍမူဝါဒ (မူကြမ်း)ကို ရေးဆွဲဆောင်ရွက်ပေးခဲ့ပါသည်။ ထို့နောက်အမျိုးသားစွမ်းအင်မူဝါဒ (မူကြမ်း) တတိယအကြိမ်နှင့် Asia Development Bank (ADB) မှ အကြံပေးအရာရှိများပြုစုထားသော မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ မူဝါဒ(မူကြမ်း) Myanmar Energy Sector Policy ၂၀၁၃ (Draft) တို့အား ပေါင်းစပ်ညှိနှိုင်း၍ ပြင်ဆင်ဖြည့်စွက်ထုတ်ပြန်နိုင်ရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးမှ ၁၀-၂-၂၀၁၄ ရက်စွဲပါစာဖြင့် ခွင့်ပြုချက်အရ အမျိုးသားစွမ်းအင်မူဝါဒအား English Version ဖြင့် ပြုစုပြီးဖြစ်၍ အပြီးသတ်ရေးဆွဲပြုစုထားသည့် အမျိုးသားစွမ်းအင်မူဝါဒစာတမ်းပါ မူဝါဒ (၉)ချက်အား အများပြည်သူသိရှိစေရေး ထုတ်ပြန်ကြေညာနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်လျက်ရှိပါသည်။

❖ အာရှဖွံ့ဖြိုးရေးဘဏ်သည် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ စွမ်းအင်မူဝါဒနှင့်စီမံကိန်းဆိုင်ရာ စွမ်းဆောင်ရည် တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ နည်းပညာအကူအညီပေးရေးအစီအစဉ် (TA8356-MYA: Institutional Strengthening of National Energy Management Committee in Energy Policy and Planning) ကိုကမ်းလှမ်းခဲ့ပြီး အဆိုပါနည်းပညာအကူအညီပေးရေး အစီအစဉ်တွင် ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်ရေးဆွဲခြင်းနှင့်စွမ်းအင်မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းစသည့် အပိုင်းနှစ်ပိုင်းပါဝင်ပြီး၊ ပထမပိုင်းဖြစ်သော ကာလရှည်စွမ်းအင်ဆိုင်ရာ ပင်မစီမံချက်ရေးဆွဲခြင်းလုပ်ငန်းတွင် စွမ်းအင်ကဏ္ဍပြည်ပကျွမ်းကျင်သူသုံးဦးနှင့် ပြည်တွင်းကျွမ်းကျင်သူလေးဦးတို့ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

❖ ဒုတိယပိုင်းဖြစ်သော စွမ်းအင်မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းတွင် စွမ်းအင်ခြိုးခြံချွေတာရေးနှင့် အကျိုးရှိထိရောက်စွာသုံးစွဲရေးကဏ္ဍနှင့် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍများအပါအဝင် စွမ်းအင်ကဏ္ဍတစ်ရပ်လုံးအတွက် မူဝါဒ၊ မဟာဗျူဟာနှင့် လမ်းပြမြေပုံရေးဆွဲခြင်း လုပ်ငန်းများကိုပြည်ပကျွမ်းကျင်သူသုံးဦးနှင့် ပြည်တွင်းကျွမ်းကျင်သူလေးဦးတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းတွင် Energy Security Strategy ရေးဆွဲရာ၌ ထည့်သွင်းစဉ်းစားရန်လိုအပ်သည့်အချက်များအား အကြံပြုတင်ပြခြင်းကိုပါ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၂။ ပြည်တွင်းရေနံနှင့်သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း

❖ ကုန်းပိုင်းလုပ်ကွက် ၁၈ ကွက်ကို ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ရာ လုပ်ကွက် ၈ ကွက်တွင် နိုင်ငံခြားကုမ္ပဏီခြောက်ခုအား ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆို၍ နိုင်ငံသားပိုင်ကုမ္ပဏီများနှင့်အတူ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်၊ ထုတ်လုပ်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်ပေးခဲ့ပါသည်။

❖ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကုန်းပိုင်းလုပ်ကွက် ၁၈ ကွက်အား ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ရာ လုပ်ကွက် ၁၆ ကွက်၌ နိုင်ငံခြားကုမ္ပဏီ ၁၀ ခုနှင့် ပူးပေါင်းလုပ်ကိုင်မည့် နိုင်ငံသားပိုင်ကုမ္ပဏီများအားရွေးချယ်ထားပြီး၊ ယခုအခါ ကုန်းပိုင်းလုပ်ကွက် ၁၄ ကွက်တွင် နိုင်ငံခြားကုမ္ပဏီ ၉ ခုနှင့် နိုင်ငံသားပိုင်ကုမ္ပဏီများနှင့်အတူ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်/ ရေနံအထွက်တိုးရေးစာချုပ်များချုပ်ဆို၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်၊ ထုတ်လုပ်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်ပေးအပ်ခဲ့ပြီး၊ ကျန် ၂ ကွက်အား စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်လျက်ရှိပါသည်။

❖ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကမ်းလွန်လုပ်ကွက် ၃၀ ကွက်အတွက် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ရာ လုပ်ကွက် ၂၀ ကွက်အား ကုမ္ပဏီ ၁၃ ခုကို ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်၊ ထုတ်လုပ်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်ပေးအပ်ရန် လျာထားပြီး၊ ကမ်းလွန်လုပ်ကွက် ၄ ကွက်တွင် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်များချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။

ဇော်တိကသဘာဝဓာတ်ငွေ့စီမံကိန်း

❖ မုတ္တမကမ်းလွန်လုပ်ကွက် M-9 ထွက်ရှိသော သဘာဝဓာတ်ငွေ့များ ထိုင်းနိုင်ငံသို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိရန်နှင့် ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်တို့အတွက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အစုရှယ်ယာ၂၀% ၊ PTTEPI မှ အစုရှယ်ယာ ၈၀%တို့ဖြင့် ၁-၂-၂၀၀၄ ခုနှစ်မှစတင်၍ ဇော်တိကစီမံကိန်းကို ဆောင်ရွက်ခဲ့ပါသည်။ ၅-၈-၂၀၁၄ ရက်နေ့မှစတင်လျက် ထိုင်းနိုင်ငံသို့ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ၂၄၀ ကုဗပေသန်းခန့် ပို့လွှတ်ရောင်းချလျက်ရှိပါသည်။ ယင်းစီမံကိန်းမှ ပြည်တွင်းသုံးစွဲမှုအတွက် တစ်နေ့လျှင် ကုဗပေသန်း ၁၀၀ ရရှိမည်ဖြစ်ပါသည်။

ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း

❖ ရခိုင်ကမ်းလွန်လုပ်ကွက်မှထွက်ရှိသော သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိစေရန်နှင့် ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်တို့အတွက် ရခိုင်ကမ်းလွန်လုပ်ကွက် A-1& A-3 တို့တွင် အစုရှယ်ယာဝင်များဖြစ်သော Daewoo ၅၁%၊ ONGC ၁၇%၊ MOGE ၁၅ %၊ GAIL ၈. ၅%၊ KOGAS ၈. ၅ %တို့မှ ၁-၁၀-၂၀၀၀ ခုနှစ်မှစတင်၍ ယခုစီမံကိန်းကို ဆောင်ရွက်ခဲ့ပါသည်။ ၁၅-၇-၂၀၁၃ ရက်နေ့မှစတင်ကာ Build Up Period အနေဖြင့် ၁-၁၂-၂၀၁၃ မှစ၍ နေ့စဉ် ကုဗပေသန်း ၂၀၀၊ ၁-၄-၂၀၁၄ မှစ၍ နေ့စဉ် ကုဗပေသန်း ၃၀၀၊ ၁-၈-၂၀၁၄ မှစ၍ နေ့စဉ် ကုဗပေသန်း ၄၀၀ နှင့် ၁-၁၂-၂၀၁၄ မှစ၍ Plateau Period အထိနေ့စဉ် ကုဗပေသန်း ၅၀၀ ထုတ်လုပ်ရောင်းချမည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အတွက် ကုဗပေသန်း ၂၀ အပါအဝင် ယင်းစီမံကိန်းမှ ပြည်တွင်းသုံးစွဲရန် တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၁၀၀ ရရှိမည်ဖြစ်ပါသည်။

၃။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကော်ပိုရေးရှင်း အသွင်ကူးပြောင်းရေး ဆောင်ရွက်ခြင်း

❖ ဝန်ကြီးဌာနရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သော မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းများမှ ဝန်ဆောင်မှုလုပ်ငန်းအချို့အား ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကော်ပိုရေးရှင်းအသွင်ကူးပြောင်းရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက် ဝန်ကြီးဌာနအဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

❖ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းသုံးခုဖြစ်သော ရေနံတွင်းတူးစက်ဝန်ဆောင်မှုလုပ်ငန်း၊ ဆိုက်စမစ်တိုင်းတာခြင်း ဝန်ဆောင်မှုလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတို့ကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်းကာ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် JV တည်ထောင်ပြီးဖြစ်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ၊ ရေနံတွင်းတူးစက်ဝန်ဆောင်မှုလုပ်ငန်းအတွက် LEOI ၂၆ စောင်၊ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းအတွက် LEOI ၁၅ စောင်နှင့် ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းအတွက် LEOI ၂၈ စောင်တို့ကို နိုင်ငံတကာနှင့် ပြည်တွင်းကုမ္ပဏီများမှ တင်သွင်းခဲ့ကြပါသည်။ နိုင်ငံတကာအတွေ့အကြုံရှိ Consultant များငှားရမ်းပြီးနောက် လက်ခံရရှိထားသော LEOI များ စိစစ်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

❖ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်)ကို နိုင်ငံတကာအတွေ့အကြုံရှိ ကုမ္ပဏီများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် JV လုပ်ငန်းဆောင်ရွက်နိုင်ရန် တင်ဒါဖိတ်ခေါ်ခဲ့ရာ ကုမ္ပဏီလေးခုတို့မှ အဆိုပြုလွှာများ တင်သွင်းခဲ့ပါသည်။ ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)ကိုလည်း ၂၀၁၅ ခုနှစ် အောက်တိုဘာလ၌ နိုင်ငံတကာအတွေ့အကြုံရှိ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီ ၂၂ ခုမှ LEOI များ တင်သွင်းခဲ့ရာ ကုမ္ပဏီ ၁၁ ခုမှ Prequalification အောင်မြင်ခဲ့ပါသည်။ ထို့အတူ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနကိုလည်း ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ၌ ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးကို ဆက်လက်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၉နေ ဦးကျော်ဇင်လင်း - ဒေါ်နှင်းနှင်းအောင်စံတို့၏သား အမက(၃၀)လှိုင် ဒုတိယတန်းမှ မောင်ဖြိုးမင်းသီဟကျော်အား မောင်အောင်သူရဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်သူရ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြေကွက်အမှတ် ၁၄၀၊ မြေကွက်တည်နေရာအမှတ် ၁၄၀၊ ဗိုလ်ချုပ်လမ်း၊ ၅/၄ရပ်ကွက်၊ ရွှေပြည်သာ ဦးမောင်မောင်စိန်၊ ဦးသန်းဆွေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ရွှေပြည်သာမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်(၁၀၉/၂၀၁၄)ဖြင့် အရောင်း အဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု၏ ၇-၁၁-၁၄ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ ဂရန်မူရင်း၊ တရားမဇာရီမှုအမှတ်(၆၂/၁၄)တွင် ဘီလစ်ခန့်အပ်သည့် ၂-၁၂-၁၄ရက်စွဲပါ တရားရုံးမှတ်တမ်းတို့တင်ပြ၍ ဘီလစ် ဒေါ်၄၀ါ ၁၂/လမန(နိုင်)၀၂၉၆၃၃က မြေကွက်၏ခေါင်းရင်းဘက် ခြမ်း Portion(၂၀×၆၀)ကို အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၂၊ မြေကွက်အမှတ် (၁၇၃၃/၂)၊ မြေကွက်တည်နေရာ အမှတ် (၁၇၃၃/၂)၊ ယုဇန ၂လမ်း၊ ဦးမောင်စိန်(ခ)ဦးအဝိန်(AD 027044)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် [ဖခင်ဦးမောင်စိန်(ခ)ဦးအဝိန်-(မိခင်)ဒေါ်ချစ်မေ] သားဖြစ်သူ ဦးသန်းတင်(လူပျိုကြီး)တို့ ကွယ်လွန်သဖြင့် ဒေါ်မြဝင်း ၁၂/ဥကမ(နိုင်)၀၄၆၅၅၇၊ ဒေါ်လှဝင်း ၇/ကမက(နိုင်)၀၆၀၇၂၁၊ ဦးလှကြည် ၁၂/ဥကမ(နိုင်)၀၇၅၆၀၄၊ ဒေါ်အုန်းခင် ၁၂/ဥကမ(နိုင်)၀၄၆၈၉၁၊ ဒေါ်တင်တင်လှ ၁၂/ဥကမ(နိုင်)၁၂၆၄၇၈ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ(S-၈၉)၊ မြေကွက်အမှတ် ၂၃၄၊ မြေကွက်တည်နေရာအမှတ် ၁၇၊ ဓမ္မဝိဟာရလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ ဦးညီပု အမည်ပေါက်စက္ကာတာမြေအား အမည်ပေါက် ဦးညီပုထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်- ၂၃၀/၇၄(၈-၃-၇၄) အရ ဦးစံမြတ်က ပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်-၃၇၈/၇၄ (၁၂-၄-၇၄) အရ ဒေါ်အေးအေး၊ မမိုးဇီဝါ၊ မောင်အောင်ဇော်မိုးတို့မှ ပိုင်ဆိုင်ခဲ့သဖြင့် တာမွေမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၅၁/၂၀၁၃[တရားလို ဦးစောလှိုင်က တရားပြိုင် ဒေါ်အေးအေးပါ(၃)အပေါ် မြေနှင့်အိမ်အား အရောင်း အဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု]နှင့် တရားမဇာရီမှုအမှတ်- ၂၀/၂၀၁၄ အမိန့်တို့အရ တရားရုံး ဒေါ်အေးအေးပါ(၃)ကိုယ်စား ဘီလစ်အရာရှိ ဒေါ်စန်းစန်းဝင်းက အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကျော်ဆွေ၏သား ရသေ့တောင်မြို့၊ အရှေ့မြောက်ရပ်ကွက်နေ မောင်တိုးမောင်ကြီး(ခ)မောင်ကိုကိုလွင် ၁၁/ရသတ(နိုင်)၀၅၇၇၀၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

တိုးမောင်ကြီး

ကြော်ငြာ

UAB
UNITED AMARA BANK

ယူနိုက်တက်အမရဘဏ် မှ လူကြီးမင်းတို့၏
ဘဏ်လုပ်ငန်းဆိုင်ရာ ငွေကြေးဝန်ဆောင်မှုများ ပိုမိုအဆင်ပြေချောမွေ့စေရန်
ဘဏ်အတိုးနှုန်းအသစ်များနှင့်အတူ
(၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်)နေ့တွင်
(၃၇)ဘဏ်မြောက်ဖြစ်သော မန္တလေး–(၃၅)လမ်းဘဏ်ခွဲ
(၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ (၄)ရက်)နေ့တွင်
(၃၈)ဘဏ်မြောက်ဖြစ်သော မန္တလေး–မင်္ဂလာဈေးဘဏ်ခွဲ နှင့်
(၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်)နေ့တွင်
(၃၉)ဘဏ်မြောက်ဖြစ်သော မန္တလေး–ပြည်ကြီးမင်္ဂလာဘဏ်ခွဲ တို့အား
အောင်မြင်စွာ ထပ်မံဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်းနှင့်
UAB ဘဏ်ခွဲတိုင်းတွင် **နေ့စဉ်အတိုးနှုန်း** တွက်ချက်ပေးသော
Call Deposit Account အား ၈.၃၅ ရာခိုင်နှုန်း(p.a) ထိ
ဝန်ဆောင်မှုပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

" ယုံကြည်စိတ်ချ၊ အားထားယုံကြည် UAB "

မန္တလေး- (၃၅)လမ်းဘဏ်ခွဲ - အမှတ် (၄၀၃-က/၅)၊ တိုက်အမှတ်(A-1)၊ ၃၅လမ်း၊ (၇၀-၇၁)လမ်းကြား၊ မဟာနွယ်စဉ်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊
ဖုန်းနံပါတ် - (၀၂) - ၆၂၀၇၅၊ ၃၉၉၆၈၊ ၆၂၀၂၉၊ ၆၉၃၄၀၊ ၇၇၁၈၈၊ ၆၂၃၉၉၊

မန္တလေး- မင်္ဂလာဈေးဘဏ်ခွဲ - တိုက်ခန်းအမှတ် (၉)၊ အဆင့်မြင့်မင်္ဂလာဈေး၊ (၇၃)-(၃၁) လမ်းထောင့်၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်းနံပါတ် - (၀၂) - ၆၇၄၅၇-၄၆၃၊

မန္တလေး- ပြည်ကြီးမင်္ဂလာဘဏ်ခွဲ - တိုက်အမှတ်(၁၀)၊ လမ်းအမှတ် (H)၊ (၆၃-၆၆)လမ်းကြား၊ ပြည်ကြီးမင်္ဂလာ သာဓုရပ်နားစခန်း၊ မန္တလေးမြို့၊
ဖုန်းနံပါတ် - (၀၂) - ၅၀၅၅၀၂၇-၁၃၀၊

UAB Call Center: 01 8603305

ကြော်ငြာ

ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂လမ်းနှင့် ဘုရင့်နောင်လမ်းထောင့်၊ (စ)ရပ်ကွက်တွင် ၂၇-၁-၂၀၁၅ ရက်၌ ကျင်းပပြုလုပ်သော SUPER MANDALAY Co.,Ltd. ဘုရင်အမှတ်တံဆိပ် ဘီစကွတ်စက်ရုံသစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုကြီးကြပ်ရေး ဦးစီးဌာနမှူး ဦးမျိုးထွန်း၊ဆွေနှင့် တိုင်းဒေသကြီးဌာနဆိုင်ရာအကြီးအကဲများ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်(မြန်မာဆင်ဘိလပ်မြေ၊ Hi-Tech Co.,Ltd. နှင့်) မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှ တက်ရောက်ချီးမြှင့်ပေးပါသော အရောင်းကိုယ်စားလှယ်တော်ကြီးများ…

ခင်မင်ရင်းနှီးကြပါသော မိတ်ဆွေသင်္ဂဟများ….

ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်များအားလုံးအား….

အထူးကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ

SUPER MANDALAY Co.,Ltd.

မြေကွက်များဝယ်လိုသည်

ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၂၆၀၆၆၄၈၀၊ ၀၉-၂၆၀၆၆၄၉၀

ဂဝံခဲ၊ ဂဝံမှုန့်ဈေးနှုန်းချိုသာစွာရောင်းရန်ရှိသည်။

ဆက်သွယ်ရန်-

ဖုန်း-၀၉-၅၁၆၄၄၃၀၊ ၀၉-၃၁၃၁၀၁၈၇

၀၉-၄၂၀၂၁၄၅၀၀၊ ၀၉-၇၃၁၈၀၅၄၂



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဂ/၉၅၀၂ MADI ESTATE WAGON (EW 3), S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်ထွန်း ၉/အမဇ(နိုင်)၀၄၀၆၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၁၃၄၂၅ YNLJ 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လွင်ဦး ၁၂/ဥကမ(နိုင်)၀၇၂၁၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အများသိစေရန် ကြေညာခြင်း

(ဦးအေးကို-ဒေါ်စန်းယဉ်)၏သား မောင်ဝင်းဇော် ၁၂/ဥကတ(နိုင်) ၁၁၄၀၃၉သည် အစ်မများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပြီး အစ်မများ၏ ဆိုဆုံးမမှုများကို မနာခံပါသဖြင့် မောင်ဝင်းဇော်၏ အရှုပ်အရှင်းကိစ္စအဝဝ မှန်သမျှကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

အစ်မများ-သန်းသန်းအေး

၁၂/ဥကတ(နိုင်)၀၃၀၈၇၈

စန်းစန်းအေး

၁၂/ဥကတ(နိုင်)၁၁၃၆၆၅

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာနေ ဒေါ်သီရိရှို ၁၂/ကမရ(နိုင်)၀၁၁၉၂၇နှင့် ဦးတင်မောင်မောင် ၁၂/သဃက(နိုင်)၁၂၀၀၂၅ တို့သည် ၂၉-၁-၂၀၁၅ ရက်တွင် ဂုဏ်သရေရှိ လူကြီးမင်းများနှင့် တရားလွှတ်တော်ရှေ့နေအသိသက်သေများ၏ ရှေ့မှောက်၌ မိမိတို့၏ သဘောဆန္ဒနှင့်အညီ နှစ်ဦးသဘောတူ အကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီရိရှို ၁၂/ကမရ(နိုင်)၀၁၁၉၂၇

ကြော်ငြာ

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ စက်ရုံများမှ အသုံးမလိုပိုလျှံစက်နှင့် စက်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။
(က) အမှတ်(၉)အထည်စက်ရုံခွဲ(အင်းစိန်) - စက်နှင့်စက်ပစ္စည်း ၂၄ မျိုး
(ခ) အထည်စက်ရုံအမှတ်(၁)မရမ်းကုန်း - စက်ပစ္စည်း ၁ မျိုး
(ဂ) အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)- စက်အရန်ပစ္စည်း ၃၅၂ မျိုး
၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၂-၂၀၁၅ ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**
၁။ **နေပြည်တော်** - အထည်အလိပ်လုပ်ငန်း(စီမံရေးဌာန) ရုံးအမှတ်-၃၇
၂။ **ရန်ကုန်** - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ်(၁)သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
(ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၂-၂၀၁၅ရက် ၁၆း၀၀နာရီ
(ဃ) **တင်ဒါပေးသွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်-၃၇၊နေပြည်တော်
၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။
(က) ညွှန်ကြားရေးမှူး(စီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၅၆
(ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်)၊ ဖုန်း-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)အတွက် အောက်ဖော်ပြပါ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ပြုပြင်လိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပြုပြင်မည့်အကြောင်းအရာ
၁။	ET Workshop ပြုပြင်ထိန်းသိမ်းခြင်း
၂။	MT Workshop ပြုပြင်ထိန်းသိမ်းခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၂-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၀-၂-၂၀၁၅ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) ဖုန်း-၀၉-၆၅၂၁၁၉၂ နှင့် ၀၉-၄၄၄၀၃၇၈၁၁ တို့တွင် စုံစမ်းနိုင်ပါသည်။

ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့
အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ)၊ ဖုန်း-၀၉-၆၅၂၁၁၉၂

အများသိစေရန်ကြေညာချက်

ဦးစောနွဲ့ဘမောင် ၁/မကန(နိုင်)၀၃၂၉၀၀ ညောင်တောကျေးရွာ၊ မိုးကောင်းမြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးစောနွဲ့ဘမောင်နှင့် ကွယ်လွန်သူဇနီး ဒေါ်စွဲ့ထွန်းဟွမ်တို့သည် ရှမ်းလူမျိုး/ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြ၍ ၎င်းတို့ပေါင်းသင်းရာမှ သားသမီး (၆)ဦးထွန်းကားခဲ့ပြီး ၎င်းတို့မှာ ဦးစောနွဲ့တင်မောင်ထွန်း၊ ဦးစောနွဲ့ဝင်းလှိုင်ကျော်၊ ဦးစောနွဲ့ကျော်လင်း၊ ဦးစောနွဲ့မြတ်မင်း၊ မစွဲ့လှလှငွေနှင့် ဒေါ်စွဲ့စန်းစန်းမြင့် စသည်တို့ဖြစ် ကြပါသည်။ကျွန်ုပ်အမှုသည် ဦးစောနွဲ့ဘမောင်နှင့် ကွယ်လွန်သူ ဒေါ်စွဲ့ထွန်းဟွမ်တို့ ပေါင်းသင်းစဉ်လက်ထက်ပွားပစ္စည်းအဖြစ် မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အကွက်အမှတ် (၁၆-က/၂-ခ)မြေမြင့်၊ ဦးပိုင်အမှတ် (၅၇/၄)၊ မြောက်ဘက်ဦးပိုင် (၅၇/၁)၊ အရှေ့ဘက် ဦးပိုင် (၈၂)၊ တောင်ဘက်ဦးပိုင် (၅၈/၃)၊ အနောက်ဘက်ဦးပိုင် (၅၁)နယ်လေးရပ်အတွင်းရှိ ဦးစောနွဲ့ဘမောင် မြေဂရန်အမည်ပေါက် အိမ်အမှတ် (၂၆၃/ခ)၊ မြေမြင့်ရပ်၊ မြစ်ကြီးနားမြို့ဟု ခေါ်တွင်သော အိမ်မြေယာတည်ရှိရာ ဂရန်အိမ်မြေအကျိုးခံစားခွင့် ကျန်ရစ်ခဲ့ပါသည်။ကျွန်ုပ်အမှုသည်၏ဇနီး ကွယ်လွန်စဉ် အမွေခံသြရသ သမီးမရှိ၍ ကျွန်ုပ်အမှုသည် တစ်ဦးတည်းကသာ အထက်ပါအိမ်မြေယာကို ပိုင်ဆိုင်ပါသည်။ ကျွန်ုပ်၏အမှုသည်တွင် အထက်ပါအိမ်မြေယာမှလွဲ၍ အခြားပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာမရှိပါ။ကျွန်ုပ်အမှုသည်က အထက်ပါအိမ်မြေယာကို ၎င်း၏သက်ရှိထင်ရှား သားသမီး (၆)ဦးစလုံးကို ဥပဒေနှင့်အညီ မှတ်ပုံတင်အမွေခွဲဝေပေးခဲ့ခြင်း၊ စာချုပ်ဖြင့် ခွဲဝေပေးခဲ့ရခြင်း တစ်စုံတစ်ရာမရှိသေးပါ။ ကျွန်ုပ်အမှုသည်က သမီးဒေါ်စွဲ့စန်းစန်းမြင့်နှင့်အတူ အထက်ပါလိပ်စာတွင် ခေတ္တသွားရောက် နေထိုင်ခြင်းသာ ဖြစ်ပါသည်။

အထက်ပါ အိမ်မြေယာကို ကျွန်ုပ်အမှုသည် ဂရန်အမည်ပေါက်သူ ဦးစောနွဲ့ဘမောင်တစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ဥပဒေအရ တရားဝင်ပိုင်ဆိုင်မှုမရှိပါ။အထက်ပါအိမ်မြေယာကို အမှန်တကယ်ပိုင်ဆိုင်သူ ဦးစောနွဲ့ဘမောင်၏ ခွင့်ပြုချက်၊ သဘောတူညီချက်တစ်စုံတစ်ရာမရှိဘဲ မည်သူမှ ရောင်းချခြင်း၊ ပေါင်နှံပေးကမ်းခြင်းနှင့် အခြားနည်းလွှဲပြောင်းခြင်း ပြုလုပ်ခွင့်မရှိသည့်အပြင် နေအိမ်အဆောက်အအုံ ဆောက်လုပ်ခွင့် တစ်စုံတစ်ရာမရှိပါ။ ထိုသို့ပြုလုပ်ခဲ့ပါက ဦးစောနွဲ့ဘမောင်ဘက်မှ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဒေါ်ခင်ချိုချိုမိုင်
အထက်တန်းရှေ့နေ
စဉ်-၄၁၂၅၂
မြစ်ကြီးနားမြို့

အောင်လံဆရာတော် အရှင်စန္ဒိမာ၏
(၁၆)ကြိမ်မြောက် ၁၀ ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲ
ယောဂီအသစ်များအတွက် ရန်ကုန်မြို့၌ကျင်းပမည်

စခန်းပွဲဝင်ရမည့်ရက်/အချိန် - ၂-၃-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀နာရီ
စခန်းပွဲကျင်းပမည့်နေရာ - တိုက်ခွဲ ၃၂၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ကုန်းတလပေါင်စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
စခန်းပွဲထွက်ရမည့်ရက်/အချိန် - ၁၃-၂-၂၀၁၅ ရက်၊ နံနက် ၇း၀၀နာရီ

တရားပွဲစခန်းဝင်ခွင့်ရရှိရန်အတွက် ပထမဦးစွာ ကြော်ငြာပါသည့်ရက်မှစ၍ ဖုန်းနံပါတ် ၀၉-၅၁၇၇၈၂၅၊ ၀၉-၄၅၀၀၆၅၃၇၆ သို့ဖုန်းဆက်၍ တိုကင်နံပါတ်ယူရပါမည်။တိုကင်နံပါတ်ရယူပြီးသော ယောဂီများသည် ကုန်းတလပေါင်စံပြကျေးရွာရှိ ရိပ်သာတည်ရှိရာသို့ အောက်ပါသတ်မှတ်ထားသည့်အတိုင်း လူကိုယ်တိုင်မှတ်ပုံတင်မူရင်းဖြင့် လာရောက်စာရင်းပေးသွင်းရပါမည်။

တိုကင်နံပါတ်	စာရင်းသွင်းရမည့်ရက်	အချိန်
၁မှ၅၀ထိ	ဖေဖော်ဝါရီ ၂၅	နံနက်၈း၀၀နာရီ
၅၁မှ၁၀၀ထိ	ဖေဖော်ဝါရီ ၂၅	နံနက်၉း၀၀နာရီ
၁၀၁မှ၁၅၀ထိ	ဖေဖော်ဝါရီ ၂၅	မွန်းလွဲ၂း၀၀နာရီ
၁၅၁မှ၂၀၀ထိ	ဖေဖော်ဝါရီ ၂၅	ညနေ၄း၀၀နာရီ
၂၀၁မှ၂၅၀ထိ	ဖေဖော်ဝါရီ ၂၆	နံနက်၈း၀၀နာရီ
၂၅၁မှ၃၀၀ထိ	ဖေဖော်ဝါရီ ၂၆	နံနက်၉း၀၀နာရီ

အထက်ဖော်ပြပါ ရန်ကုန်ယောဂီ(၃၀၀)နှင့် နယ်ယောဂီ(၁၀၀) စုစုပေါင်းယောဂီ (၄၀၀) သာလက်ခံမည်ဖြစ်သဖြင့် နယ်ယောဂီများ အောက်ပါပုဂ္ဂိုလ်များထံ စာရင်းပေးသွင်းရပါမည်။

မြို့နယ်	စာရင်းလက်ခံသူအမည်	ဖုန်းနံပါတ်
မြိတ်	ဒေါ်တင်တင်သော်	၀၉-၂၅၀၀၂၆၉၉၂
ပုလော	ဒေါက်တာကောဝိဒ	၀၉-၂၄၂၀၃၀၄၂
ဘားအံ၊ မုဒုံ၊သံဖြူဇရပ်	အရှင်ဥတ္တမ	၀၉-၂၅၅၉၅၅၂၆၉
ညောင်လေးပင်	ဦးအောင်မော်	၀၉-၉၇၀၉၀၉၆၂၆
ပြွန်တန်ဆာ	ဒေါ်မြတ်လေးဝင်း	၀၉-၅၀၀၇၀၇၇
ပဲခူး	ဦးဝင်းနိုင်	၀၉-၂၅၂၂၂၆၅၆၉
အခြား	ဦးကိတ္တိဗလ	၀၉-၅၁၇၇၈၂၅

မြန်မာနိုင်ငံအောက်ပိုင်းမြို့များဖြစ်ကြသော ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးအောက်ပိုင်း၊ မွန်၊ ကရင်၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ယောဂီများအား ရန်ကုန်စခန်းပွဲ၌ ဝင်ခွင့်ပြုပါမည်။ မြန်မာနိုင်ငံအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့မှ ယောဂီများအနေဖြင့် မန္တလေးစခန်းပွဲတွင်သာ ဝင်ခွင့်ပြုပါမည်။

နိုင်ငံရပ်ခြား တိုင်းပြည်များမှ ယောဂီများအနေဖြင့် dmparagu@gmail.com သို့ မေးလ်ပို့၍ စာရင်းပေးသွင်းနိုင်ပါသည်။

တရားစခန်းဝင်ခွင့်ရရှိသော ယောဂီများသည်မိမိတို့၏ ကိုယ်ပိုင်အသုံးအဆောင်ပစ္စည်းများနှင့်ဆေးဝါးများယူဆောင်၍ ၂-၃-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀နာရီ အရောက် မှတ်ပုံတင်မူရင်းနှင့်အတူ လာရောက်ကြရမည် ဖြစ်ပါသည်။

ရန်ကုန်ဥပဋ္ဌာကအဖွဲ့

ကြေးပိဋကတ်တော်လှူဒါန်းကြစို့

[illegible]

ကိုကျော်ဇင်ဦးနှင့် အများသိစေရန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ တိုက်(၃၃၂၀)၊ အခန်း(၃၆)တွင် နေထိုင်သော ကျွန်မ ဒေါ်ရီလှဲ့ဝင်း ၇/ပတက(နိုင်)၀၇၆၂၁၂နှင့် ဦးကျော်ဇင်ဦး ၁၄/ပဖန(နိုင်) ၁၄၀၈၁၀ တို့သည် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောက်နောင် ကိုကျော်ဇင်ဦးနှင့် ပတ်သက်သော ကိစ္စအဝဝများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ကိုကျော်ဇင်ဦးမှ လာရောက်နှောင့်ယှက်ပါက သက်ဆိုင်ရာဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရီလှဲ့ဝင်း
၇/ပတက(နိုင်)၀၇၆၂၁၂

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်၊ ဒိဋ္ဌိဖြုတ်အလုပ်ပေးတရားတော်များကို ရမည်းသင်းမြို့နယ် လက်ပံကုန်း မိုးကုတ်ရိပ်သာအဖွဲ့ခွဲအမှတ်(၅၉၇)ဆရာတော်ဦးသုစိတ္တ (ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ နည်းလှည့်ဓမ္မကထိက) ရမည်းသင်း၊ တပ်ကုန်း၊ နွားထိုးကြီး၊ တံတားဦးရိပ်သာများ၏ ဦးစီးပဓာနနာယက ဆရာတော်မှ ၁၃၇၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်မှ တပေါင်းလဆန်း ၁ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ဖြုတ်ခွဲကျောင်းတွင် လည်းကောင်း၊ တပေါင်းလဆန်း ၅ရက်ညတွင် တံတားဦးမြို့နယ်၊ ဒေါင်းဦးရွာ ကိုကျော်နိုင်-မမိုးဆန်းနေအိမ်တွင်လည်းကောင်း၊ တပေါင်းလဆန်း ၆ရက်မှ ၁၂ ရက်အထိ နွားထိုးကြီးမြို့နယ် ကံနားစံပြရွာ မိုးကောင်းစေတီတော်တွင် လည်းကောင်း၊ တပေါင်းလဆန်း ၁၅ရက်ညတွင် ပျော်ဘွယ်မြို့နယ် ပေပင်ရှည်ရွာ ဦးမောင်ရွှေ-ဒေါ်ဖောရွှေ နေအိမ်တွင်လည်းကောင်း၊ တပေါင်းလပြည့်ကျော် ၂ရက်မှ ၆ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နန်းသြရွာ ဘုရားကြီးကျောင်းတွင် လည်းကောင်း ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

01-394727,01-399426,09-73009994,09-5162521

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ချမ်းအေးအရှေ့၊ မြေကွက်ဦးပိုင်အမှတ်(၈၇)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ ဒေါ်သန်းကြည်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်လှလှသန်း ၉/ပမန(နိုင်)၀၁၈၈၄၁(ဘ) ဦးကျော်သန်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

မွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်(တောင်ပိုင်း)၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ အိမ်အမှတ်(၁/၂၄)၊ ၉လမ်း၊ မင်္ဂလာရပ်ကွက်နေ ဦးတင်ဝင်း ၉/ပမန(နိုင်)၀၀၈၀၇၄ နှင့် ဇနီးဒေါ်ဝင်းမာ ၉/ပမန (နိုင်) ၀၂၆၃၉၃ တို့၏ မွေးစားသမီး မအေးအေးခိုင် ၉/ပမန(နိုင်)၂၁၅၀၆၇ သည် မိဘများ၏ သွန်သင်ဆုံးမမှုကို နာခံလိုက်နာမှုမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ မွေးစားသမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် အကြောင်းအရာကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် စုံစမ်းမေးမြန်းခြင်းများကိုလည်း ပြန်လည် ဖြေကြားမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်ဝင်း၊ ဒေါ်ဝင်းမာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်ဦး LL.B	**ဒေါ်တင်တင်မူ(ခ)ဒေါ်မူမူအောင်LL.B**
စဉ်(၆၁၆၈/၉၅)	**စဉ်(၆၁၆၇/၉၅)**

တရားလွှတ်တော်ရှေ့နေများ
၇/၇(ခ)၊ မင်္ဂလာသာဇံရပ်၊ ဗိုလ်ချုပ်လမ်း၊ ပျဉ်းမနားမြို့
ဖုန်း-၀၆၇-၂၂၉၀၅၊ ၀၉-၂၀၁၅၀၇၄၊ ၀၉-၄၃၁၈၇၁၁၉

ဦးစိုးတင့် ၉/ပမန(နိုင်)၀၆၁၀၅၉နှင့် အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်(လက်ပံခါးလှရွာ)၊ နယ်မြေ ၁၀နေ ဦးဆယ်ကြီး(ဘ)ဦးထွန်းရင် ၉/ပမန(နိုင်)၁၀၇၉၇၄၏ လွှဲအပ်ညွှန်ကြားချက်များအရ အသိပေး ကြေညာလိုက်ပါသည်။

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ လက်ပံခါးလှရွာ(ယခု-အောင်ဇမ္ဗူရပ်ကွက်)နေ ဦးထွန်းရင်-ဒေါ်တင်ဥတို့တွင် ဦးမောင်မျိုး၊ ဒေါ်ခင်တော၊ ဒေါ်ခင်တင့်၊ ဒေါ်သင်းကြူ၊ ဦးစိုးတင့်၊ ဦးဆယ်ကြီး၊ ဒေါ်သင်းမူ၊ ဦးအေးသောင်နှင့် ဦးဆန်းဝင်းတို့ သားသမီးကိုးဦး မွေးဖွားခဲ့ကြောင်း သိရပါသည်။ မိဘများဖြစ်သော ဦးထွန်းရင်-ဒေါ်တင်ဥတို့မှာ ကွင်းအမှတ် ၁၆၅ နှင့် ယောက်သွားအင်းကွင်းအတွင်းရှိ လယ်မြေ ၁၂ ဒသမ ၅၀ဧကအား ပိုင်ဆိုင်ပြီး သားသမီးများနှင့်အတူ လုပ်ကိုင်စားသောက်ရင်း ဦးထွန်းရင်မှာ၁၉၈၇ ခုနှစ်တွင်လည်းကောင်း၊ ဒေါ်တင်ဥမှာ ၂၀၁၃ ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပါသည်။ မိဘများမှ ကွယ်လွန်သွားခဲ့သော်လည်း ကျန်ရှိသည့် သားသမီးကိုးဦးအား အမွေပုံကိုခွဲဝေပေးကမ်းခဲ့ခြင်းမရှိဘဲနှင့် ငါးယောက်မြောက်သားဖြစ်သူ ဦးစိုးတင့်မှ အဆိုပါအမွေဆိုင်လယ်မြေများကို ၎င်းတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် အခြားသူများသို့လယ်မြေ ၈ ဒသမ ၅၀ဧကအား လွှဲပြောင်းရောင်းချခဲ့ကြောင်း ထို့နောက် ၂၀၀၄ ခုနှစ်တွင် ကျန်လယ်မြေ ၄ ဒသမ ၀၀ဧကထဲမှ ၃ ဒသမ ၀၀ဧကအား (WHK)ကုမ္ပဏီသို့ ထပ်မံရောင်းချခဲ့ကြောင်း သိရပါသည်။ ယခုအခါ မိဘများ၏ နောက်ဆုံးကျန်သည့် အမွေဖြစ်သောလယ်မြေ ၁ ဒသမ ၀၀ဧကအား ကွက်စိတ်များရိုက်၍ ရောင်းချရန် ဦးစိုးတင့်မှ စီစဉ်နေကြောင်းသိရပါသည်။

ထိုသို့ ဦးစိုးတင့်မှ လွှဲပြောင်းရောင်းချရန်စီစဉ်နေသည့် အဆိုပါလယ်မြေများမှာ တရားဝင်မခွဲဝေရသေးသော အမွေဆိုင်ပစ္စည်းဖြစ်ကြောင်း၊ ကျန်မောင်နှမများ၏ ခွင့်ပြုချက်မရဘဲ ရောင်းချရန်စီစဉ်နေကြောင်းနှင့် အဆိုပါကွက်စိတ်ရိုက်ထားသည့် လယ်မြေများအား ဝယ်ယူသူများရှိခဲ့ပါက ရောင်းမှား/ဝယ်မှားသာဖြစ်ကြလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဦးဆယ်ကြီး၏ လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးနန်းထိုက်ဦး LL.B	**ဦးငွေထွန်းဦး LL.B**
အထက်တန်းရှေ့နေ(စဉ်-၃၇၃၂၄)	**အထက်တန်းရှေ့နေ(စဉ်-၃၅၂၉၃)**
နယ်မြေ(၁၁)၊အောင်ချမ်းသာရပ်၊	**အမှတ် ၁၄/၂၇၊ ဦးဘွားလမ်း၊**
ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊	**မင်္ဂလာရပ်၊ ပျဉ်းမနားမြို့၊**
ဖုန်း-၀၉-၈၃၀၆၃၉၇၊ ၂၅၄၅၇၂၅၇၈	**ဖုန်း-၀၉-၄၃၀၁၆၆၀၈**
	Email-adepade9@gmail.com

ကြော်ငြာ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သန်လျင်မြို့နယ်တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇

ဦးမြင့်ထွေး(ခ)ဝမ်ကျိန်းချန်း နှင့် ဒေါ်ခိုင်မာဝင်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ တရားပြိုင် ဒေါ်ခိုင်မာဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်ထွေး(ခ)ဝမ်ကျိန်းချန်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်(၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြူကြူဝင်း)
မြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

(၁-၂-၂၀၁၅)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)တွင် ဦးဇော်ဝင်း(ဝါးခယ်မ) တရားလွှတ်တော်ရှေ့နေမှ ဦးဇော်မင်းဦး(ခ)အလီဘူတိုနှင့် အများသိစေရန် ဖြေရှင်းကြေညာခြင်းနှင့်ပတ်သက်၍ ဒေါ်အေးအေးအောင်(ခ)မချော ၁၄/သပန(နိုင်)၀၇၄၆၀၀နှင့်

အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

မြဝတီမြို့၊ (၃)ရပ်ကွက်၊ ခေမာသီလမ်းနေ ဦးဇော်မင်းဦး ၃/ကကရ(နိုင်)၀၆၇၃၁၅၏ ညွှန်ကြားချက်အရ ဒေါ်အေးအေးအောင်(ခ)မချောနှင့် အများသိစေရန် အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်အေးအေးအောင်(ခ)မချောသည် ခင်ပွန်းဖြစ်သူ ဦးဇော်မင်းဦး ရပ်ဝေးခရီးသွားနေစဉ် ၁၅-၁-၂၀၁၅ရက်တွင် သားနှစ်ယောက်ကိုခေါ်၍ နေအိမ်မှဆင်းသွားသည့်အတွက် ဦးဇော်မင်းဦးမှ ၂၃-၁-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်ခဲ့သည့်အပေါ် ဒေါ်အေးအေးအောင်(ခ)မချော၏ တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်း(ဝါးခယ်မ)၏ ၁-၂-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)တွင် ကြော်ငြာပါဖော်ပြချက်များမှာ မှန်ကန်မှုမရှိကြောင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။ ဦးဇော်မင်းဦးသည် ဒေါ်အေးအေးအောင်(ခ)မချောနှင့် လက်ထပ်ပေါင်းသင်းခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်ထိ ဝတ္တရားမပျက် စောင့်ရှောက်ကျွေးမွေးခဲ့ပါသည်။ ဇနီးအပေါ်တွင် အနိုင်ကျင့်ခြင်း၊ ကိုယ်ထိလက်ရောက် မကြာခဏကျူးလွန်ကြောင်းနှင့် အမြဲတမ်းအနိုင်ကျင့် ထိုးကြိတ်ရိုက်နှက်သည်ဟု ဖော်ပြချက်များ မှန်ကန်မှုမရှိပါ။ ဒေါ်အေးအေးအောင်(ခ)မချောသည် ဦးဇော်မင်းဦး(ခ)အလီဘူတို၏ ပစ္စည်းငွေတစ်စုံတစ်ရာ ယူဆောင်လာခြင်းမရှိဘဲ နေအိမ်မှထွက်ခွာလာခဲ့ကြောင်း ဖော်ပြချက်မှာလည်း မှန်ကန်မှုမရှိပါ။ ဒေါ်အေးအေးအောင်(ခ)မချောသည် ဦးဇော်မင်းဦးပိုင်ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများနှင့် ငွေအမြောက်အမြားကို ယူဆောင်၍ သားနှစ်ယောက်နှင့်အတူ နေအိမ်မှဆင်းသွားခြင်းဖြစ်ပါသည်။ ယူဆောင်သွားသည့်အထောက်အထား ဦးဇော်မင်းဦးထံတွင် ရှိနေပါသည်။ ဦးဇော်မင်းဦးသည် ဇနီးနှင့်သားနှစ်ယောက်အပေါ်တွင် ဝတ္တရားမပျက် ကျွေးမွေးစောင့်ရှောက်နေပြီး ရှေ့ဆက်၍လည်း ဇနီးသည်နှင့်ပေါင်းသင်း၍ သားများနှင့်အတူ အေးအေးချမ်းချမ်း နေထိုင်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အေးအေးအောင်(ခ)မချောသည် သားနှစ်ဦးနှင့်အတူ ရွှေငွေ၊ လက်ဝတ်ရတနာများနှင့်ငွေများကိုယူဆောင်၍ ခင်ပွန်းသည်နေအိမ်သို့ အမြန်ဆုံးပြန်လာရန်နှင့် ဖြားယောင်း၊ သွေးဆောင်၊ လက်ခံထားသူများအား ဦးဇော်မင်းဦးမှ ဥပဒေနှင့်အညီ လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်အေးအေးအောင်(ခ)မချောနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဟန် LL.B, D.B.L
ဥပဒေအကျိုးဆောင်နှင့် ဥပဒေအကြံပေးရှေ့နေ
ဖုန်း-၀၉-၇၃၁၄၃၈၈၅

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၂၄၆)၊ မြေကွက်တည်နေရာအမှတ် (၂၄၆)၊ သုတ ၈လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးကျော်အေး၊ ဦးသန်းငွေ)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဖခင်(ဦးကျော်အေး)နှင့် မိခင်(ဒေါ်သန်းလှိုင်)တို့ ကွယ်လွန်သွားပါသဖြင့် ဦးတင်ဌေး ၁၂/ဥကတ(နိုင်)၀၃၅၃၆၂၊ ဦးဝင်းနိုင် ၁၂/ဥကတ(နိုင်)၀၃၅၃၆၁၊ ဦးအောင်ဌေး ၁၂/ဥကတ(နိုင်)၀၃၅၃၄၆တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးသန်းငွေ ၁၂/ဥကတ(နိုင်)၀၃၅၃၂၂နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၅၊ မြေကွက်အမှတ်၂၂၂၊ မြေကွက်တည်နေရာအမှတ် ၂၂၂၊ မြို့ပတ်လမ်း၊ ၃ရပ်ကွက်၊ ရွှေပြည်သာ (ဒေါ်သန်းစော) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ရွှေပြည်သာမြို့နယ် တရားရုံးတရားမကြီးမှုအမှတ်(၁၁၈/၂၀၁၄)ဖြင့် အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ပေးစေလိုမှု၏ ၁၂-၁၂-၂၀၁၄ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီဖြင့် တရားမဇာရီမှုအမှတ် (၆၄/၁၄) တွင် ဘိလစ်ခန့်အပ်သည့် ၂၃-၁၂-၁၄ ရက်စွဲပါ တရားရုံးမှတ်တမ်းဂရန်မူရင်းတို့တင်ပြ၍ ဘိလစ်ဒေါ်၄ဝါ ၁၂/လမန(နိုင်) ၀၂၉၆၃၃မှ တင်ပြ၍ အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၂၅၁၊ မြေကွက်တည်နေရာအမှတ် ၂၅၁၊ သံလွင်လမ်း၊ ၆ရပ်ကွက်၊ ရွှေပြည်သာ (ဦးလှထွန်း) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှထွန်း၏ တရားဝင်ဇနီးတော်စပ်ကြောင်း ဒေါ်ရင်သန်း ၁၂/ရပသ(နိုင်)၀၀၁၅၈၄၏ တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ ဦးလှထွန်း၏ သေစာရင်းမိတ္တူတို့တင်ပြ၍ ဒေါ်ရင်သန်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၄၄၈(၁၁-၁၂-၂၀၁၄) ရသူ၏ G.P ဒေါ်ထက်ထက်အောင် ၁၂/ဗဟန(နိုင်)၀၉၈၅၅၄မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၆၆ နှင့်ဆက်သွယ်သည့်
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၁၈၄

ဒေါ်ဥမ္မာချို နှင့် ၁။ဒေါ်ချိုချိုငြိမ်း
၂။ ဒေါ်သန္တာလွင်
တရားနိုင် တရားရှုံးများ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ (ငါးလွှာ-ဘီ)၊ အမှတ်-၁၂ နေ ဒေါ်ချိုချိုငြိမ်း သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၆၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဥမ္မာချိုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၁၉နေ ဦးတေဇာမိုးကျော် ၁၂/တမန(နိုင်)၀၉၃၄၄၆ကို ကျွန်ုပ်ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ (ကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၃၆၀/၂၀၁၃)အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

ဒေါက်တာဦးခင်ညွှန့်
အမှတ် ၂၉၃/ခ၊ အောင်မာဃလမ်း၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊
သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၆၅၂၈၈၅၃

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြခွာညိုကွန်ဒို၊ အခန်း(၁၀၄)နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးရွှေအေး ၇/ရတန(နိုင်)၀၁၆၀၈၄ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အိမ်အမှတ် ၇၄၅၊ မြေညီထပ်တိုက်ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အိမ်အမှတ်(၇၆၉)၊ မြေညီထပ်တိုက်ခန်းများသည် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးရွှေအေး ပိုင်ဆိုင်သောတိုက်ခန်းများဖြစ်၍ ဦးရွှေအေး၏စာဖြင့် တရားဝင်ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့မပြုလုပ်ရန် တားမြစ်လိုက်သည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဦးရွှေအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဗိုလ်အေး	ဒေါ်နန်းရေစင်ဦး	ဦးအောင်မြတ်ထွေး
(LL.B) စဉ်-၄၆၂၄	(LL.B) စဉ်-၃၆၆၀	(LL.B) စဉ်-၄၄၇၄၈

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အခန်းအမှတ် ၃၀၊ တိုက်အမှတ် ၁၀၄/၁၁၂၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး



ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သန်လျင်မြို့နယ် တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂

ဒေါ်လှဲ့လှဲ့ဝင်း နှင့် ဒေါ်သန်းခင်
တရားလို တရားပြိုင်

ကျိုက်အင်းကျေးရွာ၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင်ဒေါ်သန်းခင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှဲ့လှဲ့ဝင်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၃ရက်)မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြူကြူဝင်း)
မြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၁၄၊ လူနေရပ်ကွက်အမှတ်၊ မြေဧရိယာ(၀ ဒသမ ၀၂၈)ဧက၊ (လ×န)(၆၀'×၆၀')၊ စ/ပ(၃၆၀၀)ကျယ်ဝန်းသော မြေကွက်နှင့်ပတ်သက်၍

ကန့်ကွက်ရန် ရှိ/မရှိကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့်စပ်လျဉ်း၍ အမည်ပေါက်ပိုင်ဆိုင်သူ ဦးအေးဝင်း ၁၂/ဗဟန(နိုင်)၀၅၅၁၇၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်များအရ-

ဒေါ်မေသော်သော်ဇင် LL.B., D.B.L	ဒေါ်မြတ်သီတာလွင် LL.B., D.B.L., D.M.L
အထက်တန်းရှေ့နေ(စဉ်-၃၅၃၇၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၀)

အမှတ် ၅၆၃၊ အခန်း(၁/၁၀၄)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၃၃၃၆

အများသိစေရန်ကြေညာချက်

သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့နယ်၏ ခွင့်ပြုချက်အရ ပြင်ဦးလွင်မြို့နယ်၊ တောင်ပျိုကြီးပိုင်းအကွက်အမှတ် ၉ တည်ရှိသော ဦးခင်ထွန်း ပါ ၇၄ ဦးအဖွဲ့၏ ဒေသခံအစုအဖွဲ့ပိုင် စိုက်ခင်းဧက ၂၁၁ ဒသမ ၅ ဧကမှ ဒေါ်ဆုရည်မွန်အမည်ပေါက် နှစ် ၃၀ စိုက်ပျိုးလုပ်ပိုင်ခွင့်ရရှိထားသောစိုက်ဧကမှ ၁၀ဧကကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (၁၀)အပိုဒ် (၁၉)/ခနှင့်အညီ (၅)ဦးကော်မတီ၏ ဆုံးဖြတ်ချက်အရ ဒေါ်စောမိမိကျော်အား ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းလမ်းညွှန်ချက် နည်းဥပဒေများဖြင့် နှစ် ၃၀ စိုက်ပျိုးလုပ်ပိုင်ခွင့်အား အမွေဆက်ခံလွှဲပြောင်းပေးပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်စောမိမိကျော် ပိုင်ဆိုင်ထားသော မြေကွက်ပေါ်တွင်ကျူးကျော်ဝင်ရောက်နေအိမ်ဆောက်လုပ်ခြင်းပြုလုပ်ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စောမိမိကျော်	ဦးစံရွှေ LL.B
၁၂/ရကန(နိုင်)၀၅၂၂၅၀	အထက်တန်းရှေ့နေ(စဉ်-၂၇၀၃၄)
	အမှတ် ၁၀၂/၂၁၊ ပဲခူးမြစ်လမ်း၊
	စစ်တောင်းရိပ်မွန်၊ ဒဂုံဆိပ်ကမ်းမြို့နယ်






ကြော်ငြာ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းကို ကန်ထရိုက်တာထံမှဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးစံနီသွင် ၁၂/လမတ(နိုင်)၀၀၅၁၇၆ ဒေါ်လှမြင့် ၁၂/လမတ(နိုင်)၀၀၅၂၅၁ (ပင်လုံထိပ်ထားကုမ္ပဏီ)မှ ဦးမောင်မောင်မြင့် ၁၂/ပဇတ(နိုင်)၀၁၅၂၂၀မှ	ဒေါ်ဖြူဖြူ(ခ)အင်ဒရာဆူဘား ၁၃/ကမန(နိုင်)၀၀၅၉၀၃	တိုက်အမှတ်(၁၀၄/၁၀၆)၊ ငါးလွှာမြောက် အခန်း(H)၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆၄)၊ မြေကွက်အမှတ်(၃၆)၊ ဧရိယာ ၀ ဒသမ ၂၇ ဧက၊ မြေကွက်တည်နေရာအမှတ်(၁၃၀)၊ မေတ္တာလမ်း၊ သံတံတားကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်(ဦးထွန်း၊ ဒေါ်ရွှေပွင့်)အမည်ပေါက် L မြေ G(လ/န ၃၉ ရပြီး)မြေအား ဒေါ်အေးသက်မော်(ဘိလစ်) ၉/ပဥလ(နိုင်)၀၁၇၉၂၁က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်(၇၄/၂၀၁၄)အရ အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု၏ (၅-၆-၂၀၁၄)ရက်စွဲပါ စီရင်ချက်၊ တရားမဒီကရီမှုအမှတ်(၃၈/၂၀၁၄)(၁-၉-၂၀၁၄) ရက်စွဲပါ ဘိလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများ တင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈စီ၊ မြေကွက်အမှတ် ၁၀၅၊ မြေကွက်တည်နေရာအမှတ် ၄၂၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ် အမည်ပေါက် ဒေါ်ဖွားသီ၊ သမီးမရင်မြ၊ သမီး မတင်အောင် နှစ်၃၀ဂရန်မြေအား အမည်ပေါက် ဒေါ်ဖွားသီနှင့် မရင်မြ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၅၅၃၄/၁၁-၉-၁၄ ဖြင့် ပိုင်ဆိုင်သူ ကျန်အမည်ပေါက် ဒေါ်တင်အောင် ၁၂/စခန (နိုင်)၀၀၅၉၅၆ မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ မြို့နယ်၊ ရဲစခန်းထောက်ခံချက်တို့ တင်ပြပြီး ၎င်းထံမှ GP၂၂၇၄၄/၂၂-၈-၁၄ရသူ ဒေါ်အိယုခိုင်မှ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ကွန်ဒိုအမှတ် (အေ)၊ အခန်းအမှတ်(၁၀၄)ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးသိန်းထွန်း ၁၂/ဗတထ(နိုင်)၀၀၄၅၆၉မှ အဆောက်အအုံပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် (Owner Book) မူရင်းပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ယူခွင့်ပြုပါရန် တရားရုံး ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်တို့ဖြင့် လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း၊ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃ စီ၊ မြေကွက်အမှတ် ၁၆၅၊ မြေကွက်တည်နေရာအမှတ် ၄၂၊ ပျားရည်ကုန်းရပ်ကွက်၊ ဦးသိန်းဟန် ၁၂/တမန(နိုင်)၀၀၆၁၀၅ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးသိန်းဟန်ကွယ်လွန်သဖြင့် ဒေါ်မြသိန်း ၁၂/တမန(နိုင်) ၀၀၅၈၄၆ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁/ကံဘဲ့၊ မြေကွက်အမှတ် ၃/၆၀၊ မြေကွက်တည်နေရာအမှတ် ၉၉/B၊ ကံ့ကော်မြိုင်လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်(ဦးခင်မောင်လွင်)အမည်ပေါက် တစ်နှစ်ယာယီ ၁၆/၀၈ မှ ၃၀၅/၀၉ အထိမြေအား အမည်ပေါက် ဦးခင်မောင်လွင် ၁၂/ဗတထ(နိုင်)၀၀၈၂၇၉ က နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၁၃၆၂၊ မြေကွက်တည်နေရာအမှတ် ၁၃၆၂၊ မဟော်သဓာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးသန်းထွန်း LMA-၀၇၅၂၇၈ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းထွန်းထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်မေသူထွန်း ၅/ခဥန(နိုင်) ၀၇၆၅၆၃ မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင် ရွက်မည်ဖြစ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ်(ခ/၂၂၉)၊ မြေကွက်တည်နေရာအမှတ်(က/၂၂၉)၊ ၂လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်ဇောအောင် ၁၂/ဒပန(နိုင်)၀၁၈၂၄၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး တရားမကြီးမှုအမှတ်(၅၂၆/၂၀၁၄)တရားလို ဦးညွန့်တင်၊ ဦးသံဂါဆာမိက တရားပြိုင် ဦးကျော်ဇောအောင် အပေါ်စွဲဆိုရာ တရားပြိုင်ဦးကျော်ဇောအောင်သည်တရားလို ဦးညွန့်တင်၊ ဦးသံဂါဆာမိတို့အား ၇-၁၁-၂၀၁၄ ရက်စွဲပါ မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်သည့် စာချုပ်အားမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေရန် ချမှတ်သည့် ၂၄-၁၀-၂၀၁၄ ရက်စွဲပါစီရင်ချက်၊ ဒီကရီနှင့်တရားမဇာရီမှုအမှတ်(၁၇၆/၂၀၁၄) အမိန့်တို့တင်ပြလျက် တရားရုံး(ဦးကျော်ဇောအောင်)ကိုယ်စား ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးဘိလစ်ဒေါ်မင်းမင်းကြိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၂၈၆၂+၂၈၆၃၊ မြေကွက်တည်နေရာအမှတ် ၂၈၆၂+၂၈၆၃၊ ကျန်စစ်သားလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်(ဦးသာခင်) CK-၀၂၃၉၆၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသာခင်(ဖခင်)နှင့် ဇနီးဒေါ်သိန်းမေ(မိခင်)တို့ကွယ်လွန်၍သားသမီးများဖြစ်သော (၁)ဒေါ်မြညွန့် ၁၂/ဒလန(နိုင်) ၀၀၃၂၂၁၊ (၂)ဦးမြလွင် ၁၂/ဒလန(နိုင်) ၀၀၂၉၂၉၊ (၃)ဒေါ်မြင့်မြင့်အေး ၁၂/ဒလန(နိုင်) ၀၀၃၂၆၇၊ (၄)ဒေါ်မြင့်မြင့်စန်း ၁၂/ဒလန(နိုင်) ၀၄၇၅၅၃၊ (၅)ဒေါ်မြင့်မြင့်ရွှေ ၁၂/မဂတ(နိုင်) ၀၅၆၇၉၈၊ ဒေါ်မြင့်မြင့်ရွှေ ၁၂/မဂတ(နိုင်) ၀၅၆၇၉၈ မှ ကိုယ်တိုင်နှင့်ကျန်လေးဦး၏ ကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၀၉၅/၁၄(၂၅-၈-၂၀၁၄)ရရှိသူမှ သေစာရင်း ၁၇-၁၀-၂၀၁၄ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ဂျီ၊မြေကွက်အမှတ် ၇၄အေ/၂အေ၊ မြေကွက်တည်နေရာအမှတ် ၁၂၂၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ် ဒေါ်လှမြင့် အမည်ပေါက် မြေပိုင်မြေအား မြေအမည်ပေါက်စာချုပ်များဖြစ်သော စွန့်လွှတ်စာချုပ် ၃၆၉/၉၇ စာချုပ်ရုံး (လက်ခံအမှန်)နှင့် အမှားပြင်စာချုပ် ၄၀၃၄/၂၀၀၁ ၏ စာချုပ်ရုံး(လက်ခံအမှန်)တို့ကို တင်ပြ၍ အမည်ပေါက် ဒေါ်လှမြင့်ထံမှ ၂၁-၅-၂၀၁၄ ရက် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၄၅၆ ရရှိသူ ဦးမျိုးအောင် ၁၂/တမန(နိုင်) ၀၀၉၇၇၆ မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စံပြ)၊ မြေကွက်အမှတ် (၃၃၈)၊ မြေကွက် တည်နေရာအမှတ် (၃၃၈)၊ စံပြ ၂ လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဦးခင်မောင် ၁၂/သဃက(နိုင်)၀၅၃၃၈၈) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း) ဦးခင်မောင် ကွယ်လွန်သဖြင့် ဒေါ်တင်ရီ ၁၂/သဃက(နိုင်)၀၅၁၈၅၀ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်း၏ GP ၂၃၄၄၇/၁၄ (၂၈-၈-၂၀၁၄)ရသူ ဒေါ်ချစ်သီရိဇော် ၆/မမန(နိုင်)၁၄၃၃၈၉ က ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ကြည် (ပုသိမ်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊(၂) ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၅၄၊ မြေညီထပ်နေ (ဦးခိုင်ဗိုး)၏ ချစ်လှစွာသောဇနီး၊ (ဦးကွင်းရှင်း)-ဒေါ်မိရင်၊ (ဦးစိုးမင်းနိုင်)-ဒေါ်အေးသိန်း၊ ဦးဇော်-ဒေါ်ရီရီအေး၊ ဦးတင်စိန်-ဒေါ်ရွှေတင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး၂၃ယောက်၊ မြစ် ၁၂ ယောက်တို့၏ အဘွားသည် ၃-၂-၂၀၁၅ ရက် နံနက် ၇း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၅ ရက် နံနက် ၁၁ နာရီတွင် ရေဝေးတရုတ် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဘုရား၊ သိမ်၊ ကျောင်း၊ တံတား ဒါယကာကြီး
ဦးမြင့်တင်
အထက(၄)၊ ပဲခူး၊ အထက၊ အင်းတကော်ကျောင်းအုပ်ကြီး
အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့ နယ်၊ ၄၃ ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၅၇၅နေ ဒေါ်ထွေးတင်(အလက-၆၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာဖြိုးသူအောင်-မအေးအေးဦး(အောင်သစ္စာဆေးခန်း)၊ မယဉ်ယဉ်လတ် (ကထိက၊ ဘူမိဗေဒ၊ လှိုင်ကော်)၊ မောင်ကျော်သူရ၊ ဒေါက်တာမအိသန္တာထွေး (ဆေးရုံအုပ်၊သန်လျင်)တို့၏ဖခင်သည် ၂-၂-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ဌေးဌေးသန်း(ခ)တန်ရှုခင်(ပုသိမ်)
အသက် (၇၅)နှစ်

ပုသိမ်မြို့၊ အမှတ်(၁၆)၊ ဈေးရပ်တန်းလမ်းနေ မဝင်းလေး၊ မသီ၏ မိခင်ကြီး ဒေါ်ဌေးဌေးသန်း(ခ)တန်ရှုခင် အသက်(၇၅)နှစ်သည် ၁-၂-၂၀၁၅ ရက် ည ၁၁း၁၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လိပ်ပြာအထည်ဆိုင်၊ မြတ်ပန်းအိမ် အထည်ဆိုင်
မိသားစုနှင့်မောင်နှမများ-မင်္ဂလာဈေး

တစ်ဦးတည်း ဖြစ်ပါကြောင်း

ဘားအံမြို့၊ (၅)ရပ်ကွက်နေ ဦးအောင်ဆန်းဦး၏သမီး မပြည့်သန္တာထွန်း ၃/ဘအန(နိုင်)၂၇၇၈၀၅နှင့် မမေမြတ်မွန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မပြည့်သန္တာထွန်း(ခ)မမေမြတ်မွန်

အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၅၂၄/ခ၊ မြေကွက်တည်နေရာအမှတ် ၅၂၄/ခ၊ အနော်မာ ၂၁ လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်မြင့်မြင့်စန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေကို အမည်ပေါက် ဒေါ်မြင့်မြင့်စန်း ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ် ၃၈၀၃(၂၀၁၄)(၁၅-၇-၁၄)ဖြင့် ဒေါ်စုမြတ်မြတ် ၁၂/သကတ(နိုင်)၁၀၅၄၄၉၊ ဒေါ်စုလတ်လတ် ၁၂/သကတ(နိုင်)၁၀၆၅၉၀၊ ဦးသိန်းသန်းဦး ၁၂/သကတ(နိုင်)၁၀၅၇၃၇၊ ဒေါ်သီရိအေး ၁၂/သကတ(နိုင်)၁၆၀၆၀၁၊ ဦးအောင်ကျော်ကျော် ၁၂/သကတ(နိုင်) ၀၂၂၅၇၁၊ ဒေါ်အေးအေးအောင် ၁၂/သကတ(နိုင်)၁၁၉၈၉၇ မှ (ဂရန်)မူရင်း ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူ ထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် (သကတ/၂(မ)၀၈၃၄/၉၃)(၂၁-၉-၉၃)အမည်ပေါက်နှင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်တီ

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ (ငြိမ်း)
ရဟတ်ယာဉ်မှူးကြီး (Heli Union Helicopter Services)
အသက်(၆၂)နှစ်

ဒေါ်ဝေဝေသောင်း၏ ချစ်စွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးကျော်ဆွေ(ငြိမ်း) ရဟတ်ယာဉ်မှူးကြီး (Heli Union Helicopter Services)သည် ၃၀-၁-၂၀၁၅ ရက် နံနက် ၆း၅၅ နာရီတွင် ပါရမီအထူးဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Heli Union Helicopter Services
ဝန်ထမ်းများမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဒေါက်တာဝါဝါခင်
ဗိုလ်ကြီး(ငြိမ်း)

၂၆-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော လှိုင်မြို့နယ်၊ အမှတ် ၇၄ (က) ကင်ပွန်းခြံလမ်းနေ ဒေါက်တာဒေါ်ဝါဝါခင် နာမကျန်းဖြစ်စဉ်က စေတနာအပြည့်ဖြင့် ကုသပေးခဲ့ကြပါသော အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)နှင့် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့မှ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျ ဆရာဝန်များနှင့် သူနာပြုဝန်ထမ်းများ၊ နာရေးကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်လာရောက်၍ နှစ်သိမ့်အားပေးကြသော မိတ်သင်္ဂဟများ၊ E-mail၊ တယ်လီဖုန်း၊ သတင်းစာ၊ Face book အစရှိသည်တို့ဖြင့် ဝမ်းနည်းကြောင်း ဖော်ပြပေးကြသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများနှင့် လှူဒါန်းငွေများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့ကြပါသော မိတ်ဆွေသူငယ်ချင်းများ၊ ဆေးတက္ကသိုလ်(၁) (၁၉၈၃-၁၉၉၃) နှင့် မြင်းခြံ Trip Group မှ သူငယ်ချင်းများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊တန်ဆောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ မုခ်ဦး၊ အုတ်တံတိုင်းနှင့် လှည်းကူး၊ ကျွန်းကလေး၊ မြတ်သန္တာမဟာစည်ရိပ်သာ
ဒါယကာကြီး ဦးညွန့်လှိုင်
အသက်(၈၆)နှစ်

ဦးပိုက်တင်(လ/ထ အထွေထွေမန်နေဂျာ၊ ကစစ-၂၂၊ ဘီးလင်း)-ဒေါ်စီစီနွဲ့တို့၏ ကျေးဇူးရှင်ဖခင် ဦးညွန့်လှိုင်သည် ၃၀-၁-၂၀၁၅ရက် (သောကြာနေ့)နံနက် ၁၀း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်
စိန်ရွှေထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစိန်မြင့်
အသက်(၇၃)နှစ်
Executive Engineer

(M.K.T Construction Co., Ltd.)သည် အတူလက်တွဲဆောင်ရွက်နေရာမှ ၂-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အန်ကယ်ကြီး ဦးစိန်မြင့် "ကောင်းရာသုဂတိလားပါစေ"

CEO နှင့်ဝန်ထမ်းများ
M.K.T Construction Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဦး Albert စိန်ဝင်း (ခ) ဦးသူရစိန်ဝင်း(ခ) ဦးပါ
အသက်(၇၂)နှစ်

[illegible]

ဒေါက်တာ[illegible] + ဒေါက်တာ[illegible]
နှင့် ဝန်ထမ်းများ
Star Sapphire Group of Companies

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အုန်းမြင့်
အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဧရာဝတီလမ်း၊ အမှတ် ၇၄နေ (ဦးအေးဆောင်-ဒေါ်ခင်ညွှန့်)တို့၏သမီး၊ ဦးညွှန့်ရွှေ (အထပြ၊ ငြိမ်း)၏ဇနီး၊ ဒေါ်ခင်မေညွှန့်၊ ဦးစိုးညဏ်လင်း(ဒါရိုက်တာ၊ မြန်မာ့ကြယ်စင်လင်းကုမ္ပဏီ)၊ ဦးစိုးမြတ်မင်း၊ ဦးစိုးနိုင်ဝင်း(ခရိုင်အင်ဂျင်နီယာမှူး၊ ငြိမ်း)၊ ဒေါ်ရွှေစင်ညွှန့် (အကြီးတန်းစာရေး၊ ဆိပ်ကမ်းအာဏာပိုင်ရုံး)၊ ဒေါ်သန္တာညွှန့် (အကြီးတန်းစာရေး၊ သစ်တောဝန်ကြီးဌာန)တို့၏မိခင်သည် ၃-၂-၂၀၁၅ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်တကွ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ကြယ်စင်လင်းကုမ္ပဏီမိသားစုနှင့်ဝန်ထမ်းများ၊
OVI ဖုန်းရောင်းဝယ်ရေးမိသားစုနှင့်ဝန်ထမ်းများ၊
ပန်းသဇင်ရွှေဆိုင်မိသားစုနှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းအောင်
ဒုတိယဥက္ကဋ္ဌ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအမှုဆောင်အဖွဲ့
အမှတ် ၂၁၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်
အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ ဗိုလ်ဖိုးစောလမ်း၊အမှတ်၁၀၃၄နေ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်သည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးစောင့်ရှောက်ရေးအဖွဲ့
ဘိုးဘွားများ၊ ဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးတင်ဝင်း(ခ)ကိုပျော့ (ဗိုလ်တထောင်)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ တိုက်အမှတ် ၇၇၊ အခန်းအမှတ် ၅၀၃နေ (ဦးအုန်းမောင်-ဒေါ်အုန်းကြည်)တို့၏ သားကြီး၊ ဒေါ်စန်းစန်းထွေး(ကြေးမုံသတင်းစာတိုက်)၏ချစ်လှစွာသောခင်ပွန်း၊ မသက်စုကြည်၏ချစ်လှစွာသောဖခင်၊ (ဦးဟန်ရှိန်)-ဒေါ်ဥမ္မာကျော်(အထက-၅၊ ဗိုလ်တထောင်)တို့၏အစ်ကို၊ မမေသင်းခိုင်၏ဘကြီးသည် ၃-၂-၂၀၁၅ရက်(အင်္ဂါနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဆွေဆွေတင် (ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
အသက်(၆၅)နှစ်

ဒေါ်ဆွေဆွေတင်(ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)သည် ၂-၂-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၆း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဝင်းဝင်းမြင့်
အထက(၃)မြောက်ဒဂုံ (ငြိမ်း)
အသက်(၆၃)နှစ်

ဦးငွေအောင် (မန်နေဂျာ၊ စက်အရောင်းဌာန၊ မြန်ရွှေပြည်ထရက်တာလီမိတက်)၏ဇနီး ဒေါ်ဝင်းဝင်းမြင့်သည် ၁-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်နိုင်သန်း-ဒေါ်ခင်စန်းရီ မိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး
ဦးလွင်ဦး (C/O F.G Jisheng Shipping)
အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ ဦးတင်ဟုတ်-(ဒေါ်မြင့်မြင့်ဝင်း)တို့၏သားကြီး၊ ဦးသန်းလွင်-(ဒေါ်ခင်စန်းစန်းဝင်း)၊ ဒေါ်အေးအေးရီ၊ ဦးဆန်းနိုဝင်း (C.E HONG SHIN DA SHIPPING Co.,Ltd.) Director (Grand quality Co., Ltd.)-ဒေါ်စုစုလွင်၊ ဦးသန့်ဇင်ဦး-ဒေါ်ငြိမ်းငြိမ်းထွေး၊ ဦးနေဝင်းနိုင်-ဒေါ်နုနုလွင်တို့၏အစ်ကို/မောင်၊ လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ လှိုင်သစ္စာလမ်း၊ အမှတ် ၂၀၄နေ ဦးအုန်းခင်-ဒေါ်တင်တင်တို့၏သားသမက်၊ ဒေါ်နီလာခင် (ကထိက၊ သမိုင်းဌာန၊ စစ်တွေတက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း၊ မအိမ့်ကြယ်စင်၏ဖခင်၊ ဦးရဲထွဋ်-ဒေါ်သီတာခင်ဗ၊ ဦးအောင်အောင်-ဒေါ်မို့မို့ခင်တို့၏အစ်ကို/မောင်၊ ချယ်ဦး၊ တုံတုံ၊ ပိုးပိုး၊ ဖူးဖူး၊ ဆူမိုတို့၏ဘကြီးသည် ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၅၀နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ လှိုင်သာယာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကပ္ပိယကာရကကြီး
ဦးစိုးလှိုင်
အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ နိကာယ်စာသင်တိုက်ကြီး၏ ကပ္ပိယကာရကကြီးသည် ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၅ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နိကာယ်စာသင်တိုက်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နိကာယ်စာသင်တိုက်
နာယကဂဏဝါစကအဖွဲ့

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာ
ဦးသန်း
(ဖဒိုမြို့၊ ရွှေနန်းတော်ရွှေဆိုင်)
အသက်(၈၉)နှစ်

ဖဒိုမြို့၊ ဖိုးပိုက်ဆံ(၁)လမ်းနေ(ဒေါ်ကျင်ကြီး)၏ခင်ပွန်း၊ ဒေါ်အေးအေးမွန်၊ ဒေါ်စန်းစန်းနွယ်၊ဒေါ်စန်းစန်းမြင့်၊ ဒေါ်စန်းစန်းဝေ၊ ဦးမောင်မောင်အေး-ဒေါ်သက်သက်မာ၊ ဒေါ်ခင်လေးဆွေတို့၏ဖခင်၊ ဒေါက်တာပြည့်ဖြိုးသာ(အလုပ်သင်ဆရာဝန်ကလေးဆေးရုံကြီး)၊မောင်ကျော်ခန့်သာတို့၏အဘိုးသည် ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် ရွှေဗဟိုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှအေး (မဟာစည် မြဝတီယောဂီ)
အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၇၈နေ (ဦးမောင်ဖေ-ဒေါ်ဖွားမြစ်)တို့၏သမီး၊ (ဦးအောင်မြင့်)၏ဇနီး၊ ဦးတိုးလှိုင်-ဒေါ်ခင်ဝင်း၊ ဦးကျော်ခင်-ဒေါ်တင်ဝင်း၊ ဦးစန်းအောင်-ဒေါ်ခင်စန်းတို့၏မိခင်ကြီး၊ မဥမ္မာလှိုင်၊ ကိုအောင်မျိုးလှိုင်၊ မအိအိလှိုင်၊ မမို့မို့ခင်၊ ကိုကျော်ကျော်လင်း၊ ကိုကောင်းစံ၊ ကိုထင်လင်းတို့၏အဘွားသည် ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၅ရက် (သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်တင်ရွှေ (ခရမ်း)
အထက(၂)ခရမ်း (ငြိမ်း)
အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ (၄)ရပ်ကွက်၊ စနေလမ်း၊ အမှတ် ၇၇ နေ(ဦးဘချစ်-ဒေါ်တင်)တို့၏သမီး၊ (ဦးထွန်းဝင်း-ဒေါ်ခင်ရီ)၊ (ဦးအောင်ကြီး-ဒေါ်ကြင်စိန်)၊ (ဦးခင်စော-ဒေါ်ရင်မေ)တို့၏ညီမ၊ ဦးသက်ပန်(စည်ပင်၊ ငြိမ်း)-ဒေါ်ခင်မြ၊ (ဦးအောင်သိန်း)-ဒေါ်လှလှ၊ (ဒေါက်တာသန်းတူ-ဒေါ်ခင်စိုးစိန်)၊ ဗိုလ်မှူးလှဘော်(ငြိမ်း)-ဒေါ်စမ်းရီတို့၏အစ်မသည် ၃-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ခရမ်းမြို့၊ (၁၀)ရပ်ကွက် တီတွတ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်သန်း (ကျောင်းကုန်း)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI အိမ်ရာ၊ ရွှေစံပယ် ၅လမ်း၊ အမှတ် F-57 နေ(ဦးမောင်သွန်း-ဒေါ်သိန်းမေ)တို့၏သမီး၊ (ဦးကျော်ဇံ-ဒေါ်အုန်း)တို့၏သမီးချွေးမ၊(တပ်ကြပ်ကြီးညွှန့်လှိုင်၊ ငြိမ်း)၏ဇနီး၊ ဦးကျော်စိုး(MPPE၊ ငြိမ်း)-ဒေါ်အေးအေးသိန်း(MPPE ၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးမျိုးချို(ငြိမ်း)(အထွေထွေမန်နေဂျာ၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ခင်မာညို(MPPE ၊ငြိမ်း)၊ ဦးချစ်ခိုင်-ဒေါ်ခင်မာဖြူ(အမက-၂၊တောင်ဥက္ကလာပ)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၄-၂-၂၀၁၅ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၂-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးဘပု အသက်(၇၆)နှစ်
မြန်မာ့ဘောလုံးလက်ရွေးစင်ဟောင်း (တပ်မတော်-လေ)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အမှတ် ၃၀၂နေ (ဦးညွှန့်-ဒေါ်ကြင်)တို့၏သားလတ်၊ (ဦးကြင်စွမ်း-ဒေါ်ရင်မြ)၊ (ဦးတင်မြင့်၊ ကြေးနန်းဆက်သွယ်ရေး)-ဒေါ်ခင်စန်းမြင့်တို့၏မောင်/ညီ၊ [ဦးမျိုးမြင့်(တပ်မတော်၊ ရေ)-ဒေါ်စန်းကြည်]၊ ဦးဖေသန်း(ဆောက်လုပ်ရေး)-(ဒေါ်နှင်းနှင်းကြိုင်)၊ [ဦးလှမြင့်(တပ်မတော်၊ ရေ)]-ဒေါ်တင်ရွှေ၊ (ဦးခင်မောင်-ဒေါ်ခင်အေး)၊ ဒေါ်စိုးစိုးနွယ်(ပညာရေး၊ ကျောက်တံတား၊ ငြိမ်း)တို့၏အစ်ကို၊ ဒေါ်ခင်စန်းမြင့် (ဒေါ်ခင်စန်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးညိမ်းမောင်-ဒေါ်စန်းရီ)၊ (ဒေါ်ကတုံး၊ ဟင်္သာတ)တို့၏သားသမက်၊ (ဦးရဲထွဋ်)၊ ဦးသောင်းညွှန့်-ဒေါ်နီလာ၊ ဦးထွန်းစိန်-ဒေါ်စန္ဒာတို့၏ဖခင်၊ တူ၊ တူမ ၁၅ယောက်တို့၏ ဘကြီး၊ မြေးကိုးယောက်တို့၏အဘိုးသည် ၄-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၅ရက်(သောကြာနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်မောင် (မြိတ်)
အသက်(၈၄)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ အထက(၁) ကျောင်းလမ်း၊ အမှတ် ၁၀၈နေ ဒေါ်စိန်မြ၏ခင်ပွန်း၊ ဦးသန်းစိုး-ဒေါ်သူသူသော်၊ ဗိုလ်မှူးဇေလတ်-ဒေါ်ဖြူဖြူကျော်၊ ဦးမင်းသန့် - ဒေါ်နီနီကျော်၊ ကိုအာကာဖုန်း၊ ဗိုလ်ကြီးအောင်မျိုးကျော်-ဒေါ်မိုမိုသော်၊ ဦးမင်းညီညီ-ဒေါ်ဆုမွန်ဖြိုး၊ မကြည်ပြာဖြိုး၊ မောင်ဝဏ္ဏထွန်း၊ မပိုးအိပြာ၊ မမိုးအိတာတို့၏အဘိုး၊ မောင်ဇေယျာဖြိုး၊ မောင်စွမ်းရည်ထက်၊ မောင်စွမ်းလင်းထက်၊ မဟိဏ်းတွယ်တာစုတို့၏ ဘိုးဘိုးကြီးသည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးခင်မောင် (မြိတ်)
အသက်(၈၄)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ အမှတ် ၁၀၈၊ အထက(၁) ကျောင်းလမ်းနေ ဒေါ်စိန်မြ၏ခင်ပွန်း၊ (ဦးကျော်မြင့်)-ဒေါ်ခင်မြင့်မော်၊ ဦးမောင်လေး-ဒေါ်ခင်မြင့်ချို၊ ဦးရှိန်ငယ်-ဒေါ်စန်းစန်းယု၊ ဒေါ်ဝါဝါကြူ(အထက-၁၊ မြိတ်)တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Saw Sanford Thaw (ခ)
စောဆာဘလုဒို(ကိုးဂျာလကီး)
အသက်(၃၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရွှေနုလမ်း၊ အမှတ် ၄နေ စောလွယ်လင်သော်-နော်စီစီးလျာသော်တို့၏သား၊ စောဖလိုးသာ - နော်အယ်ရှာတို့၏သားသမက်၊ စောသာထော်ဂေး၊ နော်ဖြူစင်လင်းတို့၏ညီ၊ စောဆာဂေးဆီး၊ နော်အယ်သောတို့၏အစ်ကို၊ နော်အယ်လယ်သ၏ချစ်လှစွာသောခင်ပွန်း၊ နော်စမဲန်းသာ၊ နော်အမဲန်းဒါတို့၏ဖခင်သည် ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၅နာရီက နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၂-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် သမိုင်း ကရင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဇော်မင်းထွန်း(ပ-၄၃၃၃)
ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး၊
ဘုတလင်မြို့နယ်
အသက်(၄၂)နှစ်

ပဲခူးယ်ကုန်းမြို့၊ ကမ္ဘောဇရပ်ကွက်၊ အမှတ်၁၇နေ ဦးတင်ထွန်း-(ဒေါ်ရီလှ)တို့၏သားလတ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်နေ ဦးကျော်ရ-[ဒေါ်ခင်ခင် (သိန်းနက်ဆေးတိုက်)]တို့၏သားသမက်၊ (ဦးမြတ်သူထွန်း)-ဒေါ်မေရီစိုးတို့၏ညီ/မောင်၊ ဦးသိန်းသန်းထွန်း၏အစ်ကို၊ ဦးသန်းဆွေ-ဒေါ်လွင်လွင်မော်၊ ဦးကိုကိုမောင်-ဒေါ်အေးမြတ်စန္ဒာတို့၏ညီ/မောင်၊ မောင်ခန့်ဇေ၊ မခင်ရှင်းသန့်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်အေးမြတ်သီတာ၏ချစ်လှစွာသောခင်ပွန်းသည် ၁-၂-၂၀၁၅ရက် နံနက် ၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ဘုတလင်မြို့ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ဖွားနု
ကျောက်ဖြူ၊ ရမ်းဗြဲအသင်းဝင်
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ပွဲစားတန်းလမ်း၊ ရွှေမေတ္တာအိမ်ရာ၊ အမှတ် ၂၃၂/၂၊ အခန်း ၂၀၅နေ (ဦးကျော်အေး)၏ဇနီး၊ ဦးရဲအောင်-ဒေါ်သောင်းသောင်း၊ ဦးစောဝင်း [2nd MATE (F.G)] - (ဒေါ်မာလာဇ)တို့၏မိခင်၊ မမြတ်မြတ်မွေး (အလုပ်သင်ဆရာဝန်၊မြောက်ဥက္ကလာပဆေးရုံကြီး)၏အဘွား၊ (ဦးစိန်လှဦး-ယစ်မျိုးမင်းကြီး၊ ငြိမ်း)၏ညီမ၊ ဒေါ်ခင်ခင်အောင်(လှည်းကူးမြို့)၊ (ဦးဘိုးချမ်း၏၊ ပြည်နယ်ဥပဒေအရာရှိ၊ ငြိမ်း)တို့၏အစ်မသည် ၄-၂-၂၀၁၅ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၂-၂၀၁၅ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယိကာမကြီး
လင်ကျင်ကြူး(ခ)
ဒေါ်ကျင်ကြူး (ဝေါ)
အသက်(၈၈)နှစ်

ဝေါမြို့နေ (ဦးကျစ်စံ-ဒေါ်စင်းနား)တို့၏သမီး၊ ပဲခူးမြို့နေ (ဦးဟိုက်ရာ-ဒေါ်ကျင်မြ)တို့၏သမီးချွေးမ၊ (ဦးဝင်းဖေ၊ ခရိုင်အင်ဂျင်နီယာမှူး၊ ငြိမ်း)-ဒေါ်မြင့်မြင့်လွင် (မဟေသီအထည်ဆိုင်)တို့၏အစ်မ၊ ရန်ကုန်မြို့နေ ဒေါက်တာဦးမြတ်ကျော် (တာဝန်ခံဆရာဝန်ကြီး၊ အကျဉ်းဦးစီးဌာန၊အင်းစိန်၊ ငြိမ်း)-ဒေါ်သန်းသန်းရီ၊ ဦးတိတ်ရွှေ-(ဒေါ်အေးအေးမြင့်)၊ ဦးကျော်ထွန်း (Nippon Express Singapore Pte.,Ltd)-ဒေါ်ခင်မြင့်အေး၊ ဒေါက်တာဦးအောင်သိန်း (NH- GP, Singapore)- ဒေါ်ဝင်းဝင်းမြင့်၊ ဒေါက်တာဦးသီဟ(လက်ထောက်ညွှန်ကြားရေးမှူး၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ နေပြည်တော်)-ဒေါ်စိုးစိုးမြင့်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ ပဲခူးမြို့၊ ညောင်ဝိုင်း ၁၅လမ်း၊ အမှတ် ၇၈နေ အန်ကာရီ(ခ)ဦးအောင်မြင့် (လင်းယုန်အထည်ဆိုင်၊ ပဲခူးမြို့မဈေး)၏ ချစ်လှစွာသောဇနီးသည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ဆင်ဖြူကွင်း(တရုတ်)သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၂-၂၀၁၅ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဦးခင်မောင် (မြိတ်)
အသင်းဝင်အမှတ်(၁၄၇၁)
အသက်(၈၄)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ အမှတ်(၁) ကျောင်းလမ်း၊ အမှတ် ၁၀၈နေ (ဦးဖိုးသက်-ဒေါ်အေးခိုင်)တို့၏သား၊ ဒေါ်စိန်မြ၏ခင်ပွန်းသည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၂-၂၀၁၅ရက်(စနေနေ့)တွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး
ဦးဝင်းတင်(ခ)ဦးမောင်လှ
(တောင်ခင်)
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဘောက်ထော်နေ (ဦးမြမောင်-ဒေါ်စောမြ)တို့၏သား၊ ဒေါ်ခင်အေးမြင့်-(ဦးစိုးမြင့်)၊ ဦးအောင်သန်း-ဒေါ်မြင့်မြင့်ရီ(ခ)ဒေါ်ခင်မာချို၊ ဒေါ်နွဲ့နွဲ့ရီ(ကစလ၊ ငြိမ်း) - ဦးသန်းအေး (MD-AG-7 Co.,Ltd)၊ ဦးတင်ထူး (ကျောက်မျက်) - ဒေါ်ဝင်းဝင်းစိုး၊ ဦးဇော်ထူး၊ ဒေါ်အေးအေးမာ (အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ)တို့၏မောင်/အစ်ကို၊ [ဦးဝင်းလင်း(ခ) ဦးမောင်မောင်]၏အစ်ကိုကြီး၊ (ဦးစောထူး)၏ဘကြီး၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေး၊ မြေးကိုးယောက်တို့၏ ဘိုးဘိုးကြီးသည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့)ညနေ၆း၁၀နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၃၆၊ ခြောက်လွှာ(ညာ)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၂-၂၀၁၅ ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တလာဘဓေတိ
မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်
သာယာဝတီမြို့နယ်၊ သာယာဝတီမြို့
(ကျိုက်ထိုပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်)
သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၇)ဝါ

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သာယာဝတီမြို့၊ ကျိုက်ထိုဇေတဝကာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တလာဘဓေတိ မဟာထေရ်မြတ်သည်(၁၃၇၆ခုနှစ် တပို့တွဲလပြည့်နေ့) ၃-၂-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၉း၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိစျာပနအား (၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) ၆-၃-၂၀၁၅ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထောင်ကြီးသုသာန်အနီး၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ သံဃာတော်များနှင့် တပည့်အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျိုက်ထိုပရိယတ္တိစာသင်တိုက်၊ သာယာဝတီမြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တလာဘဓေတိ
မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်
သာယာဝတီမြို့နယ်၊ သာယာဝတီမြို့
(ကျိုက်ထိုပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာနနာယကဆရာတော်)
သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၇)ဝါ

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သာယာဝတီမြို့၊ ကျိုက်ထိုဇေတဝကာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တလာဘဓေတိ မဟာထေရ်မြတ်သည် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်နေ့) ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိစျာပနအား (၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်) ၆-၃-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထောင်ကြီးသုသာန်အနီး၌ ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း အနယ်နယ်အရပ်ရပ်ရှိ ဆရာတော်၏တပည့် သာယာဝတီနယ်သားများအားလုံးအား အသိပေးအကြောင်းကြားအပ်ပါသည်။

ငြိမ်းချမ်းရေးနာရေးကူညီမှုအသင်းအဖွဲ့၊ သာယာဝတီမြို့

ဦးဝင်းမြင့်
အသက်(၈၃)နှစ်

လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း ၂၀၊ မြေညီထပ်၊ အမှတ် ၁၃၃နေ (ဒေါ်ခင်ခင်အေး)၏ခင်ပွန်း၊ ဒေါ်သစ်သစ်-ဦးဇော်မျိုးအောင်၊ ဦးမြင့်ဦး-ဒေါ်အေးအေးကျင်တို့၏ချစ်လှစွာသောဖခင်၊ မခင်နဒီဇော်၊ မစုမြတ်ဇင်တို့၏အဘိုးသည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝေဘူဆရာတော်ကြီးနှင့် ဆရာကြီး ဦးဘခင်၊ ဆရာမကြီး ဒေါ်မြသွင်၊ ဆရာကြီး ဦးဂိုအင်ကာတို့၏တပည့်၊ အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ တရားပြဆရာ
ဦးသိန်းအောင် (သာသနာရေး)
တွဲဖက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဘီအေ(၁၉၅၇)
အသက်(၈၁)နှစ်

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) စတင်တည်ထောင်သူတစ်ဦး (နာယက)၊ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့၊ တနင်္သာရီရင်းရေးအသင်း စတင်တည်ထောင်သူတစ်ဦး၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာကျောင်းသား/ကျောင်းသူများအသင်း(၁၉၅၆)၊ အမှတ် ၂၁၊ ကမ္ဘာအေးဘုရားလမ်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၊ ရန်ကုန်(ဒုတိယဥက္ကဋ္ဌ)၊ ဗဟန်းဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ရန်ကုန်(အဖွဲ့ဝင်)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ဝိနည်းစာတော်ပြန်ဌာန၊ ဥပဌာမ္ဘကအဖွဲ့(သင်တန်းပြဆရာ) ယခင် သံဃာ့တက္ကသိုလ်၊ ကမ္ဘာအေးကုန်းပြင်(သင်တန်းပြဆရာ) ယခင်လူငယ့်တက္ကသိုလ်(ဗလစ) ရွှေဂုံတိုင်(သင်တန်းပြဆရာ)ယခင် ဦးပြည်သိမ်းတက္ကသိုလ်၊ တောင်ဥက္ကလာပ၊ ကြို့ပင်ကောက်မြို့၊ အရှေ့ပဲခူးရိုးမ၊ ရန်အောင်မြင်ကျစွာစေတီတော်ကြီး၏ ဒါယကာ(ဦးစိန်-ဒေါ်မမကြီး)တို့၏သား၊ ငါးသိုင်းချောင်းမြို့၊ (အတွင်းဝန်သီရိပျံချီ ဦးဘညွှန့်-ဒေါ်သောင်းခင်)တို့၏သားသမက်၊(ဦးသက်တင်)၊ (ဦးစန်းလွင်)တို့၏ညီ/အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ ဗိုလ်ဖိုးစောလမ်း၊ အမှတ် ၁၀၃၄နေ ဒေါ်နုနုခင်(သာသနာရေးဦးစီးဌာန၊ ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်ကြည်၊ ဦးမောင်မောင်သန့်-ဒေါ်စိုးနုအောင်တို့၏ဖခင်၊ မောင်သန့်အောင်မြလွင်၊ (မတင်တင်ဦး)၊ မောင်ညဏ်လှိုင်မျိုး၊ မောင်ဖြိုးမင်းချို-မသီနွဲ့ကိုတို့၏ဘိုးဘိုးကြီးသည် ၃-၂-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်သန်းသန်းရှင် အသက်(၇၄)နှစ်
(သိက္ခာတော်ရဆရာကြီး ဦးဘရှင်၏သမီး)
(ဦးစံရင်နှင့်သားသမီးများ ဒီဇယ်ပန့်နှင့်နော်ဇယ်ပြုပြင်ရေး)

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၂) ရန်ကုန်-မန္တလေးလမ်းနေ (ဦးစံရင်)၏ဇနီး၊ ဒေါက်တာအေးမင်း-မဝါဝါနိုင်၊ ကိုကျော်ကျော်နိုင်-မနေနေထွဏ်း၊ ကိုကျော်ထွန်းနိုင်-မသီသီဦး၊ ကိုကျော်လင်းနိုင်၊ ကိုဖိုးခွား-မသဲသဲတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၂-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနှစ်ခြင်းဘုရားကျောင်း၌ ဝတ်ပြုပြီး မြင်တော်ကန်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အောက်မေ့ဖွယ်အစီအစဉ်အား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကျင်ငွေ
အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ်၊ (၅)ရပ်ကွက်၊ သင်္ဂီ ၁လမ်းမြောက်၊ အမှတ် ၃၅နေ (ဦးသိန်း-ဒေါ်ညွှန့်ရီ)တို့၏သား၊ ဦးဗိုလ်ဝ-(ဒေါ်ခင်တင့်)၊ ဦးတင်ငွေ-(ဒေါ်တင်လှိုင်)၊ ဦးညွှန့်ရွှေ-ဒေါ်စိန်ရီ၊ ဦးဟန်ညွှန့်-ဒေါ်မြရင်၊ ဦးမြဟန်-ဒေါ်မြကျင်တို့၏ညီ/မောင်၊ ဦးအောင်လွင်(ခ)ဦးပေါက်စ-ဒေါ်သိန်းမြင့်၊ ဦးငွေဝင်း-ဒေါ်ဝင်းခင်တို့၏အစ်ကို၊ ဒေါ်လေးလေးမြင့်၏ခင်ပွန်း၊ ကိုထွန်းထွန်းဝင်း-မဝါဝါလွင်၊ ကိုမင်းသူအောင်-မစန္ဒာ၊ မခိုင်ပြည့်စုံဝင်း၊ မောင်ဟန်ထူးဇော်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃-၂-၂၀၁၅ရက်(အင်္ဂါနေ့)ည ၁၁း၄၈နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၇-၂-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၂- ၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးအား တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးစိုးသာ၊ ဦးဌေးဦး၊ ဦးမောင်မောင်သိမ်းနှင့် ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတ နိုင်ငံသံအမတ်ကြီး မစ္စတာ ရောဘတ်ချူဗှာလည်း တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

ကောင်းကင်ကေဘယ်လ်ကား စီမံကိန်းနှင့်ဇွဲကပင်တောင်

**သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ခင်ဇွန်ဇာလင်း**

ဘားအံ ဖေဖော်ဝါရီ ၄

မြူနှင်းများ ရစ်သိုင်းဖွဲ့နေသော ဇွဲကပင်တောင်၊ ဝေဟင်သို့ မတ်မတ်ထိုးထွက်နေသော တောင်ထွတ်၊ အဝေးမှထင်ရှားစွာ မြင်တွေ့ရသော မှိုင်းညို့နေသည့် ဇွဲကပင်အလှကား ကရင်ပြည်နယ်နှင့် ခွဲခြား၍မရ။ အေးချမ်းခြင်း၊ တည်ငြိမ်ခြင်းနှင့် ခိုင်မာခြင်းတို့ ဖော်ဆောင်နေသည့် ဇွဲကပင်မြင်ကွင်းကား ကြည်နူးဖွယ်ရာ အတိပင်။ ကရင်ပြည်နယ်၏ သဘာဝအထိမ်းအမှတ် တစ်ခုဖြစ်သည့် ဇွဲကပင်တောင်ပေါ်သို့ ကောင်းကင်ကေဘယ်လ် ကားပြေးဆွဲရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

ဇွဲကပင်တောင်က မတ်စောက်သည်။ ဇွဲကပင်တောင်ထိပ်တွင် တည်ထားသော ဆံတော်ရှင်စေတီတော်အား တက်ရောက်ဖူးမြော်ရန် သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးချို့တဲ့သူများအတွက် ခက်ခဲသည်။ တောင်ခြေမှ အမြင့်ပေ ၂၇၃၄ ပေ

စာမျက်နှာ ၁၁ ကော်လံ ၃ ●

ရတနာပုံအသင်း ပယ်နယ်တီဖြင့်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရ

မန္တလေး ဖေဖော်ဝါရီ ၄

၂၀၁၅ ရာသီ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ ပထမအဆင့်အဖြစ် ရတနာပုံအသင်းနှင့် ဝါရီယာ (စင်ကာပူ)တို့သည် ယနေ့ညနေ ၄ နာရီက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းက ပယ်နယ်တီအဆုံးအဖြတ်၌ ရှုံးနိမ့်ခဲ့သည်။

သာမန်ကစားချိန် မိနစ် ၉၀ တွင် ဂိုးမရှိသရေ၊ အချိန်ပိုတွင် တစ်ဂိုးစီသရေကျကာ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ဝါရီယာအသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့်အနိုင်ရပြီး စုစုပေါင်းခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဝါရီယာ(စင်ကာပူ) - ခုနစ်ဂိုး
ရတနာပုံ(မြန်မာ) - ခြောက်ဂိုး

အိမ်ရှင်ရတနာပုံအသင်းသည် ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း အဆုံးသတ် ဂိုးသွင်းမသေချာမှုကြောင့် ဂိုးမရခဲ့ဘဲ ပယ်နယ်တီအဆုံးအဖြတ်တွင် ရှုံးခဲ့ရခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ခြေစစ်ပွဲပထမအဆင့်မှထွက်ခဲ့ရသောကြောင့် AFC Cup ပြိုင်ပွဲကိုသာ ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

နိုင်ငံခြားသား ကစားသမားလေးဦးကို အမာခံထားပြီး သီဟ

**သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်**

စည်သူ၊ ဇော်လင်းထွန်း၊ တင်ဝင်းအောင်တို့ဖြင့် ပွဲထွက်လာသည့် ရတနာပုံအသင်းက အိမ်ရှင်ပရိသတ်၏တစ်ခဲနက်အားပေးမှုနှင့်အတူ ပွဲစကတည်းက ဖိကစားခဲ့ရာ ပွဲအစမှာပင် ဂျိမ်းမရာ၏ အပိုင်ကန်သွင်းမှုလွဲချော်ပြီးနောက်ပိုင်း ရတနာပုံအသင်း မိနစ် ၉၀ အတွင်း ဂိုးရနိုင်သည့် အပိုင်ဂိုးသွင်းခွင့် အမြောက်အမြားကို လွဲချော်ခဲ့သည်။ ဖိုဒေး၊ နန္ဒလင်းကျော်ချစ်၊

စာမျက်နှာ ၈ ကော်လံ ၆ ✱

ယနေ့ မာတိကာ

တိုင်ပေတွင် လေယာဉ်ပျက်ကျ၊ ၂၅ ဦးသေဆုံး စာ » ၄

မြန်မာ့သဘာဝ သယံဇာတ အင်ကြင်း ကျောက်ပြပွဲဖွင့် စာ » ၁၆

ဆိတ်မွေးမြူရာတွင် ကြုံတွေ့ရသော ရောဂါများ စာ » ၁၇

လက်ပံကျင်း-မကြီးကြပ် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ် စာ » ၁၈

ကျောင်းသင်ခန်းစာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို (က) နှင့် (ခ) တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ သင်ခန်းစာ ပါရှိပါသည်။

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

ကျောင်းသင်ခန်းစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသင်ခန်းစာများကို အပိုင်း(၂)ပိုင်းခွဲ၍ ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ယင်းမေးခွန်းကို အမှတ်ပြည့်ရရှိအောင် ဖြေဆိုနိုင်မည့် ဖြေဆိုပုံဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာကို အပိုင်း(က)နှင့် အပိုင်း(ခ) ဟူ၍ (၂) ပိုင်းခွဲခြားမေးလေ့ရှိသည်။ အပိုင်း(က)တွင် မေးခွန်းနံပါတ် (၁)နှင့်(၂) မဖြေမနေရ ဖြေဆိုရမည့် မေးခွန်း (၂)ပုဒ်ပါရှိပါသည်။ မေးခွန်း (၂) ပုဒ်စလုံးကို ဖြေဆိုကြရမည်ဖြစ်သည်။

မေးခွန်းနံပါတ် (၁) တွင် (က)၊ (ခ)နှင့် (ဂ) ဟူ၍ နံပါတ်ငယ် (၃) ခုနှင့် (၃)ပိုင်း ထပ်ခွဲထားပါသည်။ ၁။(က) တွင် ဖော်ပြချက် (၁၀) ခုကို မှား/မှန် ဖြေဆိုရန် ဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ သဘောတရားများ၊ သီအိုရီများကို ကျေညက်ပြီး နားလည်သဘောပေါက်မှုကို ဆန်းစစ်သော မေးခွန်းဖြစ်သည့်အတွက် ဘာသာရပ်ကို ကျွမ်းကျင်တတ်မြောက်မှုရှိမှသာ ဖြေဆိုနိုင်မည်ဖြစ်သည်။

မေးခွန်းနံပါတ် ၁။(ခ)တွင် ဖော်ပြချက် (၅)ခုကို စာကြောင်းအပြည့်အစုံမဖော်ပြဘဲ လိုအပ်သောအဖြေကို ကွက်လပ်ဖြည့်ရမည်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေကိုသာ နံပါတ်တပ်၍ တိကျစွာဖြေဆိုရန် ဖြစ်သည်။ များသောအားဖြင့် ဘာသာရပ်ဆိုင်ရာနားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သည့်အနေဖြင့် မေးလေ့ရှိသဖြင့် ဘာသာရပ်ကို နားလည်ကျေညက်မှသာ ဖြေဆိုနိုင်မှာဖြစ်ပါသည်။

၁။ (ဂ)တွင် ဖော်ပြချက် (၅) ခုကို စာကြောင်းတစ်ခုတွင် (က)၊ (ခ)နှင့် (ဂ) အဖြေ (၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်ကို ရွေးချယ်ရန်ဖြစ်သည်။ ဖြေဆိုရာတွင် အဖြေမှန်ကို ပေးထားသည့် (က)၊ (ခ) နှင့် (ဂ) ထဲကမှ ရွေးချယ်ထားသည့်နံပါတ်ကိုသာ ရေးပေးရန်ဖြစ်သည်။

မေးခွန်းနံပါတ်(၂) တွင် ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သည့် အခန်းအားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားပါသည်။ သင်ခန်းစာအခန်း (၁)ခန်းစီမှ (၃)ခုစီနှင့် အခန်း (၆)ခန်းအတွက် (၁၈)ခုမေးထားပြီး ယင်းတို့ထဲမှ နှစ်သက်ရာ (၁၀) ခု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမည်ဖြစ်သည်။

မေးခွန်းလွှာ၏ အပိုင်း (ခ)တွင် စုစုပေါင်းမေးခွန်း (၄) ပုဒ် မေးထားပြီး ထို(၄) ပုဒ်ထဲမှ နှစ်သက်ရာ (၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်း (၄)ပုဒ်အနက် မေးခွန်းနံပါတ် (၃)၊ (၄) နှင့် (၅) တို့မှာ မေးခွန်းပုံစံဆင်တူပါသည်။ မေးခွန်းခွဲ (က)တွင် အမှတ် (၂၀) ပေးသည့် မေးခွန်းရှည် (၁) ပုဒ်ကို မေးထားပြီး (ခ)တွင် (၁၀)မှတ်ပေးသည့် မှတ်စုတို (၄) ပုဒ် ပေးထားပါသည်။ (က)နှင့် (ခ)ထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ တစ်ဖန် မေးခွန်းခွဲ (ခ)ကို ရွေးချယ်ပါက ပေးထားသည့်မှတ်စုတို (၄)ပုဒ်အနက် နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ထို့ကြောင့်ဆိုလိုသည်မှာ မေးခွန်းခွဲ(က)နှင့် မေးခွန်းခွဲ(ခ) (၂)ခုထဲမှ နှစ်သက်ရာကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပြီး မေးခွန်းခွဲ (က)ကို ဖြေဆိုပါက မေးခွန်းခွဲ (ခ)ကို ဖြေဆိုရန်မလိုသကဲ့သို့ မေးခွန်းခွဲ (ခ) ကိုဖြေဆိုပါက မေးခွန်းခွဲ (က)ကို ဖြေဆိုရန်မလိုပါ။ မေးခွန်း(၁) ပုဒ်လုံးအတွက် ရရှိနိုင်သည့်ရမှတ်မှာ (၂၀) မှတ်ဖြစ်သည်။

မေးခွန်းနံပါတ် (၆)မှာ တွက်ချက်မှုနှင့်ဉာဏ်စမ်းမေးခွန်းဖြစ်သည်။ ပေးထားသော စာရင်းအင်း ကိန်းဂဏန်းများကို အသုံးပြုပြီး တွက်ချက်ခြင်း၊ မျဉ်းကွေးများနှင့် ပုံများရေးဆွဲခြင်း၊ သီအိုရီသဘောတရားများ နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သော ဉာဏ်စမ်းမေးခွန်းများကိုဖြေဆိုရန်ဖြစ်သည်။ မေးခွန်းခွဲ (က)၊ (ခ)နှင့် (ဂ)မှ နှစ်သက်ရာ (၂) ပုဒ်ကိုသာ ဖြေဆိုရန်ဖြစ်သည်။ ယင်းမေးခွန်းအတွက် ရမှတ်မှာလည်း (၂၀) မှတ်ဖြစ်သည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ခြုံငုံကြည့်ပါက မေးခွန်းအမျိုးအစား (၅) မျိုးပါဝင်သည့် မေးခွန်း (၆)ပုဒ်ပေးထားသော မေးခွန်းလွှာဖြစ်သည်။ အမျိုးအစား (၅) မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃)မှတ်စုတိုမေးခွန်း၊ (၄)မေးခွန်းရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့် ဉာဏ်စမ်းမေးခွန်းတို့ဖြစ်သည်။ ယင်းတို့အနက် အပိုင်း (က)မှ မေးခွန်းနံပါတ် (၁) နှင့်(၂) မဖြေမနေရဖြေဆိုရမည့်မေးခွန်း (၂)ပုဒ်အပြင် အပိုင်း(ခ)မှ နှစ်သက်ရာမေးခွန်း (၃) ပုဒ် စုစုပေါင်းမေးခွန်း (၅) ပုဒ်ကို ဖြေဆိုရမည်ဖြစ်သည်။

ဖြေဆိုပုံဖြေဆိုနည်း

မေးထားသော မေးခွန်း (၆)ပုဒ်ကို ဖြေဆိုရာတွင် တိကျမှန်ကန်စေရေးနှင့် အမှတ်ကောင်းရရန် ဖြေဆိုပုံဖြေဆိုနည်းကို မေးခွန်း(၁) ပုဒ်ချင်းစီအတွက် ရှင်းလင်းသွားပါမည်။

မေးခွန်း (၁-က) ဤမေးခွန်းသည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောဖော်ပြချက်က မှား (သို့) မှန် ဖြစ်သည်ကို ဖြေဆိုရမည်ဖြစ်သည်။ စာကြောင်းပြန်ဖြေရန်မလိုဘဲ စာဖြေသူက ရွေးချယ်ထားသော အဖြေကိုသာ နံပါတ်တပ်၍ဖြေဆိုရန်ဖြစ်သည်။ ဥပမာ-'မည်သည့်စီးပွားရေးစနစ်တွင်မဆို ကုန်ထုတ်အင်အားစုများကို အကန့်အသတ်ဖြင့်သာ ရရှိနိုင်သည်။'ဟူသော ဖော်ပြချက်တွင် အဖြေမှန်က 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းစာသား ပြန်ရေးရန်မလိုပါ။ ဖြေဆိုရာတွင်လည်း မှား (သို့မဟုတ်) မှန် တိကျပြတ်သားရန် လိုပါသည်။ စာစစ်သူဖတ်၍မရသော မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် စာဖြေသူက အဖြေကို တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၁၀)မှတ်ဖြစ်သည်။

မေးခွန်း (၁-ခ) ဤမေးခွန်းသည်လည်း ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်ပြီး ဖြေဆိုသူက ပေးထားသောစာကြောင်းတွင် လိုအပ်သည့်ကွက်လပ်ကို အဖြေမှန်ဖြည့်စွက်ပေးရန်ဖြစ်သည်။ စာကြောင်း ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့် အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ-'ပညာရေး၊ ကျန်းမာရေးစသော ဒြပ်မဲ့များသည် _____ ဖြစ်သည်။'ဟူသော မေးခွန်းအတွက် အဖြေမှန်မှာ 'ဝန်ဆောင်မှုများ' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် ဝေါဟာရများကို အဓိကမေးလေ့ရှိပြီး တိကျသောအဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုပါသည်။ စာကြောင်း (၁)ခုလျှင် (၁)မှတ်ဖြင့် (၅)ခုအတွက် စုစုပေါင်းရမှတ် (၅)မှတ်ဖြစ်သည်။

မေးခွန်း (၁-ဂ) ဤမေးခွန်းတွင် မေးထားသောစာကြောင်းတွင် အဖြေကို (က) (ခ) (ဂ) (၃)မျိုး ပေးထားပြီး ယင်းထဲမှ အဖြေမှန်(၁)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ ယင်းမေးခွန်းတွင်လည်း မေးခွန်းစာကြောင်းကို ပြန်လည်ရေးရန်မလိုပါ။ ဥပမာ-'တစ်ဦးချင်းဝယ်လိုအားကို ပြဋ္ဌာန်းသောအချက်မှာ (က) ၄ချက် (ခ) ၅ချက် (ဂ) ၆ချက်ရှိသည်။' ဟူသော မေးခွန်း၏အဖြေမှန်မှာ (က)ဖြစ်သဖြင့် မေးခွန်း (၁-ဂ) မေးခွန်းနံပါတ်သေး (၁) (က) ဟု ဖြေဆိုရန်ဖြစ်သည်။ စာကြောင်း (၅) ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းရမှတ် (၅) မှတ်ဖြစ်သည်။

မေးခွန်းအပိုင်း (က) နံပါတ်(၁) မေးခွန်းအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ပြဋ္ဌာန်းထုတ်ဝေထားသည့် ဒသမတန်းဘောဂဗေဒဖတ်စာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန် ထည့်သွင်းပေးထားသဖြင့် ကျောင်းသား/သူ များအနေဖြင့် ကြိုတင်လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ် (၂)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိကျမှန်ကန်ပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ အဖြေသည် တိကျမှန်ကန်မှုရှိရန် လိုအပ်ပါသည်။ မှားယွင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အမှတ်ပေးခြင်းမရှိကြောင်းကို ဖြေဆိုသူများ အထူးသတိပြုရန် လိုပါသည်။

ဥပမာ-'အစားထိုးကုန်စည်' မေးထားခြင်းကို 'ကုန်စည်တစ်ခုသည် အခြားကုန်စည်တစ်ခုနှင့် တူညီသောအာနိသင်ရှိပြီး တစ်ခု၏နေရာတွင် အခြားတစ်ခုကို အစားထိုးအသုံးပြုနိုင်ပါက 'အစားထိုးကုန်စည်များ' ဟုခေါ်သည်။' ဟု ဖြေဆိုရမည့်အစား 'အဓိကသွင်းအားစု တူညီသောကုန်စည်များဖြစ်ပြီး သွင်းအားစုပမာဏ ကန့်သတ်ချက်ဘောင်အတွင်း တစ်မျိုးကိုတိုး၍ထုတ်လုပ်ပါက တစ်မျိုးကိုလျှော့ထုတ်လုပ်ရသော ကုန်စည်ကို 'အစားထိုးထုတ်ကုန်' ဟုခေါ်သည်။' ဟူ၍ ဖြေဆိုခြင်းသည် မှားယွင်းသောအဓိပ္ပာယ် ဖွင့်ဆိုချက်ဖြစ်သည်။ ထို့ကြောင့် ယင်းဖြေဆိုမှုအတွက် အမှတ်လုံးဝမရရှိနိုင်ပါ။

ထို့အတူ 'တွဲဖက်ကုန်စည်' မေးထားခြင်းကို 'ကုန်စည်တစ်ခုကို ရယူသုံးစွဲနိုင်ခြင်းကြောင့် အခြားကုန်စည်တစ်ခု၏ အသုံးဝင်မှုကို ပိုမိုတိုးတက်ကောင်းမွန်စေပါက ယင်းတို့ကို 'တွဲဖက်ကုန်စည်များ'ဟု ခေါ်သည်။'ဟု ဖြေဆိုရမည့်အစား 'ကုန်စည်တစ်မျိုးကို ထုတ်လုပ်ခြင်းဖြင့် အခြားကုန်စည်တစ်မျိုးပါ ပူးတွဲထွက်လာတတ်သော ကုန်စည်မျိုးဖြစ်သည်'ဟု 'တွဲဖက်ထုတ်ကုန်'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပါက လွဲမှားနေသဖြင့် အမှတ်လုံးဝမရနိုင်ပါ။ သို့ဖြစ်ပါ၍ သေချာပိုင်နိုင်စွာ လေ့လာကျက်မှတ်ထားရန် လိုအပ်ပါသည်။ အထူးသဖြင့် မှားယွင်းလွယ်သော၊ ဆင်တူရိုးမှားဖြစ်ပြီး၊ အဓိပ္ပာယ်လုံးဝကွဲလွဲသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလွတ်ကျက်ခြင်းထက် သဘောတရားနားလည်စေရန် ပိုမိုလေ့လာထားပြီး မမှားအောင်ဖြေဆိုရန် လိုအပ်ပါသည်။

ပေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်(၁၈)ခုထဲမှ နှစ်သက်ရာ(၁၀)ခုကို ဖြေဆိုရပြီး တိကျမှန်ကန် ပြည့်စုံပါက (၁)ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့်အထက်တွင် ဖော်ပြခဲ့သကဲ့သို့ မှားယွင်းပါက (၀)မှတ်ဟု စည်းမျဉ်းချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန် ဖြစ်ပါသည်။ တစ်ခုလျှင် (၂)မှတ်နှင့် (၁၀)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်း (၂၀)မှတ်ဖြစ်သည်။

အပိုင်း(က)တွင် မေးထားသော မေးခွန်းများအတွက် စုစုပေါင်းရရှိနိုင်သည့် အမှတ်မှာ (၄၀)မှတ် ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁) နှင့် (၂)ကို တိကျမှန်ကန်စွာ ဖြေဆိုနိုင်ခြင်းဖြင့် အမှတ်(၄၀) အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းလွှာ၏အပိုင်း (ခ)တွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မေးခွန်းနံပါတ်(၃)၊ (၄) နှင့်(၅) တို့ကို မေးခွန်းပုံစံဆင်တူစွာ မေးထားပါသည်။ (က)တွင် အမှတ်(၂၀) မေးခွန်းရှည်ကို မေးထားပြီး (သို့မဟုတ်) ခံကာ (ခ) တွင် မှတ်စုတို(၄)ခု မေးထား၍ နှစ်သက်ရာ (၂)ပုဒ်ကို ဖြေဆိုရမည်ဖြစ်ပါသည်။ ယင်းမေးခွန်းများတွင် အခန်းသီးသန့်စီခွဲကာ မေးထားခြင်းမျိုးမဟုတ်ဘဲ ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၆)ခန်းစလုံးကို ပေါင်းစပ်ရောနှောပြီးမေးနိုင်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ရိုးအားလုံးကို နှံ့စပ်စွာ ကျေညက်အောင်ဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။

ဖြေဆိုရာတွင်လည်း မှတ်စုတိုကိုဖြစ်စေ၊ မေးခွန်းရှည်ကိုဖြစ်စေ ဖြေဆိုသည့်အခါ မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ကို ဦးစွာဖွင့်ဆိုသင့်ပါသည်။ ပြီးမှသာ ရှင်းလင်းချက်များကို ဖြေဆိုရပါမည်။ ထို့အပြင် အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟု မေးပါက စစ်ဆေးသူရှင်းလင်းပြတ်သားစွာ စစ်ဆေးနိုင်ရန် မေးထားသည့် အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁) ချက်ချင်းစီကို အသေးစိတ်ထပ်မံဖြေဆိုသင့်ပါသည်။ ဥပမာ-ဝယ်လိုအားကို ပြဋ္ဌာန်းထားသောအချက်များကို မေးပါက ဝယ်လိုအား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာဖြေဆိုပြီး ပြဋ္ဌာန်းသောအချက် (၄)ချက်ကို ဖော်ပြပေးရပါမည်။ ထို့နောက် ယင်းအချက် (၁)ချက်ချင်းစီကိုရှင်းပြရပါမည်။

(၂၀)မှတ်တန် မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုမည်ဆိုပါကလည်း အထက်ပါဖြေဆိုချက်အတိုင်း ဖြေဆိုသင့်ပါသည်။ ဥပမာ 'ပြည်သူ့အသုံးစရိတ်၏ သဘောသဘာဝနှင့်အမျိုးအစားများကို ရှင်းလင်းဖြေဆိုပါ'ဟူသော မေးခွန်းကို ဖြေဆိုရာတွင် ဦးစွာ ပြည်သူ့အသုံးစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပြည်သူ့အသုံးစရိတ်၏ သဘောသဘာဝနှင့် အမျိုးအစား (၅)မျိုးကို ဆက်လက်ဖော်ပြပြီး (၁)ခုချင်းစီကို ရှင်းပြရပါမည်။

မေးခွန်းနံပါတ်(၆)သည် တွက်ချက်မှုနှင့် ဉာဏ်စမ်းပုစ္ဆာကို (က)(ခ)(ဂ) ခွဲ၍ (၁၀) မှတ် စီမေးထားပြီး နှစ်သက်ရာ(၂)ခုကို ဖြေဆိုရမည်ဖြစ်သည်။ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့် ယူဆချက်မှားယွင်းပါကလည်း အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် ယင်းမေးခွန်းနှင့် ပတ်သက်၍ အထူးအလေးပေးရှင်းလင်းလိုပါသည်။

(၁) မေးခွန်းတွင် ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီး မျဉ်းကွေးများ၊ ပုံများရေးဆွဲခြင်းဖြစ်ပါက ပေးထားသည့် ကိန်းဂဏန်းပေါ်မူတည်၍ စကေးချပြီး မျဉ်းကွေးကိုတိကျစွာရေးဆွဲရမည်ဖြစ်ပါသည်။

ဥပမာ 'အားမျှခြေဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသော မေးခွန်းတွင် မေးခွန်းပါကိန်းဂဏန်းကို လေ့လာ၍ သင့်လျော်သောစကေးကို ဦးစွာချပြီး ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို မျဉ်းဖြင့်ဆက်လိုက်ခြင်းအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများကို ရရှိပါမည်။ ဤသို့ရေးဆွဲရာတွင် ပေတံဖြင့် မျဉ်းဖြောင့်အတိုင်းမဆက်ရဘဲ လက်ဖြင့် ပြေပြစ်သောမျဉ်းကွေးအဖြစ် ဆက်ရန်လိုပါသည်။ 'အားမျှခြေ'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း ထည့်သွင်းဖြေဆိုသင့်သည်။ ထို့အတူ 'ထုတ်လုပ်နိုင်မှု အခြေပြဇယား'ပေးထားပြီး မျဉ်းကွေးရေးဆွဲစေသော မေးခွန်းတွင်လည်း ဦးစွာ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖြေဆိုပြီး မေးခွန်းပါကိန်းဂဏန်းများကိုအခြေခံ၍ သင့်လျော်သော စကေးကိုချကာ ဆက်စပ်ကိန်းဂဏန်းကို စကေးအလိုက် အစက်ချရပါမည်။ ထို့နောက် ယင်းအမှတ်များကို မျဉ်းဖြင့် ဆက်လိုက်ခြင်းအားဖြင့် ထုတ်လုပ်နိုင်မှုအခြေပြ မျဉ်းကွေးကိုရရှိပါမည်။ အခွင့်အလမ်းစရိတ် တွက်ချက်မှုတွင် အခွင့်အလမ်းစရိတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်ရမည့် ပုံသေနည်းကို ဖြေဆိုပြီး မေးခွန်းတွင်မေးထားသည့် အမှတ် (၂)ခုအတွက် အခွင့်အလမ်းစရိတ်ကို တွက်ချက်ပေးရပါမည်။

(၂) အားမျှခြေတွင် ဇယားပေးပြီး အားမျှခြေ၊ ပိုလျှံဝယ်လိုအား၊ ပိုလျှံရောင်းလိုအားတို့ကို ရှာစေသည့် မေးခွန်းအပြင် ဈေးကွက်အားမျှခြေအပေါ်တွင် ဝယ်လိုအားနှင့်ရောင်းလိုအား ပြောင်းလဲခြင်းများ၏ အကျိုးသက်ရောက်ပုံကိုလည်း မေးလေ့ရှိပါသည်။ မေးခွန်းတွင် မူလရှိဈေးကွက်အခြေအနေတစ်ခုတွင် ဝယ်လိုအား(သို့)ရောင်းလိုအားကို ပြဋ္ဌာန်းသောအချက်များထဲမှ အချက်တစ်ခုခုကို ပြောင်းလဲစေခြင်းသည် လေ့လာရမည့် ဈေးကွက်အခြေအနေကို မည်သို့အကျိုးသက်ရောက်စေသည်ကို ပုံနှင့်တကွ ဖြေဆိုရမှာဖြစ်သည်။

ဥပမာ-စိုက်ပျိုးနည်းပညာအသစ်ဖော်ထုတ်လာနိုင်ခြင်းနှင့် စပါးဈေးကွက်ဆိုပါစို့။

အချပ်ပို (ခ) သို့

ကျောင်းသင်ခန်းစာ

အချပ်ပို (က)မှ

ဤမေးခွန်းကိုဖြေဆိုရာတွင် ဦးစွာမေးခွန်းကို ခေါင်းစဉ်ပြန်တပ်ရပါမည်။ ထို့နောက် ဝင်ရိုးတစ်စုံတွင် (-) လက္ခဏာဆောင်သောဝယ်လိုအားမျဉ်းကွေးနှင့် (+)လက္ခဏာဆောင်သော ရောင်းလိုအားမျဉ်းကွေးတို့ကို ရေးဆွဲပြီး ယင်းပုံ၏ အားမျှခြေအခြေအနေကို ရှင်းလင်းရပါမည်။ ရှင်းလင်းရာတွင် မူလဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများ၏ မူလအမှတ်၊ မူလအားမျှဈေးနှုန်းနှင့် မူလအားမျှခြေအရေအတွက်တို့ကို ပုံတွင်တပ်ပြထားသည့်အတိုင်း ရှင်းပြရပါမည်။

စိုက်ပျိုးနည်းပညာအသစ်ဖော်ထုတ်လာနိုင်ခြင်းနှင့် စပါးဈေးကွက်



ထို့နောက် မေးခွန်းတွင် မေးထားသည့် စိုက်ပျိုးနည်းပညာအသစ် ဖော်ထုတ်လာနိုင်ခြင်းကြောင့် စပါးစိုက်ပျိုးမှု ပိုမိုတိုးတက်လာသည့်အတွက် ရောင်းလိုအားတိုးခြင်းကိုဖြစ်ပေါ်စေပြီး ရောင်းလိုအားမျဉ်းကွေးက လက်ယာဘက်သို့ ရွေ့သွားသည်။ ထို့ကြောင့် အထက်တွင် ရေးဆွဲထားသည့်ပုံတွင် ရောင်းလိုအားမျဉ်းကွေးအသစ်တစ်ခုကို မူလရောင်းလိုအားမျဉ်း၏ ယာဘက်တွင် ထပ်ဆွဲရပါမည်။ ထိုအခါ အားမျှခြေအသစ်ကိုရရှိပြီး ယင်းအမှတ်နှင့် အားမျှဈေးနှုန်းအသစ်နှင့် အားမျှအရေအတွက်အသစ်တို့ကို ပုံတွင်တပ်ပေးရမည်။

ထို့နောက် အဖြေထုတ်ရာတွင် စိုက်ပျိုးနည်းပညာအသစ်ဖော်ထုတ်လာနိုင်ခြင်းကြောင့် စပါးစိုက်ပျိုးမှုပိုမိုတိုးတက်လာသည့်အတွက် မူလအခြေအနေမှ အားမျှဈေးနှုန်းကျဆင်းလာပြီး အားမျှအရေအတွက် တိုးလာသည်ဟု ဖြေဆိုရပါမည်။

(၃) ကိန်းဂဏန်းအချက်အလက်ကို အခြေခံပြီးတွက်ချက်စေသောမေးခွန်းတွင် မေးထားသည့် အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစားပေးဖြေဆိုရပါမည်။ ထို့နောက်မှ တွက်ချက်မှုကို ပြုလုပ်သင့်ပါမည်။ ဥပမာ - အလျော့အတင်းဆိုင်ရာ မေးခွန်းဆိုပါစို့။ အလျော့အတင်းဆိုင်ရာ တွက်ချက်မှုတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း၊ ဝင်ငွေအလျော့အတင်း၊ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအား အလျော့အတင်း ဟူ၍ (၄) မျိုးမေးနိုင်ပါသည်။ ယင်းမေးခွန်းကို ဖြေဆိုပါက ဦးစွာမေးထားသည့် အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေရပါမည်။ ထို့နောက် ပုံသေနည်းကိုဖြေပါမည်။ ထို့နောက် ပေးထားသော ကိန်းဂဏန်းကို အစားသွင်း၍ အဖြေရရှိသည်အထိ တွက်ချက်ရန်ဖြစ်သည်။ နောက်ဆုံးတွင်ရရှိလာသော အဖြေကို သုံးသပ်ရမည်ဖြစ်သည်။ သုံးသပ်ရာတွင် အလျော့အတင်းတန်ဖိုးသည် (+) သို့ (-) ထွက်ရှိခြင်း၊ (>1, <1, =1, =0) ထွက်ရှိခြင်းများအတွက် သဘောတရားများကိုအခြေခံ၍ သုံးသပ်သွားရန်ဖြစ်သည်။

ဥပမာ-အလျော့အတင်းပုစ္ဆာ (၁)ခု ဆိုပါစို့။ မောင်က၏ ဝင်ငွေသည် တစ်လလျှင် ကျပ် ၅၀၀၀၀ မှ ကျပ် ၇၅၀၀၀ သို့ တိုးလာသောအခါ မောင်က၏ တစ်လအတွင်း ဆန်ဝယ်လိုအားမှာ (၂)ပြည်မှ (၄)ပြည်သို့ တိုးလာပါက မောင်က၏ ဝယ်လိုအားပေါ် ဝင်ငွေအလျော့အတင်းကို တွက်ချက်သုံးသပ်ပြပါဟူသော မေးခွန်းကို အောက်ပါအတိုင်းဖြေဆိုရန်ဖြစ်သည်။

- ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းအဓိပ္ပာယ်ကို ဖြေဆိုရန်
- ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းပုံသေနည်းကို ဖြေဆိုရန်
- တွက်ချက်ရန် (၂)မျိုး တွက်ချက်နိုင်သည်။ ပုံသေနည်းတွင် တိုက်ရိုက်အစားသွင်း တွက်ချက်ခြင်းနှင့် (၂)အဆင့်လိုက် တွက်ချက်ခြင်း

(၁) ပုံသေနည်းတွင် တိုက်ရိုက်အစားသွင်း တွက်ချက်ခြင်းအရတွက်ချက်ပါက

$$Em = \frac{\Delta Q}{\Delta M} \cdot \frac{M}{Q} = \frac{4-2}{75000-50000} \times \frac{50000}{2} = \frac{2}{25000} \times \frac{50000}{2} = 2$$

အဆင့်လိုက်တွက်ချက်ခြင်း အရတွက်ချက်ပါက

ဝင်ငွေပြောင်းလဲမှု % $= \frac{\Delta M}{M} = \frac{75000-50000}{50000} \times 100 = 50\%$

အရေအတွက်ပြောင်းလဲမှု % $= \frac{\Delta Q}{Q} = \frac{4-2}{2} \times 100 = 100\%$

$$\therefore Em = \frac{\text{အရေအတွက်ပြောင်းလဲမှု\%}}{\text{ဝင်ငွေပြောင်းလဲမှု\%}} = \frac{100}{50} = 2$$

ယင်းအဖြေပေါ်မူတည်၍ သုံးသပ်ရာတွင် -

(က) ဝင်ငွေ ၁% တိုးလာပါက ဆန်ဝယ်ယူသည့် အရေအတွက် ၂% တိုးသွားသည်ကို ဖော်ပြသည်။

(ခ) အလျော့အတင်းတန်ဖိုးသည် (+) ကိန်းဖြစ်သောကြောင့် ဝင်ငွေတိုးခြင်းသည် ဝယ်လိုအားအရေအတွက်ကို တိုးစေသောကြောင့် လေ့လာနေသော ကုန်စည်သည် သာမန်ကုန်စည်ဖြစ်သည် ဟူ၍ ဖြေဆိုရန်ဖြစ်သည်။ အလျော့အတင်းနှင့် ပတ်သက်၍ မေးခွန်းမေးရာတွင် အထက်တွင်ဖော်ပြထားသည့်အတိုင်း စာကြောင်းဖြင့် မေးခွန်းမျိုးမေးနိုင်သလို မေးခွန်းပါအချက်အလက်များကို ဇယားပုံစံဖြင့်လည်း မေးနိုင်ပါသည်။

(၄) တိုင်းပြည်ဝင်ငွေ တွက်ချက်နည်းဆိုင်ရာ မေးခွန်းများအတွက် တိုင်းပြည်ဝင်ငွေ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပုစ္ဆာတွင်မေးထားသည့် တွက်ချက်နည်း (ကုန်ထွက်၊ ဝင်ငွေ၊ အသုံးစရိတ်)တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ထည့်သွင်းဖြေဆိုရန်လိုပါသည်။ ထို့နောက် တွက်ချက်မှုကို ဆက်လက်ဖြေဆိုရန်ဖြစ်သည်။ များသောအားဖြင့် GDP, GNP, NNP နှင့် တစ်ဦးကျဝင်ငွေအထိ မေးလေ့ရှိသည်။ သတိပြုရန်အချက်မှာ ပေးထားသော ကိန်းဂဏန်းများ၏ ယူနစ်ကို ပြန်သုံးရန်ဖြစ်သည်။ ဆိုလိုသည်မှာ ပေးထားသည့်တန်ဖိုးမှာ ကျပ်သိန်းပေါင်းဆိုပါက ဖြေဆိုရာတွင် ကျပ်သိန်းပေါင်း၊ ကျပ်သန်းပေါင်းဆိုပါက ကျပ်သန်းပေါင်းဖြင့် တွက်ချက်ဖော်ပြရမည်ဖြစ်သည်။

(၅) ငွေကြေးအရေအတွက်သီအိုရီမေးခွန်းတွင် ငွေကြေးပမာဏ၊ ဈေးနှုန်းနှင့် ကုန်စည်အရေအတွက်တို့ကို ပေးထားပြီး ငွေကြေးလှည့်ပတ်မှုအရှိန်ကို ရှာရန်မေးလေ့ရှိပါသည်။ ပထမဦးစွာ ငွေကြေးအရေအတွက်သီအိုရီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် ပေးထားချက်များကိုအခြေခံ၍ တွက်ချက်ရန်ဖြစ်ပါသည်။

(၆) အခွန်စည်းကြပ်မှုနှုန်းနှင့် ပတ်သက်၍ ဝင်ငွေအဆင့်အလိုက် စည်းကြပ်သည့်အခွန်နှုန်းကို တွက်ချက်ပြီး ယင်းအခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပြခိုင်းလေ့ရှိသည်။ အိမ်ထောင်စု(၃)ခု၏ ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရမည့်ပမာဏကို ဇယားတွင်ဖော်ပြထားပြီး အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကိုရှာကာ ယင်းဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကို သုံးသပ်ပါဟု မေးလေ့ရှိပါသည်။ ဦးစွာ မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုပြီး အိမ်ထောင်စု (၁) ခုချင်းစီ၏အခွန်ပမာဏကို တွက်ချက်သုံးသပ်ရမည်ဖြစ်သည်။

(၇) ကုန်ဖလှယ်မှုအချိုးနှင့်ပတ်သက်၍ အခြေခံနှစ်နှင့်အခြားနှစ်(၂)ခုတို့၏ ပို့ကုန်ဈေးဆနှုန်းကိန်းနှင့် သွင်းကုန်ဈေးဆနှုန်းကိန်းတို့ကို ပေးထားပြီး ယင်းနှစ်များ၏ ကုန်ဖလှယ်မှုအချိုးကိုတွက်ချက်ကာ အချိုးပြောင်းလဲခြင်းများကို သုံးသပ်ပြစေလေ့ရှိပါသည်။ ဦးစွာ ကုန်ဖလှယ်မှုအချိုး၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြေဆိုရပါမည်။ ထို့နောက် (၃) နှစ်စလုံး၏ ကုန်ဖလှယ်မှုအချိုးကို (၁) နှစ်စီ တွက်ချက်ရပါမည်။ ထိုအခါ အခြေခံနှစ်၏ ကုန်ဖလှယ်မှုအချိုးသည် (၁၀၀)ဖြစ်ပြီး ကျန် (၂)နှစ်တွင် ထွက်ရှိသောအဖြေသည် (၁၀၀)ထက်နည်းပါက အခွင့်မသာသော (သို့) ကျဆင်းသောကုန်ဖလှယ်မှုဟု သုံးသပ်ပြီး (၁၀၀)ထက်များပါက အခွင့်သာသော (သို့)တိုးတက်သော ကုန်ဖလှယ်မှုဟု သုံးသပ်ဖြေဆိုရပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာကို ဖြေဆိုရန်အတွက် ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နားလည်သဘောပေါက်အောင်လေ့လာပြီး ကျေညက်အောင်မှတ်သားထားပါက အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာ ဖြစ်ပါသည်။ ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး အောင်မြင်ပါစေဟု ဆုတောင်းရင်း ပို့ချချက်ကို ရပ်နားလိုက်ပါသည်။

(ဒေါ်ဖြူဖြူအိ၊ ပါမောက္ခ/ဌာနမှူး၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)

အဆိုပြုလွှာခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရှစ်ထပ်ခွဲအဆောက်အအုံ Hotel အသစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် အဆိုပြုလွှာပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လျှပ်စစ်မီးသွယ်တန်းခြင်း
(ခ) ရေလိုင်းသွယ်တန်းခြင်း
(ဂ) ဆက်သွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာတပ်ဆင်ခြင်း
(Telephone PABX System, CCTV, TV, Satellite TV System)

အဆိုပြုလွှာအတွက် လိုအပ်သော Drawing တစ်စုံကို ကျပ်ငွေ ၅၀၀၀ ဖြင့် အောက်ပါလိပ်စာအတိုင်း လာရောက်ထုတ်ယူနိုင်ပါသည်။

အဆိုပြုလွှာတွင် လုပ်ငန်းပိုင်းဆိုင်ရာအတွေ့အကြုံများနှင့်အတူ လုပ်ငန်းအကောင်အထည်ဖော်မည့်အစီအစဉ် စုစုပေါင်းကုန်ကျမည့်ငွေကြေးပမာဏတို့ကို တွက်ချက်ပေးရပါမည်။ အဆိုပြုလွှာများအား ၁၁-၂-၂၀၁၅ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားရပါမည်။

ဆက်သွယ်ရန်လိပ်စာ - အမှတ်(၂၆) မြေညီထပ်၊ ၄၃ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၂၀၂၅၄၀၊ ၂၉၈၉၄၃ Email: innpaukwa@gmail.com

အိမ်နှင့်ခြံ အမြန်ရောင်းမည်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၏ အိမ်ခြံမြေဈေးကွက် အမြင့်ဆုံးတည်ရှိရာ ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် ဘုရားလမ်းထောင့်အနီးရှိ အရှေ့ဘက်လှည့် ခြံမျက်နှာစာ အကျယ် ၇၅ပေ×နောက်အရှည် ၈၁ပေ၊ အုတ်ညှပ်တစ်ထပ်အိမ်တစ်လုံးပါ၊ ဘိုးဘွားပိုင်မြေ အရှုပ်အရှင်းကင်း၊ လက်ရှိနေထိုင်သူ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ဘဏ်/ဟိုတယ်/ဆေးရုံဖွင့်ရန် နေရာကောင်း/ခြံဝယ်စုသူများ ဝယ်ယူပြီး (၂)နှစ်အတွင်း ထက်ဝက်မြတ်နိုင်သည့် နေရာကောင်း၊ ညှိနှိုင်းဈေးဖြင့် ရောင်းပေးမည်။

ဖုန်း-၀၉-၄၃၀၁၈၂၅၇၊ ၀၉-၂၅၀၇၁၄၉၇၀၊ ၀၉-၇၉၄၁၉၇၇၉၇

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၈၇၊ မြေကွက်အမှတ်(၅၃၇/ခ) မြေကွက်ရရှိထားသူ ဦးသန်းဦး-ဒေါ်ပြုံးကြည် ၁၂/သကတ(နိုင်)၀၀၇၃၄၁၊ ၁၂/သကတ(နိုင်)၀၁၆၄၄၁ မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၇)**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန်ကြေညာချက်

ကျွန်တော် ဦးတင်စိုး (ဘ)ဦးသာထွန်း ၁၁/ပတန(နိုင်)၀၂၁၄၉၆၊ အမှတ် ခ/၁၃၊ စာတိုက် ၂ လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်နေသူမှ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူလမ်းသွယ်၊ အမှတ်(၁၅)ဟု ခေါ်တွင်သော ပေ၂၀×ပေ၆၀ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဂရန်အမည်ပေါက်သူ ဦးအောင်သိန်းမှတစ်ဆင့် ၇-၆-၁၉၉၆ ရက်စွဲပါ အိမ်မြေအရောင်းအဝယ်ကတိစာချုပ်အရ ဦးမြင့်စိုး ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ကျွန်ုပ်၏အမှုသည် ဦးတင်စိုးမှ ယုံကြည်၍ ၇-၂-၂၀၁၂ ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်အပြီးသတ်ငွေချေခြင်း ကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဟင်္သာတမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး မှတ်ပုံတင်အမှတ် ၃/၂၀၁၂ ဖြင့် ကိုယ်စားလှယ်လွှဲစာ ဒေါ်ကြည်မှ လွှဲအပ်ပြီးခဲ့ကြောင်း အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဦးမြင့်စိုးမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာန သာကေတ/ပုံ ၂၂၈/၁၂ မြေပုံကူး(ပိုင်ဆိုင်)ဖြင့် လျှောက်ထားလာသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏အမှုသည်မှ သဘောရိုးဖြင့် ယုံကြည်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည် ဦးတင်စိုး ပိုင်ဆိုင်မှုအပေါ် မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကျွန်ုပ်ကြေညာလိုက်ပါသည်။

ဦးအေးမောင်
တရားလွှတ်တော်ရှေ့နေ
စဉ်-၇၆၀၃
ဖုန်း-၀၉-၇၃၁၉၆၀၅၆



ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၇၄၇၈ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ထွေး ၉/ခအဇ(နိုင်)၀၄၆၃၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဦးကျော်မြင့်နှင့် ဦးဘိုဘိုဦး မန်နေဂျင်းဒါရိုက်တာ (Gread Father Land Construction & Decoration) သိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိန်းကြိုင်နှင့် ဦးကျော်မြင့်၊ ဦးဘိုဘိုဦးတို့သည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ဒီပါလမ်း၊ အမှတ် ၁၆၅(ပေ ၄၀×ပေ၆၀) နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် RC သုံးထပ်တိုက်ဆောက်လုပ်ရန် ၁-၄-၂၀၁၄ ရက်က နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ ထိုသို့စာချုပ်ချုပ်ဆိုပြီးနောက် ဦးကျော်မြင့်နှင့် မန်နေဂျင်းဒါရိုက်တာ ဦးဘိုဘိုဦးတို့ကို အဆောက်အအုံဆောက်လုပ်ရန်အတွက် ကျပ် ၅၀၀၀၀၀၀၀/-(ကျပ်သိန်းငါးရာ)ပေးအပ်ခဲ့ပါသည်။ သို့ရာတွင် အဆောက်အအုံကို တစ်ပိုင်းတစ်စသာဆောက်လုပ်ပြီး ဆက်လက်ဆောက်လုပ်ခြင်းမရှိတော့ပါ။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အဆောက်အအုံဆောက်လုပ်ခြင်းကို ကျွန်ုပ်၏မိတ်ဆွေက ကုန်ကျခံကာ ဆက်လက်ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ ဆောက်လုပ်ရန်ကျန်ရှိသည့် အဆောက်အအုံကုန်ကျစရိတ်များကို ဦးကျော်မြင့်နှင့် ဦးဘိုဘိုဦးတို့မှ ကုန်ကျခံရမည်ဖြစ်ကြောင်း၊ ကျခံမှုမရှိပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်သိန်းကြိုင်
၁၁/စတန(နိုင်)၀၁၀၃၅၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဝင်း(စစ်တွေ)
တရားလွှတ်တော်ရှေ့နေ(၇၀၆၀)
တိုက် ၂၇၄၊ အခန်း(၁၅)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၇၀၃၃

ကြော်ငြာ

HDPE Blow နှင့် Mineral Salt အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်**

စဉ်	ကုန်ကြမ်းပစ္စည်းအမည်	အရေအတွက်
(က)	HDPE Blow	၁၂ တန်
(ခ)	Mineral Salt	၁၀ တန်

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၁-၂-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ
၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁) ဆေးဝါးစက်ရုံ (ရန်ကုန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)၊ **ဖုန်း-၀၆၇-၄၀၈၀၇၆၊**
ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊ **ဖုန်း-၀၆၇-၄၀၈၃၅၄**
နေပြည်တော်

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန(MIEDC)တွင် ဖေဖော်ဝါရီလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

General Management Course for Entrepreneurs

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၉-၂-၂၀၁၅ ရက်မှ ၁၉-၂-၂၀၁၅ ရက် (ညနေပိုင်း ၈ ရက်သင်တန်း)
သင်တန်းကြေး - ၄၀၀၀၀ (ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆

---

(၁၅)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည် ဆုတောင်းလွှာ

ချစ်သား Capt ကျော်ကျော်နှင့် ချစ်သမီး ဒေါက်တာမြစန္ဒီအောင်တို့၏ ၅-၂-၂၀၁၅ရက်တွင်ကျရောက်သော (၁၅)နှစ်ပြည့် (သလင်းရတု) မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ရသော တစ်ဦးတည်းသော သားလေး မောင်ဉာဏ်ကျော်ဇေနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို အစဉ်ထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်.....

နှစ်ဖက်သောမိဘများနှင့် ညီအစ်ကိုမောင်နှမများ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-
မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း
(က) စက်နှင့်စက်အရံပစ္စည်းများ- Variable Frequency Drive(VFD), Special Spriral Hose
(ခ) စက်ဆီချောဆီ- Lube Oil (6) Items
နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း
(က) ဓာတုဗေဒပစ္စည်းများ- Silica Gel, Fluorescent Indicator Dyed Gel
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၂-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၃-၃-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

ကျန်းမာရေးဦးစီးဌာန
ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လားရှိုးမြို့၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၃-၂-၂၀၁၅ ရက်
စတင်ရောင်းချမည့်ရက်
နောက်ဆုံးရောင်းချမည့်ရက် - ၁၀-၂-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၉-၂-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ
တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၀-၂-၂၀၁၅ ရက် မွန်းလွဲ ၁း၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့
ဖုန်း-၀၈၂-၃၀၃၇၁၊ ၀၈၂-၂၂၉၄၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(လားရှိုး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(လားရှိုး)တွင် အလျား(၂၇၀၀)ပေအား Chain Link ကာရံခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူများအား တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၂-၂၀၁၅ရက်မှ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(လားရှိုး)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၉-၂-၂၀၁၅ ရက် ညနေ ၁၆း၃၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(လားရှိုး) ဖုန်း-၀၉-၂၅၉၁၈၃၀၄၇၊ ၀၉-၅၂၆၂၆၂၈ သို့ စုံစမ်းနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(လားရှိုး)

ဖားကန့်မြို့နယ်၊ ဖားကန့်ကားကြီးဝင်းနှင့် လုံးခင်းကားကြီးဝင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက်
တင်ဒါခေါ်ယူခြင်း

၁။ ဖားကန့်မြို့နယ်၊ မရိုကထောင်ရပ်ကွက်၊ ဥရုချောင်းဘေးရှိ မြေဧရိယာ ၁၃ဒသမ ၇ဧကတွင် ဖားကန့်ကားကြီးဝင်းနှင့် လုံးခင်းကျေးရွာ၊ ဥရုချောင်းဘေးကာဘောင်ရှိ မြေဧရိယာ ၅ဧကတွင် လုံးခင်းကားကြီးဝင်းတို့ကို တည်ဆောက်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်မည့်ပုံစံများနှင့် ဆောင်ရွက်မည့်အစီအစဉ်များအား အဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်။
၂။ တင်ဒါလျှောက်လွှာများကို ၁၅-၂-၂၀၁၅ရက်မှစ၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အဆိုပြုပုံစံတင်ဒါများကို ၁၅-၃-၂၀၁၅ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ တင်သွင်းရမည်။ အဆိုပြုတင်ဒါပုံစံများကို လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄၊ ၀၇၄-၇၀၄၃၂
တင်ဒါစိစစ်ရေးနှင့်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ
မြစ်ကြီးနားမြို့

ရောင်းရန်ရှိသည်။

အသုံးပြုနေဆဲ ပလတ်စတစ် PET ဗူးမှုတ်စက် (Blowing Machines) ကျွဲ/ထုတ်စက်အဖုံးထုတ်စက် (Injection Machines -260 PET ,380 PET များရောင်းရန်ရှိသည်။ ဆက်သွယ်ရန် -၀၁၊ ၆၁၈၂၉၀ ၊ ၆၁၈၂၉၁ (Ext : 102) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပါရန်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကြော်ငြာ

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

• သံဝေဇနီယလေးဌာနနှင့် အဓိဟဘိတာ ဗုဒ္ဓဌာနများ၊ နယူးဒေလီ ကမ္ဘာ့အဂ္ဂရာ တင်မြောဟာ ဓနရောဂါများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် — ၉-၅ သိန်း

(ခရီးစဉ်/ ၁၅ ရက် ခရီးများ Mar 1,22,29 Apr 5,11,12)

538348, 537707, 537708, 09 500 1763, 09 501 3737, 09 256174414, 09 516 4664

545215, 545216, 555173

09 402 64 8980, 09 5300305

AUNG Auto Service
Authorized G-Scan Distributor

Korea နိုင်ငံ Git Company မှ ထုတ်လုပ်သော ... G-Scan 2 ...

Car, Truck, Bus များ၏ ABS, SRS, DPF စနစ်များ Wiring ပြဿနာများအား ...

EFI Computer Control Training သင်တန်း ...

Car Black Box များအား ...

ပညာမြင်းမိုရ်၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာတို့ ... ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ်-ကကက၁၃/၀၉/၀၂၈

ပညာမြင်းမိုရ်

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

၅-တန်းမှ ၁၀-တန်းအထိ

Computer, Language, Speaking, Music ...

ဖုန်း- 09 31233275, 01-562830, 09 73004720, 09 259258407 ... Guide ...

ICEC

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ပညာရေး ဘော်ဒါ

သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

• ကျောင်းသားဦးရေ ကန့်သတ်ထားပါ၍ ကြိုတင်အပ်နှံပေးကြပါရန် •

(A-5)၊ ...

(၂)နှစ်ပြည့် သတိရအမျှပေးဝေခြင်း

ဦးတင်ယု

အကယ်ဒမီဒါရိုက်တာ(မြန်နန္ဒာရုပ်ရှင်ထုတ်လုပ်ရေး)

ဝိဇ္ဇာပညာထူးချွန်ဆု၊ တစ်သက်တာဆု

မြို့မကျောင်းသားဟောင်း

ဒါရိုက်တာဦးတင်ယု သတိရအမျှပေးဝေခြင်းအား မဟာသုခါရာမကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဦးဝိရောစန (ဒွိပိဋကဓရ)အား အမှူးထား၍ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသော ကုသိုလ်ကောင်းမှုအစုစုအား အမျှပေးဝေပါသည်။

ဇနီး ဒေါ်မြင့်မြင့်ရီမိသားစု

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဦးသန်းရှိန်၏သား မြိတ်မြို့၊ အင်းလေးကမ်းရပ်နေ၊ အိုးလုပ်ပြင်၊ မူလတန်းလွန်ကျောင်း၊ ဆဋ္ဌမတန်းမှ မောင်နေကျော်ခဲ၏အမည်မှန်မှာ မောင်စိုင်းကိုကိုထွေးဖြစ်ပါကြောင်းနှင့် မောင်စိုင်းကိုကိုထွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၇-၁၃၆၄ ဖြစ်ပါကြောင်း။

မောင်စိုင်းကိုကိုထွေး ၄-၇-၁၃၆၄

Ph:01-560567, 09-31261260

ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၁-၂၀၁၅ရက်ထုတ် စာမျက်နှာ ၂၅ပါ မြို့တော်စည်ပင်၏ တောင်ဥက္ကလာပမြို့နယ် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာတွင် အစ်မတော်စပ်သူ ဒေါ်လှမြင့် ၁၂/ဥကတ(နိုင်)၀၁၈၃၈၈ အစား သမီးတော်စပ်သူ ဒေါ်လှမြင့် ၁၂/ဥကတ(နိုင်)၀၁၈၃၈၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

အလက(၁) ဒဂုံ၊ ပထမတန်း(C)မှ မောင်ဘုန်းပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးထိန်ဝင်းချစ် ဖြစ်ပါကြောင်း။

ဦးထိန်ဝင်းချစ်
၁/မကန(နိုင်)၀၁၂၃၆၅

SEVEN ဝံ

မြေကွက်ရောင်းဝယ်ရေး

ပျံ-၅-ကျောင်း သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို

Ph. D. (Alternative Medicines)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၄ယ/၉၄၅၅၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ငုဝါလွင် ၁၀/ပမန(နိုင်)၁၃၃၂၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၈/၄၂၇၆ Toyota Corolla ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမြင့် ၁၃/တခလ(နိုင်)၀၂၃၀၄၄ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံမြို့

အမည်ပြောင်းရန်

ဦးသက်လွင်ဦး ၉/မနမ(နိုင်)၀၉၂၅၇၄- ဒေါ်ကြည်ကြည်အေး KKI-၁၅၈၀၀၀ ၏ သမီး အထက သတ္တမတန်း(င)နမ့်ဖက်ကာမှ မဆိုင်ဆန့်အား မခင်လေးနွယ်ဟု ခေါ်ဆိုပါရန်။ **မခင်လေးနွယ်**

၂၀၁၅-ခုနှစ်အတွက် ...

၂၀၁၅-ခုနှစ်

စံ:ကာကာဘို

၁၂-ရာသီပေဟာကိန်း

ထွက်ပြီ

ဥယျာဉ်ခြံမြေရောင်းမည်

Ph:09-259261129, 09-259261130

ဝန်ထမ်းအလိုရှိသည်

1. Network Senior Engineer — Male/ Female (3)Posts

2. Network Technician — Male/ Female (3)Posts

3. Sales and Marketing — Female (3)Posts

IT/Telecom/ Computer (Service and Networking) ...

Computer, Email/Internet ...

CV Form ...

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ယ/၆၂၃၉၀ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသန်း ၈/မလန(နိုင်)၀၅၈၆၆၇က(ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး(မကွေး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၇၀၃၅ မစ်ဆူဘီရှီ ပါဂျဲရိုး(စတေးရှင်ဝက်ဂွန်) ယာဉ်လက်ဝယ်ရှိသူ အထူးဒေသ(၁) ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

ပြင်ဆင်ဖတ်ရှုပါရန်

(၃၀-၁-၂၀၁၅)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၆)တွင်ပါရှိသော ကန့်ကွက်နိုင်ပါသည်ကြော်ငြာခြင်းတွင် အမှတ် ၁၂/၇၈ ဟုဖော်ပြထားရာ အမှတ် ၁၂/၉၈ ဟု ပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။